# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ နယုန်လဆန်း (၂)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (28-5-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၂၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဝန်ကြီးရုံးအဆောက်အအုံများကို ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များ လမ်းညွှန်မှာကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအဆောက်အအုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော်  မေ ၂၇**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအဆောက်အအုံနှင့် အလုပ်သမားဝန်ကြီးဌာနရုံးအဆောက်အအုံတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့လိုက်လံကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအဆောက်အအုံသို့ ရောက်ရှိကြပြီး အပျက်အစီးများဖယ်ရှားရှင်းလင်းပြီးစီးမှု၊ အန္တရာယ်ရှိသည့် အပျက်အစီးများအား ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ရုံးခန်းအဆောက်အအုံများ၌ ထိခိုက်ပျက်စီးမှု၊ ရုံးအဆောက်အအုံရှေ့၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များအား လမ်းညွှန်မှာကြားသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐




ရတနာပုံ
၂၀၂၅ ခုနှစ် မေ ၂၈ ရက်
အယ်ဒီတာ့အာဘော်

# စည်းလုံးညီညွတ်မှုဖြင့် နိုင်ငံ့အကျိုးဖော်ဆောင်

နိုင်ငံတိုင်းသည် မိမိနိုင်ငံ မပြိုကွဲ၊ မပျက်စီးစေရန် ကာကွယ်ထိန်းသိမ်းမှုများ ပြုလုပ်ကြရပြီး နိုင်ငံ့အကျိုး၊ နိုင်ငံသူ၊ နိုင်ငံသားများအကျိုးအတွက် နိုင်ငံသူ၊ နိုင်ငံသားများအားလုံးက အတူတကွ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ထိုသို့ အတူတကွ ကြိုးပမ်းဆောင်ရွက်ရာ၌ စည်းလုံးညီညွတ်ခြင်းသည် အရေးကြီးလှသည်။

စည်းလုံးညီညွတ်မှုဟူသည် တစ်ဦးတစ်ယောက်တည်းနှင့် တည်ဆောက်၍မရသကဲ့သို့ နှစ်ကာလ ရှည်ကြာစွာ အချိန်ပေး၍ တည်ဆောက်ထားသည်ကို သိနားလည်ကြရပေမည်။ လက်ရှိကာလသည် မြန်မာတိုင်းရင်းသားများအနေဖြင့် ယခင်ကထက်ပို၍ ထင်းစည်းတစ်စည်းအသွင် ကျစ်ကျစ်လျစ်လျစ်နှင့် စည်းလုံးကြရမည့်အချိန်ဖြစ်ပေသည်။ နိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်နေမှသာ ပြည်ပနိုင်ငံများနှင့်ပြည်တွင်းရှိ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများ၏ တိုင်းရင်းသားအချင်းချင်းကြား သွေးကွဲသွားအောင် ဖန်တီးလုပ်ဆောင်မှုများ၊ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို မလိုလားသည့် သွေးထိုးလှုံ့ဆော်မှုများကို အလွယ်တကူပင် ကျော်လွှားကာ တစ်နိုင်ငံလုံး၏ အကျိုးစီးပွား၊ ပြည်သူလူထုတစ်ရပ်လုံး၏ ကောင်းကျိုးချမ်းသာများ ဖြစ်တည်လာမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား မေလ ၂၅ ရက် နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌လက်ခံတွေ့ဆုံစဉ် **“မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံတော်တစ်ခုဖြစ်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းနေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီရင်းအစ်ကို မောင်နှမများအားလုံးအနေဖြင့် စည်းစည်းလုံးလုံးဖြင့် နိုင်ငံ့အကျိုးကို ဖော်ဆောင်သွားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း”** စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)အဖွဲ့သည်နိုင်ငံတော်မှချမှတ်ထားသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးစသည့် ဒို့တာဝန်အရေးသုံးပါးကို အလေးထားဆောင်ရွက်လျက်ရှိသည့် အဖွဲ့ဖြစ်သည်။ ဒေသတွင်းနှင့် နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းရေးလုပ်ငန်းရပ်များအတွက် နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ဒေသအတွင်း မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းနှင့် မည်သည့် နိုင်ငံရေးအဖွဲ့အစည်းကိုမျှ လက်ခံထားခြင်းမရှိဘဲ စည်းစည်းလုံးလုံးဖြင့် ဒေသအကျိုး၊ နိုင်ငံ အကျိုးဆောင်ရွက်နေသည်ကို ကြိုဆိုမိပါသည်။

မိမိတို့၏ ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ နိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများအကြားတွင် တစ်သားတည်းဖြစ်နေသော ချစ်ကြည်ရင်းနှီးမှုများ၊ စည်းလုံးညီညွတ်မှုများဖြင့် နိုင်ငံတော်ကြီး၏ တည်ငြိမ်အေးချမ်းရေး၊ တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အားကြိုးမာန်တက် စုပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရသည်မှာ ဂုဏ်ယူဖွယ်ရာပင်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၉၉၉၉ ဧက လျာထားစိုက်ပျိုးမည်


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ မေ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၉၉၉၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၉၉၉၉ ဧက စိုက်ပျိုးရန် လျာထားပြီးသတ်မှတ်စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဇွန်လ ပထမပတ်တွင် စိုက်ပျိုးရေများ ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး ဇူလိုင်လမှ စက်တင်ဘာလကုန်ထိ စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စပါး ၆၉၉၉၉ဧက စိုက်ပျိုးသွားဖို့ လျာထားပါတယ်။ သတ်မှတ်လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့၊ တစ်ဧက ပန်းတိုင်အထွက်နှုန်းများ ရရှိဖို့နဲ့ အချိန်မီ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို ပံ့ပိုးကူညီပေးသွားမှာဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိစေဖို့ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာနဲ့မျိုးတွေ ရရှိအောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများ ကောင်းမွန်စေရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းပြီး စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကိုအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ထိုင်းဘေးကျားစပါးတင်းရေ ၆၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင် မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်း ထိုင်းဘေးကျားစပါးတင်းရေ ၆၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်းက ထိုင်းဘေးကျားစပါးတင်းရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ထိုင်းဘေးကျား စပါးတင်းရေ ၆၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဧပြီလအတွင်းက ထိုင်းဘေးကျား စပါးတင်းရေ ၆၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျား အမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်တယ်။ အဲဒီ စပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့အားတက်ခဲ့တာ ဖြစ်ပါတယ်။ ပြည်တွင်းဆန်၊ စပါး ဈေးကွက်မှာကို စပါးက အဝယ်လိုက်နေတာပါ"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ကျော်ကျော်လင်း

# ပေါင်းတည်မြို့နယ် ကြုံးကြုံးကျကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ပေါင်းတည် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကြုံးကြုံးကျကျေးရွာ၌ မြေနီလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် ဝန်ထမ်းများက ကြုံးကြုံးကျကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကြုံးကြုံးကျကျေးရွာတွင် အရှည်ပေ ၂၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိမြေနီလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၄ ဒသမ ၉ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၃၅၈၃၄ သန်းစုစုပေါင်း ငွေကျပ် ၂၀ ဒသမ ၂၅၈၃၄ သန်းဖြင့် ၂၀၂၅ ခုနှစ် မေလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် မြေနီလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ကြောင်းနှင့် ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။ **အေးမြတ်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရွှေကျင်မြို့နယ် တံခွန်တိုင်ကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရွှေကျင် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တံခွန်တိုင်ကျေးရွာ၌ ၁၂ ကြိမ်မြောက်မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေကျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နော်ထူးဘိုနှင့် ဝန်ထမ်းများက တံခွန်တိုင်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၈၅ ဒသမ ၆၁ သန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

တံခွန်တိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၇၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၈၅ ဒသမ ၆၁ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း ရွှေကျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နော်ထူးဘိုက ပြောပြ၍ သိရသည်။

**ချိုလေး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့် သားဖြစ်သူ ဒုတိယဗိုလ်မှူးကြီး သူရသန့်ဇင်ဦးတို့အားရည်စူး၍ မန္တလေးမြို့ ရဲမွန်တောင်ရပ်နေ ဦးကံဆောင်-ဒေါ်ထွေးထွေး မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ခန္တီးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၈၂၇၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ခန္တီး မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၈၂၇၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္တီးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၈၂၇၉ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ခန္တီးမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီ မိုးစပါးဧက ၈၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးသွားမှာပါ။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မှီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးသွားမှာပါ" ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္တီးမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေး အသုံးပြုနည်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခန္တီးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ပြည်ပသို့ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်ရွှေမြို့နယ် ကုန်းခြ(ထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ညောင်ရွှေ မေ ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ သလဲဦးကျေးရွာအုပ်စု ကုန်းခြ(ထက်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားသောလုပ်ငန်းများကို မေ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကုန်းခြ(ထက်) ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၀ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကုန်းခြ(ထက်)ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၃၀ ဒသမ ၅ သန်းကို ထုတ်ချေးပေးထားကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဟင်္သာတမြို့နယ်မှထွက်ရှိသည့် ရင်ကွဲသရက်သီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဟင်္သာတ မေ ၂၇**


ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ဒေသထွက် ရင်ကွဲသရက်သီးများဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟင်္သာတမြို့နယ်မှ သရက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဟင်္သာတမြို့နယ်တွင် ဒေသထွက် ရင်ကွဲသရက်သီးများ ဈေးကွက်အတွင်း ယခုနှစ် မေလ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး တစ်ရက်လျှင် သရက်သီးအလုံးရေ ၄၅၀၀၀ မှ ၅၅၀၀၀ ထိ ဝယ်ယူမှုအားကောင်းမွန်လာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ သရက်သီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၇၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ သရက်သီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေတယ်။ လက်ရှိ တစ်ရက်ကို သရက်သီး အလုံးရေ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခု အရောင်းအဝယ် ကောင်းနေတဲ့ သရက်သီးတွေက အရည်သွေးကောင်းပြီး လတ်ဆတ်ပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခုလို ဒေသထွက်ကုန် သရက်သီးတွေ ဝယ်ယူအားကောင်းလာတော့ သရက်စိုက်ပျိုးတဲ့ တောင်သူတွေ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်" ဟု ဟင်္သာတမြို့နယ်မှ သရက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဟင်္သာတမြို့နယ်တွင် လက်ရှိ ရင်ကွဲသရက်သီးများအပါအဝင် ဒေသထွက် သရက်သီးများ ပေါ်နေသည့်အချိန်ဖြစ်ကာ အဆိုပါဒေသထွက် သရက်သီးများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့် ကုန်စည်များသယ်ယူရသည့် ကုန်ကျစရိတ်သက်သာခြင်း၊ ကုန်ပစ္စည်းလတ်ဆတ်မှုရှိခြင်း စသည့်အကျိုးကျေးဇူးများကြောင့် သရက်စိုက်ပျိုးသူနှင့် ပွဲရုံပိုင်ရှင်များ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# စိုးမင်းကြီးကျောက်စာ

**မောင်သာ(ရှေးဟောင်းသုတေသန)**

**❖စိုးမင်းကြီးကျောက်စာဟု ထင်ရှားသည့် အလှူကျောက်စာသည် တစ်မျက်နှာထိုးကျောက်စာဖြစ်၍ စာကြောင်းရေ ၁၈ ကြောင်း ရေးထိုးထားသည်။ ထိုကျောက်စာကို ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများစာအုပ်ဒုတိယတွဲတွင် မဟာသမန်းကြီးသမီး စိုးမင်းကြီးကျောက်စာ၊ သက္ကရာဇ် ၆၂၁ ခုနှစ်ဟုဖော်ပြထားသည်။ ကျောက်စာကို နမော လောက နာထာယဟူသည့် ဘုရားရှိခိုးပါဠိစာသားဖြင့် အစချီထားသည်။ သို့သော် ခမည်းတော် မဟာသမန်းနှင့် မယားရေးထိုးသည့် ကျောက်စာကဲ့သို့ ပါဠိဘာသာကို အသုံးမပြုဘဲ မြန်မာဘာသာဖြင့်သာ ဆက်လက်ရေးထိုးခဲ့သည်။ ❖**

ပုဂံမြို့ဟောင်း ထိလှကုန်းအရပ်တွင် တည်ရှိသည့် စေတီ၊ ပုထိုးနှင့် ရှေးဟောင်းအဆောက်အအုံများတွင် စိုးမင်းကြီးကျောင်းတိုက်ဟောင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ စိုးမင်းကြီးကျောင်းသည် ပုဂံမြို့ဟောင်းအရှေ့ပိုင်းတွင်တည်ရှိ၍ ရှင်အဓ္ဓဂေါဏဘုရားနှင့် ကိုက် ၂၀၀ သာကွာဝေးသည်။ ထိုစိုးမင်းကြီးကျောင်းသည် လူသိများသော စိုးမင်းကြီးအုတ်ကျောင်းမဟုတ်ချေ။

စိုးမင်းကြီးကျောင်းတိုက် အဆောက်အအုံကို ယူနက်စကိုမှ ပညာရှင် မစ္စတာပစ်ချတ်ကောက်ယူခဲ့သည့် Pagan Inventory စာအုပ်တွင် အမည်ဖော်ပြမထားသော်လည်း ရှေးမြန်မာကျောက်စာလေ့လာချက်စာအုပ်တွင် ပုဂံဘုရားအမှတ် (၅၉၂)၊ (၅၉၄)၊ (၅၉၅) တို့သည် စိုးမင်းကြီးကျောင်းတိုက်တည်နေရာဖြစ်မည်ဟု ကျမ်းပြုသူ၏ ယူဆချက်ကို ဖော်ပြထားသည်။ လက်ရှိပုဂံဘုရားအမှတ်(၅၉၂)သည် ရှင်အဓ္ဓဂေါဏဘုရား၏ အရှေ့ဘက်တွင်လည်းကောင်း၊ ဘုရားအမှတ် (၅၉၄) နှင့် (၅၉၅)သည် ရှင်အဓ္ဓဂေါဏဘုရား၏ အရှေ့မြောက်ဘက်တွင်လည်းကောင်း တည်ရှိသည်။

စိုးမင်းကြီးကျောင်းတိုက် တည်နေရာသည် ရှင်အဓ္ဓဂေါဏဘုရား၏ အရှေ့မြောက်ဘက်ဖြစ်၍ ကျောင်းတိုက်အလှူရှင်သည် ကျစွာမင်းကြီး (၁၂၃၅-၁၂၄၉)လက်ထက် အမတ်ကြီးမဟာသမန်း၏ သမီးဖြစ်၍ စိုးမင်းကြီး၏ခင်ပွန်းသည် မင်းသားအလတ်ဖြစ်သည်။

**စိုးမင်းကြီး ကျောင်းနှစ်ကျောင်း**

ပုဂံ၌ စိုးမင်းကြီးအုတ်ကျောင်း(ပုဂံဘုရားအမှတ် ၁၁၄၇)ဟု ထင်ရှားသည့် ၁၂ ရာစု လက်ရာ အဆောက်အအုံသည် မြင်းကပါရွာ နဂါးရုံဘုရားအနီးတွင် တည်ရှိသည်။ စိုးမင်းကြီးအုတ်ကျောင်း၏မြောက်ဘက်တွင် စိုးမင်းကြီးပုထိုးတည်ရှိသည်။ အခန်းများစွာပါရှိသည့် စိုးမင်းကြီးအုတ်ကျောင်းကို ပုဂံခေတ်စာသင်တိုက်တစ်ခုဟု ယူဆကြသည်။ သို့သော် စိုးမင်းကြီးပုထိုးနှင့်အုတ်ကျောင်းသည် မည်သည့်ဘုရင်လက်ထက်က စိုးမင်းကြီးတည်ခဲ့ကြောင်း ခိုင်မာသည့် အထောက်အထားများ မရှိသေးသကဲ့သို့ တည်ဆောက်ခဲ့သည့် ခုနှစ်သက္ကရာဇ်သည်လည်း သေချာမှုမရှိဘဲ သက္ကရာဇ် ၆၀၀ ခန့်နှင့် သက်ဆိုင်ဟန်ရှိမည်ဟု ပုဂံရှေးဟောင်းသုတေသီဆရာဦးဗိုကေက သုံးသပ်ရေးသားခဲ့သည်။

ထိလှကုန်းအရပ်ရှိ စိုးမင်းကြီးကျောင်းတိုက်မှာမူ တည်ဆောက်ခဲ့သူအလှူရှင်နှင့် တည်ဆောက်ခဲ့သည့် ခုနှစ်အထောက်အထား အခိုင်အမာရှိသည့် အဆောက်အအုံဖြစ်သည်။ ထိုအထောက်အထားကို စိုးမင်းကြီးကျောက်စာတွင် ဖတ်ရှုလေ့လာနိုင်ကြသည်။

စိုးမင်းကြီးကျောင်းတိုက်ကို သက္ကရာဇ် ၆၂၁ ခုနှစ်၊ နယုန်လတွင် တည်ဆောက်လှူဒါန်းခဲ့ကြောင်း ကျောက်စာရေးထိုးစိုက်ထူခဲ့သည်။ အလှူရှင် စိုးမင်းကြီးသည် ကွယ်လွန်သူ မိမိခင်ပွန်း မင်းသားအလတ်ကိုရည်စူးကာ တည်ဆောက်ခဲ့ကြောင်း မှတ်တမ်းပြုခဲ့သဖြင့် သမိုင်းအထောက်အထားခိုင်မာသော ကျောင်းတိုက်ဖြစ်သည်။

**အမတ်သမီးစိုးမင်းကြီး**

ကျစွာမင်းလက်ထက် အမတ်ကြီး မဟာသမန်းနှင့်မယားသည် သက္ကရာဇ် ၅၉၉ ခုနှစ်တွင် ယခုအခါ ရှင်အဓ္ဓဂေါဏဘုရားဟု ထင်ရှားသည့် ဂူဘုရား၊ ဘုန်းကြီးကျောင်း၊ တရားဟောဇရပ်နှင့် စကြံလမ်းတို့ကို တည်ဆောက်လှူဒါန်းပြီး ကျောက်စာရေးထိုးစိုက်ထူခဲ့သည်။ မဟာသမန်းနှင့်မယားတို့ လှူဒါန်းမှုပြုလုပ်ပြီး ၂၂ နှစ်အကြာတွင် သမီးဖြစ်သူ စိုးမင်းကြီးက ဖခင်တည်ဆောက်ခဲ့သည့် ဂူဘုရားအနီး၌ပင် ကုလားကျောင်းတစ်ဆောင်ကို တည်ဆောက်လှူဒါန်းခဲ့သည်။

စိုးမင်းကြီး၏ခင်ပွန်းသည် မင်းသားအလတ်ဖြစ်ကြောင်း ကျောက်စာတွင်ရေးထိုးထားသည်။ မင်းသားအလတ်သည် ကျစွာမင်းကြီး၏ သားတော်တစ်ပါးဖြစ်နိုင်ကြောင်း ယူဆမှုများရှိသော်လည်း ထိုအချက်သည် ရာဇဝင်ကျမ်းများတွင် ထင်ရှားခြင်းမရှိချေ။ ထိုမင်းသားသည် ကျစွာမင်း၏ သားတော်သာဖြစ်ခဲ့ပါက ကျစွာမင်း၏ ထီးနန်းကိုဆက်ခံခဲ့သည့် ကျစွာမင်း၏တူတော် ဥဇ္ဇနာ (၁၂၄၉-၁၂၅၆)သည် မင်းသားအလတ်နှင့် ညီအစ်ကိုတော်စပ်မည်ဖြစ်သည်။

တရုတ်ပြေးမင်းဟုထင်ရှားသည့် နရသီဟပတေ့မင်း(၁၂၅၆-၁၂၈၇) လက်ထက်တွင် မင်းသားအလတ်မရှိတော့ဘဲ ကွယ်လွန်ခဲ့ပြီးဖြစ်သည်။ မင်းသားအလတ်၏မယားက ခင်ပွန်းသည် မကွယ်လွန်မီက မှာကြားခဲ့သည့်အတိုင်း ကျောင်းဆောက်လုပ်လှူဒါန်းချိန်သည် နရသီဟပတေ့မင်းလက်ထက်ဖြစ်သည်။

မင်းသားအလတ်၏ဇနီး စိုးမင်းကြီးသည် ကွယ်လွန်သူ မင်းသားမိန့်မှာခဲ့သည့်အတိုင်း နေရာဒေသရွေးချယ်ပြီး ကျောင်းဆောက်ခဲ့ခြင်းဖြစ်သည်။ တရုတ်ပြေးမင်း မျက်မာန်ရှခြင်းမခံရစေရန် သတိထားဆောင်ရွက်ခဲ့ရဟန်ရှိကြောင်း ဆရာဦးနီတွတ်က သုံးသပ်ခဲ့သည်။ ထို့ကြောင့် မင်းအမတ်မဟာသမန်းသည် သမီး၏အလှူကို သမီးနှင့်အတူ ရေစက်သွန်းချပေးခဲ့ခြင်းဖြစ်မည်ဟု ယူဆရဖွယ်ဖြစ်သည်။

မဟာသမန်းသည် ကျစွာမင်းလက်ထက်တွင် မင်းပြစ်မင်းဒဏ်သင့်သူလေးဦး၏ အသက်ကို ကယ်တင်ခဲ့ဖူးရာ ထိုသူများသည် မဟာသမန်း၏ ဩဇာခံများဖြစ်သွားခဲ့ကြသည်ဟုဆိုသည်။ မဟာသမန်းသည် ကျစွာမင်း(၁၂၃၅-၁၂၄၉)၊ ဥဇ္ဇနာမင်း (၁၂၄၉-၁၂၅၆)၊ နရသီဟပတေ့မင်း(၁၂၅၆-၁၂၈၇) လက်ထက်တို့တွင် အမတ်ကြီးအဖြစ် အမှုထမ်းခဲ့သည်။ အမတ်မဟာသမန်းသည် မိမိ၏သမက်ကို ပုဂံဘုရင်ဖြစ်စေလိုခဲ့မည်ဖြစ်သော်လည်း နန်းတွင်းရေးရာကိစ္စများသည် မျှော်မှန်းတွက်ဆရန် မလွယ်ကူသည့် အရေးသာဖြစ်သည်။

**စိုးမင်းကြီးကျောက်စာ**

စိုးမင်းကြီးကျောက်စာဟု ထင်ရှားသည့် အလှူကျောက်စာသည် တစ်မျက်နှာထိုးကျောက်စာဖြစ်၍ စာကြောင်းရေ ၁၈ ကြောင်း ရေးထိုးထားသည်။ ထိုကျောက်စာကို ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများစာအုပ် ဒုတိယတွဲတွင် မဟာသမန်းကြီးသမီး စိုးမင်းကြီးကျောက်စာ၊ သက္ကရာဇ် ၆၂၁ ခုနှစ်ဟုဖော်ပြထားသည်။

ကျောက်စာကို နမော လောက နာထာယဟူသည့် ဘုရားရှိခိုးပါဠိစာသားဖြင့် အစချီထားသည်။ သို့သော် ခမည်းတော် မဟာသမန်းနှင့်မယားရေးထိုးသည့် ကျောက်စာကဲ့သို့ ပါဠိဘာသာကို အသုံးမပြုဘဲ မြန်မာဘာသာဖြင့်သာ ဆက်လက်ရေးထိုးခဲ့သည်။ ကျောက်စာရေးထိုးသည့်ရက်ကို သက္ကရာဇ် ၆၂၁ ခုနှစ်၊ အာသိန်နှစ်၊ နယုန်လဆုတ် ၅ ရက်၊ တနင်္လာနေ့ဟု ဖတ်ရှုရသည်။ ထိုရက်သည် ၁၂၅၉ ခုနှစ် မေ ၁၂ ရက်ဖြစ်သည်။

ဆက်လက်၍ ကျောက်စာရေးထိုးရခြင်းအကြောင်းကို မဟာသမန်းကြီးသမီး စိုးမင်းကြီးက မိမိလင်မင်းသားအလတ်မိန့်မှာခဲ့သည့်အတိုင်း အရပ်တည်၍ (နေရာဒေသကိုရွေးချယ်၍) ကျောင်းပြု၍(ကျောင်းဆောက်လုပ်၍) ကောင်းမှုအကျိုးကို မင်းသားအလတ်ရစေဟူ၍ မဟာသမန်းနှင့်အညီ(အတူ)ရေသွန်း၍ ရတနာသုံးပါးအားလှူသောလယ်ဟု ရှည်လျားစွာ ရေးထိုးခဲ့သည်။

စိုးမင်းကြီးသည် ခမည်းတော်ကဲ့သို့ပင် ရတနာသုံးပါးအား လယ်နှင့်ကျွန်များကို လှူဒါန်းခဲ့ရာ ကျောက်စာပါစာရင်းအရ ပြုန်လိုင်အရပ် ရကုယ်တရာ၊ ကွန်သစိပ်၊ မစယ်၊ အစ်အင်ကုန်အင် တျင်တရာစုံ၊ ငမ်စွန်(ငါးဓွန်)၊ ပြည်မနာ(ပျဉ်းမနား)ဟူသည့်အရပ် ခြောက်ခုတွင် လယ်ပယ်ပေါင်း ၂၅၄၀ ဖြစ်သည်။ ထိုလယ်များကို ဖခင်သမန်းကြီး လှူစဉ်ကကဲ့သို့ပင် ဘုရား၊တရား၊ သံဃာရတနာသုံးပါးအတွက် ပယ် ၁၆၀၀ နှင့် မဟာထေရ်အတွက် ပယ် ၅၀၀ ဟု သတ်မှတ်လှူဒါန်းခဲ့သည်။ သို့သော် ကျန်လယ်ပယ် ၄၄၀ ကို မည်သည့်အတွက်လှူဒါန်းကြောင်း ဖော်ပြထားခြင်းမရှိချေ။

စိုးမင်းကြီးသည် မိမိတည်ဆောက်သည့် ကျောင်းအတွက် လယ်များအပြင် ကျွန်များကိုပါ လှူဒါန်းခဲ့ကာ ကျောက်စာတွင် ကျွန် ၁၆ ဦး၏ အမည်များကို ရေးထိုးဖော်ပြထားရာ အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး လေးဦးဖြစ်သည်။ ၎င်းတို့သည် ငါဝံထာနှင့်သား၊ ငါသစ်ခွယ်မယားနှင့် သားနှစ်ဦး၊ သမီးနှစ်ဦးနှင့် မြေးတစ်ဦး၊ ငါသက်ရှည်၊ ငါကန်၏သားသုံးဦး၊ သင်တနှင့် ငါပြည့်ရာ၏သားသုံးဦးဖြစ်၍ ငါသက်ရှည်နှင့် သင်တမှလွဲ၍ ကျန်သူများသည် မိသားစုလေးစုမှဖြစ်ကြောင်း တွေ့ရှိရသည်။

စိုးမင်းကြီးကျောက်စာတွင် ဆုတောင်းစာ၊ အမျှဝေနှင့် ကျိန်စာကိုလှူ့စည်းစိမ်၊ နတ်စည်းစိမ်၊ နိဗ္ဗာန်စည်းစိမ်ရလို၏။ အမျိုးခပ်သိမ်း မင်းကြီးစသော သတ္တဝါခပ်သိမ်းရစေ။ အနိုင်အထက်ယူသော ဖျက်ဆီးသောသူကား ပျက်စီးပြုန်းတီးပါစေ၊ အဝီစိငရဲ၌ကျက်စေဟု တိုတောင်းစွာရေးထိုးထားသည်။

စိုးမင်းကြီးကျောက်စာသည် ဖခင်မဟာသမန်းလင်မယားကျောက်စာနှင့်အတူ သားအဖနှစ်ဦး၏ သီးခြားအလှူကျောက်စာအဖြစ် ထင်ရှားခဲ့ပေသည်။

**ကိုးကား**


- ရှေးဟောင်းမြန်မာကျောက်စာများ၊ ဒုတိယတွဲ (ဦးငြိမ်းမောင်)
- ရှေးမြန်မာကျောက်စာလေ့လာချက် အတွဲ(၄) (နီတွတ်)
- ပုဂံသုတေသနလမ်းညွှန်(ဦးဗိုကေ)



**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မြောင်းမြမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၂၀၂၄၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မြောင်းမြ မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင်ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ၁၂၀၂၄၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၂၀၆၂၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးခင်းများကို ယခုနှစ် ဧပြီလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါး ၁၂၀၂၄၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းခဲ့သည့် စပါးတစ်ဧကလျှင် ၁၁၅ ဒသမ ၀၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မြောင်းမြမြို့နယ်မှာ စပါးဧက ၁၂၀၀၀၀ ကျော်စိုက်ပျိုးခဲ့ပါတယ်။ စပါးတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆက်စပ်ဌာနတွေနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်း ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့လို့လဲ လျာထားဧကအတိုင်း စိုက်ပျိုးနိုင်တာဖြစ်ပါတယ်။ စပါးအထွက်နှုန်းကောင်းစေဖို့ နည်းပညာပေးတာတွေ၊ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးဖို့ နည်းပညာပေးတာတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရက် ၉၀၊ သီးထပ်ရင်၊ ထိုင်းဘေးကျား၊ နှစ်လခွဲ စသည့်စပါးအမျိုးအစားများကို ရွေးချယ်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## သနပ်ပင်မြို့နယ် ကျိုက်မဲကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သနပ်ပင် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျိုက်မဲကျေးရွာအုပ်စု ကျိုက်မဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျိုက်မဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ကျိုက်မဲကျေးရွာ၌ အရှည် ၉၁၈ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် သိန်း ၁၀၀ အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ် ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သောကြောင့် ကျိုက်မဲကျေးရွာရှိ အိမ်ခြေ ၃၁၆ အိမ်၊ လူဦးရေ ၂၁၀၁ ဦးတို့ ရာသီမရွေး သွားလာရလွယ်ကူလာမည်ဖြစ်ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**

## ဘဝလမ်းဝယ် သိဖို့ရှယ်

- တွေးမြော်မြင် ကောင်းအတတ်နှင့်
ပေါင်းစပ်လို့ ကြိုးစားဖွယ်၊
အောင်မြင်ရာ ဘဝလမ်း
လျှောက်လှမ်းစို့ကွယ်၊
ဖွဲ့ လုံ့လ ဝီရိယကြွယ်
ရှိရမယ် အသိသတိ၊
ပညာ ဗဟုသုတ
ပြည့်ဝစေဘိ။

- မကောင်းမှု ရှောင်ကြဉ်သိ
မှားမှန်ကြည့် ဆင်ခြင်ရာ၊
ဒုစရိုက် အမှောင်ခင်း
ရှောင်ကွင်းသေချာ၊
ဖြူစင်သည့် စိတ်ရင်းမှာ
ချစ်မေတ္တာ အပြည့်ကိန်း၊
ကိုယ်ချင်းစာ ကြင်နာထားလို့
တရားစောင့်ထိန်း။

- မျိုးရိုးဂုဏ် ထိန်းသိမ်းလျက်
မယိမ်းနဲ့ တိုင်းတစ်ပါးဟန်၊
ကိုယ့်လူမျိုး ကိုယ့်ဓလေ့
မမေ့ကောန်၊
နေထိုင် ဝတ် စား အခြေခံ
ယဉ်ကျေးရန် သတိထား၊
မျိုးဘာသာ ဓလေ့ထုံး
ကျင့်သုံးလို့သွား။ ။

**ကိုရွှေတောသား(ဆင်ကူး)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## နိုင်ငံတကာ သတင်းများ

# ဝန်ကြီးချုပ်ဟောင်းနှင့် ဘဏ္ဍာရေးဝန်ကြီးဟောင်းတို့ကို တောင်ကိုရီးယားရဲတပ်ဖွဲ့က ပြည်ပထွက်ခွာခွင့် ပိတ်ပင်

ဆိုးလ် မေ ၂၇

တောင်ကိုရီးယားဝန်ကြီးချုပ်ဟောင်း ဟန်ဒက်ခ်ဆိုးနှင့် ဘဏ္ဍာရေးဝန်ကြီးဟောင်း ချွိုင်ဆန်မော့ခ်တို့ကို တောင်ကိုရီးယားရဲတပ်ဖွဲ့က ပြည်ပသို့ထွက်ခွာခွင့် ပိတ်ပင်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

သမ္မတဟောင်းယွန်းဆွတ်ယိုး၏ စစ်အုပ်ချုပ်ရေးဥပဒေကြေညာပြဋ္ဌာန်းရန်ကြိုးပမ်းမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်နေစဉ် ဝန်ကြီးချုပ်ဟောင်းနှင့် ဘဏ္ဍာရေးဝန်ကြီးဟောင်းတို့ကို တောင်ကိုရီးယားရဲတပ်ဖွဲ့က ပြည်ပထွက်ခွာခွင့် ပိတ်ပင်ထားခြင်းဖြစ်သည်။

တောင်ကိုရီးယားရဲတပ်ဖွဲ့သည် ဝန်ကြီးချုပ်ဟောင်း ဟန်ဒက်ခ်ဆိုးနှင့် ဘဏ္ဍာရေးဝန်ကြီးဟောင်း ချွိုင်ဆန်မော့ခ်တို့ကို ယခု မေလ လယ်ကပင် ပြည်ပထွက်ခွာခွင့် ပိတ်ပင်ထားခြင်းဖြစ်သည်။

တောင်ကိုရီးယားမီဒီယာများ၏ အဆိုအရ ဝန်ကြီးချုပ်ဟောင်းနှင့် ဘဏ္ဍာရေးဝန်ကြီးဟောင်းတို့ကို အထူးရဲတပ်ဖွဲ့က မေ ၂၆ ရက်တွင် ခေါ်ယူမေးမြန်းမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးသည် စစ်အုပ်ချုပ်ရေးဥပဒေကြေညာပြဋ္ဌာန်းရန်ကြိုးပမ်းခဲ့သည့်သမ္မတဟောင်း ယွန်းဆွတ်ယိုးကို ရာထူးမှဖယ်ရှားထားပြီးဖြစ်ရာ ယခုနှစ် ဇွန်လ ၃ ရက်တွင်သမ္မတရွေးကောက်ပွဲသစ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# အရက်ရောင်းချမှုပိတ်ပင်ရေးစည်းမျဉ်း ရုပ်သိမ်းမည်ဟူသည့်သတင်းကို ဆော်ဒီငြင်းပယ်

ရီယာ့ဒ် မေ ၂၇

၇၃ နှစ်ကြာ ကျင့်သုံးခဲ့သော အရက်ရောင်းချမှုပိတ်ပင်ရေးစည်းမျဉ်းအား ရုပ်သိမ်းပေးရန် ဆော်ဒီတာဝန်ရှိသူများက စီစဉ်ထားသည်ဟူသော သတင်းများကို ဆော်ဒီအာရေဗျအစိုးရတာဝန်ရှိသူများက မေ ၂၆ ရက်တွင်ငြင်းပယ်ခဲ့ကြောင်း သိရသည်။

ဆော်ဒီအာရေဗျအစိုးရ အနေဖြင့် အရက်ရောင်းချမှုပိတ်ပင်ရေးစည်းမျဉ်းကို ရုပ်သိမ်းပေး၍ ကမ္ဘာလှည့်ခရီးသည်များအတွက် သတ်မှတ်နေရာများ၌ ရောင်းချပေးရန် စီစဉ်ထားကြောင်း ပြီးခဲ့သည့် ရက်သတ္တပတ်တွင် နိုင်ငံတကာ မီဒီယာအချို့က သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် နိုင်ငံတကာမီဒီယာများ၌ ပေါ်ထွက်နေသည့် အဆိုပါ သတင်းများမှာ မှန်ကန်မှုမရှိကြောင်း ဆော်ဒီအာရေဗျအစိုးရက ပြောကြားထားသည်။

၂၀၃၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရေးအတွက် ဆော်ဒီအာရေဗျအစိုးရက ပြင်ဆင်နေစဉ် အရက်သေစာရောင်းချမှုပိတ်ပင်ရေးစည်းမျဉ်းကို ရုပ်သိမ်းရန် ဆော်ဒီအစိုးရက စီစဉ်ထားသည်ဆိုသောသတင်းများ ပေါ်ထွက်လာခြင်းဖြစ်သည်။

ဘာသာရေးအရ ရှေးရိုးစွဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံသည် ကမ္ဘာလှည့်ခရီးသည်များနှင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများကို ဆွဲဆောင်ရေးအတွက် ကန့်သတ်ချက်အချို့ကို ဖြေလျှော့ပေးခဲ့သော်လည်း အရက်ရောင်းချမှုကို ပိတ်ပင်ထားဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ရုရှားသမ္မတပူတင်နှင့် တူကီယဲနိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်တို့ တွေ့ဆုံဆွေးနွေး



မော်စကို မေ ၂၇

ရုရှားသမ္မတပူတင်နှင့် တူကီယဲနိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်တို့သည် မေ ၂၆ ရက်က မော်စကိုမြို့၌ တွေ့ဆုံ၍ ယူကရိန်းစစ်ပွဲနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

နှစ်ရက်ကြာ ခရီးစဉ်အဖြစ် ရုရှားနိုင်ငံသို့ ရောက်ရှိနေသော တူကီယဲနိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်သည် မေ ၂၆ ရက်တွင် ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံခဲ့ပြီး ယူကရိန်းစစ်ပွဲပြီးဆုံးရေးကြိုးပမ်းမှုများကို အဓိကထားဆွေးနွေးခဲ့ကြကြောင်း တူကီယဲနိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အတည်ပြုထားသည်။

တူကီယဲနိုင်ငံခြားရေးဝန်ကြီးသည် ယနေ့တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် သုံးနှစ်တာကာလအတွင်း ပထမဆုံး နှစ်နိုင်ငံတိုက်ရိုက်ဆွေးနွေးပွဲကို တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ မေ ၁၆ ရက် တွင်ကျင်းပနိုင်ခဲ့သည်။

ရုရှားသမ္မတနှင့်တွေ့ဆုံခဲ့ချိန်တွင် နိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်သည် အစ္စတန်ဘူလ်ဆွေးနွေးပွဲနောက်ပိုင်း ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍လည်း ဆွေးနွေးခဲ့သည်။

ထို့ပြင် ရုရှားနှင့် ယူကရိန်း နှစ်နိုင်ငံ တိုက်ရိုက်ဆွေးနွေးပွဲများကို အိမ်ရှင်အဖြစ် ဆက်လက်လက်ခံ ကျင်းပပေးနိုင်ကြောင်း တူကီယဲအစိုးရက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရုတ်နိုင်ငံ ရှန်တုန်းပြည်နယ် ဓာတုပစ္စည်းစက်ရုံ၌ ပြင်းထန်သည့် ပေါက်ကွဲမှုဖြစ်ပွား

ပေကျင်း မေ ၂၇

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်းပြည်နယ်ရှိ ဓာတုပစ္စည်းစက်ရုံတစ်ရုံတွင် ယနေ့မွန်းလွဲပိုင်းက ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပွားခဲ့ကြောင်း တရုတ်အစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။



ဓာတုပစ္စည်းစက်ရုံပေါက်ကွဲမှုသည် အလွန်ပြင်းထန်ခဲ့ပြီး စက်ရုံနှင့် နှစ်မိုင်ကျော်အကွာတွင် တည်ရှိသော ကုန်လှောင်ရုံတစ်ရုံ၏ မှန်ပြတင်းပေါက်များပင် ကွဲကြေခဲ့ရကြောင်း သိရသည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် ဓာတုပစ္စည်းစက်ရုံသည် ဝိဖန်မြို့ စက်မှုဇုန်တစ်ခုတွင် တည်ရှိသော ဓာတုပစ္စည်းစက်ရုံဖြစ်ကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ဓာတုပစ္စည်းစက်ရုံပေါက်ကွဲမှုကြောင့် သေဆုံးသူနှင့် ဒဏ်ရာရရှိသူများ ရှိ မရှိကို မသိရှိရသေးကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဓာတုပစ္စည်းစက်ရုံသည် ပိုးသတ်ဆေးများနှင့် ဆေးဝါးလုပ်ငန်းသုံး ဓာတုပစ္စည်းများ ထုတ်လုပ်နေသော စက်ရုံဖြစ်ပြီး အလုပ်သမားဦးရေ ၅၀၀ ကျော်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဝိဖန်မြို့တာဝန်ရှိသူများက ၎င်းဓာတုပစ္စည်းစက်ရုံသို့ မီးသတ်တပ်ဖွဲ့ဝင်နှင့် ရှာဖွေကယ်ဆယ်ရေးသမား ဦးရေ ၂၃၀ ကျော် စေလွှတ်ထားကြောင်း တရုတ်အစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# နီပေါတောင်တက်လမ်းပြ ကာမီရီတာ ဧဝရက်တောင်ထိပ်သို့ ၃၁ ကြိမ်မြောက် တက်ရောက်



နီပေါ မေ ၂၇

နီပေါနိုင်ငံသား တောင်တက်လမ်းပြ ကာမီရီတာသည် ယနေ့တွင် ဧဝရက်တောင်ထိပ်ကို ၃၁ ကြိမ်မြောက်အဖြစ် တက်ရောက်ခဲ့ပြီး ပြီးခဲ့သည့်နှစ်က ၎င်းကိုယ်တိုင်တင်ထားသည့်စံချိန်ကို ထပ်မံချိုးဖျက်နိုင်ခဲ့ကြောင်း သိရသည်။

အသက် ၅၅ နှစ်ရှိ ကာမီရီတာသည် အဖွဲ့ဝင် ၂၂ ဦးပါ အိန္ဒိယ တပ်မတော် တောင်တက်အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်၍ အမြင့်ပေ ၂၉၀၃၂ ပေရှိ ဧဝရက်တောင်ထိပ်ကို ယနေ့တွင် တက်ရောက်နိုင်ခဲ့သည်။

ထို့ကြောင့် အာမီရီတာသည် ဧဝရက်တောင်ထိပ်ကို ကြိမ်ရေအများဆုံး တက်ရောက်နိုင်ခဲ့သူအဖြစ် ထပ်ဆင့်စံချိန်တင်ခဲ့သည်။

ကာမီရီတာသည် ၁၉၉၄ ခုနှစ်တွင် ဧဝရက်တောင်ထိပ်ကို ပထမဆုံးအကြိမ် တက်ရောက်ခဲ့ပြီး နောက်ပိုင်းတွင် နှစ်တိုင်းလိုလို ဧဝရက်တောင်ထိပ်ကို တက်ရောက်နိုင်ခဲ့သည်။

ကာမီရီတာပြီးလျှင် ဧဝရက်တောင်ကို ဒုတိယအများဆုံး တက်ရောက်နိုင်သူမှာ နီပေါတောင်တက်လမ်းပြ ပါဆန်ဒါဝါဖြစ်ပြီး ၂၉ ကြိမ်အထိ တက်ရောက်ထားသည်။


နယူးဇီလန် တောင်တက်သမား အက်မန်ဒ့်ဟီလာရီနှင့် နီပေါ တောင်တက်လမ်းပြ တန်လင်းနော်ဂေးတို့ ၁၉၅၃ ခုနှစ်တွင် ဧဝရက်တောင်ထိပ်သို့ ပထမဆုံး ရောက်ရှိခဲ့ပြီးနောက်ပိုင်း ဧဝရက်တောင်ထိပ်သို့ နိုင်ငံတကာတောင်တက်သမား ဦးရေ ၈၀၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ဘလူးဂို့ရှ်လဆင်းယာဉ်က အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)၏ ရာရှစ်-၂ လမျက်နှာပြင်လေ့လာရေးယာဉ်ကိုပါ သယ်ယူသွားမည်



**ဝါရှင်တန် မေ ၂၇**

အမေရိကန်နိုင်ငံ အခြေစိုက် ဖိုင်းယားဖလိုင်းအေရိုစပေ့စ် ကုမ္ပဏီ ထုတ်ဘလူးဂို့ရှ်လဆင်းယာဉ်သည် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)၏ ရာရှစ်-၂ အမည်ရှိ လမျက်နှာပြင် လေ့လာရေးယာဉ်ကိုပါ သယ်ယူသွားမည်ဖြစ်ကြောင်း မေ ၂၆ ရက် သတင်းများအရ သိရသည်။

ဖိုင်းယားဖလိုင်း အေရိုစပေ့စ်ကုမ္ပဏီသည် ဘလူးဂို့ရှ်လဆင်းယာဉ်ကို ၂၀၂၆ ခုနှစ်တွင် လကမ္ဘာ အခြား ဘက်ခြမ်းသို့ လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

၎င်းမစ်ရှင်အတွင်း ဘလူးဂို့ရှ် လဆင်းယာဉ်ဖြင့် ရာရှစ်-၂ လမျက်နှာပြင် လေ့လာရေးယာဉ်ကို သယ်ယူပေးရန် ယူအေအီးနိုင်ငံနှင့် သဘောတူညီချက်ရယူထားသည်ဟု ဖိုင်းယားဖလိုင်းအေရိုစပေ့စ်ကုမ္ပဏီက ကြေညာထားကြောင်း သိရသည်။

ဘလူးဂို့ရှ်လဆင်းယာဉ်သည် ယူအေအီးနိုင်ငံ၏ ရာရှစ်-၂ လမျက်နှာပြင် လေ့လာရေးယာဉ် အပြင် ဩစတြေးလျနိုင်ငံ၊ ဥရောပ အာကာသအေဂျင်စီနှင့် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)တို့၏ စူးစမ်းလေ့လာရေး စနစ်များကိုလည်း သယ်ယူသွားမည်ဖြစ်သည်။

အဆိုပါမစ်ရှင်သည် ဖိုင်းယားဖလိုင်းအေရိုစပေ့စ်ကုမ္ပဏီ၏ ဒုတိယမြောက် ဘလူးဂို့ရှ်လဆင်းယာဉ် မစ်ရှင်ဖြစ်သည်။

ဖိုင်းယားဖလိုင်း အေရိုစပေ့စ် ကုမ္ပဏီက လွှတ်တင်ခဲ့သည့် ပထမဆုံး ဘလူးဂို့ရှ်လဆင်းယာဉ်သည် ယခုနှစ် မတ် ၂ ရက်တွင် လမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့ပြီး စူးစမ်းလေ့လာရေးလုပ်ငန်းများ ၁၄ ရက်ကြာ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## Space-X ကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်က ကယ်လီဖိုးနီးယားပြည်နယ် ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်း ပြန်လည်ဆင်းသက်ခဲ့

**ဝါရှင်တန် မေ ၂၇**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီ၏ ဒရာဂွန် အာကာသ ကုန်တင်ယာဉ်သည် ကယ်လီဖိုးနီးယားပြည်နယ် ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်း ပြန်လည် ဆင်းသက်ခဲ့ကြောင်း မေ ၂၆ရက်သတင်းများအရသိရသည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် မေ ၂၄ ရက်တွင် နိုင်ငံတကာ အာကာသစခန်းမှခွာထွက်ခဲ့ပြီးနောက် မေ ၂၅ ရက်တွင် ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းပေါ်၌ ပြုလုပ်ထားသည့် သိပ္ပံပညာစမ်းသပ်ပစ္စည်းများ ပြန်လည် တင်ဆောင်လာကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က သတင်း ထုတ်ပြန်ထားသည်။

နာဆာနှင့်Space-X ကုမ္ပဏီ



တို့သည် ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို ယခုနှစ် ဧပြီ ၂၁ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ရာ ၂၄ နာရီခန့် အကြာတွင် ၎င်းအာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းနှင့်အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့သည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသ စခန်းပေါ်ရှိ အာကာသယာဉ်မှူးများအတွက် စားနပ်ရိက္ခာနှင့် အခြား အထောက်အပံ့ပစ္စည်း ပေါင်း ၆၇၀၀ ခန့်ကို သယ်ယူသွားခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် နာဆာနှင့် ရယူထားသည့် သဘောတူညီချက်အရ ၎င်းဒရာဂွန်အာကာသကုန်တင်ယာဉ်ကို ၃၂ ကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်း ထောက်ပို့မစ်ရှင်အဖြစ် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## နဂါးငွေ့တန်းကြယ်စုနှင့်ပုံသဏ္ဍာန်ချင်းတူသော်လည်း ဒြပ်ထုအားဖြင့်များစွာပိုကြီးမားသော စကြာဝဠာခေတ်ဦးကြယ်စုတစ်ခုကို နက္ခတ္တရူပဗေဒပညာရှင်များက တွေ့ရှိ

**တိုကျို မေ ၂၇**

နဂါးငွေ့တန်းကြယ်စုနှင့် ပုံသဏ္ဍာန်ချင်းတူသော်လည်း ဒြပ်ထုအားဖြင့် များစွာပိုကြီးမားသော စကြာဝဠာခေတ်ဦးကြယ်စုတစ်ခုကို ဂျပန် သိပ္ပံပညာရှင်များက တွေ့ရှိထားကြောင်း မေ ၂၆ ရက် သတင်းများအရ သိရသည်။

J 0107 a အမည်ရှိ အဆိုပါကြယ်စုသည် လွန်ခဲ့သောနှစ်ပေါင်း ၁၁ ဒသမ ၁ ဘီလီယံခန့်က ပေါ်ထွက်လာသည့် ကြယ်စုဖြစ်ကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။

J 0107 a ကြယ်စုသည် နဂါးငွေ့တန်းကြယ်စုနှင့်ပုံသဏ္ဍာန်ချင်း တူညီပြီး ခရုပတ်ခွေလက်တံများ ပါရှိသော်လည်း ဒြပ်ထုအားဖြင့် နဂါးငွေ့တန်းကြယ်စုထက် ၁၀ ဆ ပိုကြီးမားသည်ဟု ဂျပန်သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

ထို့ပြင် J 0107 a ကြယ်စု၏ ကြယ်များ ပေါ်ထွက်မှုနှုန်းမှာ နဂါးငွေ့တန်းကြယ်စုထက် အဆပေါင်း ၃၀၀ ပိုမြင့်မားကြောင်းလည်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။

J 0107 a ကြယ်စုကို ချီလီနိုင်ငံ အခြေစိုက် အယ်လ်ဖာ ရေဒီယိုတယ်လီစကုပ် အကူအညီဖြင့် ဂျပန် သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## သွေးအတွင်းဆိုဒီယမ်ပါဝင်မှု မြင့်မားသူများ ရေများများသောက်ပေးသင့်ကြောင်း တွေ့ရှိ

**ဂျေရုဆလင် မေ ၂၇**

သွေးအတွင်း ဆိုဒီယမ်ပါဝင်မှုမြင့်မားသူများအနေဖြင့် ရေများများ သောက်ပေးသင့်ကြောင်း အစ္စရေး သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်ကို မေ ၂၆ ရက် သတင်းများအရ သိရသည်။

သွေးအတွင်း ဆိုဒီယမ်ပါဝင်မှု မြင့်မားသူများ၌ သွေးတိုးရောဂါနှင့် ရုတ်တရက်နှလုံးဖောက်နိုင်ခြေ မြင့်မားလာတတ်ကြောင်း သိရသည်။

အစ္စရေး သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သွေးအတွင်း ဆိုဒီယမ်ပါဝင်မှုနှုန်းသည် သွေးတစ်လီတာလျှင် ၁၄၃ မီလီမိုး (mmol/L) ထိရှိခဲ့ပါက သွေးတိုး ရောဂါဖြစ်နိုင်ခြေ၊ ရုတ်တရက်ရက်နှလုံးဖောက်နိုင်ခြေ ၂၇ ရာခိုင်နှုန်းထိ မြင့်တက်နိုင်ကြောင်း သိရသည်။

သို့ရာတွင် သွေးအတွင်း ဆိုဒီယမ်ပါဝင်မှုနှုန်း မြင့်မားခြင်းကြောင့် ပေါ်ထွက်လာနိုင်သည့် အထက်ပါ ကျန်းမာရေးပြဿနာများကို ရေများများ သောက်ပေးခြင်းဖြင့် လျှော့ချနိုင်ကြောင်း အစ္စရေး သုတေသန ပညာရှင်များက ပြောကြားသည်။

ကိုယ်ခန္ဓာအတွင်း ရေဓာတ်ခမ်းခြောက်နေချိန်တွင် ရေဓာတ်မလုံလောက်မှုကြောင့် ဆိုဒီယမ်ကို အားပျော့သွားစေပြီး သွေးအတွင်း ဆိုဒီယမ်စုစည်းမှုအဆင့်မြင့်တက်လာခြင်းဖြစ်ကြောင်း အစ္စရေး သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

အစ္စရေး သုတေသနပညာရှင်များသည် လူဦးရေ လေးသိန်းကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## ပြီးခဲ့သည့်နှစ် ၃၀ အတွင်း သက်ကြီးပိုင်းများကြား အရေပြားကင်ဆာဖြစ်ပွားနှုန်း မြင့်တက်လာ

**နယူးယောက် မေ ၂၇**

ပြီးခဲ့သည့်နှစ်ပေါင်း ၃၀ အတွင်း တစ်ကမ္ဘာလုံး အတိုင်းအတာအရ သက်ကြီးပိုင်းများ၌ အရေပြား ကင်ဆာရောဂါဖြစ်ပွားမှုမြင့်တက်လာကြောင်း တရုတ်သုတေသန ပညာရှင်များက မေ ၂၆ ရက်တွင် ပြောကြားသည်။

ပြီးခဲ့သည့် နှစ် ၃၀ အတွင်း သက်ကြီးပိုင်းများကြား အရေပြား ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာမှုသည် အသက်အရွယ်နှင့်သာမက ကမ္ဘာ့လူဦးရေတိုးပွားနှုန်း မြင့်တက်လာမှုနှင့်လည်း ဆက်စပ်နေကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

တရုတ် သုတေသနပညာရှင်များသည် ၂၀၂၁ ခုနှစ်အတွင်း အသက်၆၅နှစ်နှင့်အထက်ရှိသူများကြား ဖြစ်ပွားခဲ့သည့် အရေပြား ကင်ဆာဖြစ်စဉ် ၉ ဒသမ ၄ သန်းကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ၁၉၉၀ ပြည့်နှစ်နှင့်၂၀၂၁ ခုနှစ်ကြားကာလအတွင်း သက်ကြီးပိုင်းများကြား အရေပြားကင်ဆာရောဂါ (Squamous Cell Carainoma) ဖြစ်ပွားမှုနှုန်းနှင့်အရေပြားကင်ဆာရောဂါ (Basal Cell Carcino) ဖြစ်ပွားမှုနှုန်းသည် နှစ်စဉ်နှစ်ရာခိုင်နှုန်း မြင့်မားလာသည်ကိုတွေ့ရကြောင်းသုတေသန ပညာရှင်များက ပြောကြား သည်။

၂၀၂၁ ခုနှစ်အတွင်း သက်ကြီးပိုင်းများကြား အရေပြားကင်ဆာဖြစ် ပွားမှုနှုန်း အမြင့်ဆုံးနိုင်ငံများမှာ နယူးဇီလန်နှင့် ဩစတြေးလျနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ကမ္ဘာ့ဖလားခြေစစ်ပွဲကစားမည့် ဘရာဇီးအသင်း လူစာရင်းတွင် တိုက်စစ်မှူးနေမာ ချန်လှပ်ခဲ့ရ

ရီယိုဒီဂျနေးရိုး မေ ၂၇

ဘရာဇီး လက်ရွေးစင်အသင်းကို နည်းပြအန်ဆယ်လော့တီ တာဝန်ယူခဲ့ပြီးနောက် ကမ္ဘာ့ဖလားခြေစစ်ပွဲကစားမည့် အသင်းလူစာရင်း ထုတ်ပြန်ခဲ့ရာတွင် တိုက်စစ်မှူးနေမာကို ချန်လှပ်ခဲ့ကြောင်း သိရသည်။

ဘရာဇီးအသင်း၏ ဂိုးသွင်းအများဆုံး ကစားသမားဖြစ်သည့် တိုက်စစ်မှူးနေမာသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလကတည်းက အရွတ်ထိခိုက်ဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရသူဖြစ်ပြီး ဒဏ်ရာမှပြန်လည်ကောင်းမွန်ချိန်တွင် ဆန်းတို့စ်အသင်းသို့ ပြောင်းရွှေ့ခဲ့သော်လည်း ပြိုင်ပွဲစုံ နှစ်ပွဲသာ ပါဝင်ကစားခွင့်ရရှိထားသဖြင့် နည်းပြအန်ဆယ်လော့တီက လာမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ ကစားမည့် အသင်းလူစာရင်းတွင် ၎င်းကို ချန်လှပ်ခဲ့ခြင်းဖြစ်သည်။

သို့သော် နည်းပြအန်ဆယ်လော့တီက ၂၀၂၃ ခုနှစ်ကတည်းက အသင်းတွင် ရွေးချယ်ခြင်းမခံရသည့် မန်ယူအသင်း ကွင်းလယ်ကစားသမား ကက်စမဲရိုးနှင့် စပါအသင်းတိုက်စစ်မှူး ရစ်ချာလီဆန်တို့ကို ပထမဆုံးအကြိမ် ပြန်လည်ခေါ်ယူခဲ့ကြောင်း သိရသည်။

နည်းပြ အန်ဆယ်လော့တီ ထုတ်ပြန်ခဲ့သည့် ကစားသမားစာရင်းတွင် ဂိုးသမားနေရာတွင် အယ်လစ်ဆန်၊ ဘန်တို၊ ဆူဗာ၊ ခံစစ်တွင် အယ်လက်ဇန်ဒရို၊ ရီဘီရို၊ ဘာရယ်ဒို၊ အော်ဂတ်စတို၊ ဒန်နီလို၊ အော်တစ်ဇ်၊ မာကွင်ဟို၊ ဗန်ဒါဆန်၊ ဝက်စလေ၊ ကွင်းလယ်တွင် ပါရဲရား၊ ဆန်းတို့စ်၊ ဂူမာရေ့စ်၊ ကက်စမဲရိုး၊ အန်ဒါဆန်၊ ဂျာဆွန်၊ တိုက်စစ်တွင် အန်တိုနီ၊ အက်စတီဗာရို၊ မာတင်နယ်လီ၊ ကန်ဟာ၊ ရာဖင်ဟာ၊ ရစ်ချာလီဆန်၊ ဗီနီစီးယက်စ်တို့ ပါဝင်ခဲ့သည်။

ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဇွန် ၆ ရက်တွင် အီကွေဒေါအသင်းနှင့် အဝေးကွင်း၊ ဇွန် ၁၁ ရက်တွင် ပါရာဂွေးအသင်းနှင့် အိမ်ကွင်းတွင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်၍ ကစားသမားအပြောင်းအရွှေ့တွင် ကြွေးမြီ ယူရို ၂၀၀၀ ကျန်ရှိခဲ့သည့် လိုင်ယွန်အသင်းကို ကစားသမားသစ်ခေါ်ယူခွင့် ဘောလုံးရာသီ သုံးရာသီ ပိတ်ပင်ခဲ့သောကြောင့် အသင်းအနေဖြင့် လာမည့် ၂၀၂၇ ခုနှစ် ဇန်နဝါရီလထိ ကစားသမားသစ် ခေါ်ယူခွင့်ရရှိမည်မဟုတ်ကြောင်း သိရသည်။
- အေဗီလာအသင်းက အသင်းကထွက်ခွာမည့် ဂိုးသမား မာတီနက်ဇ်နေရာတွင် ဂိုးသမား ချာဗာလီယာကို ခေါ်ယူရန် အစွမ်းကုန်ကြိုးပမ်းလျက်ရှိသည်။
- အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသည့် ရိုဒရီဂိုကို နည်းပြသစ် အလွန်ဆိုက ရောင်းချပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ML

## ဘွန်ဒက်လီဂါ ခြေစစ်ပွဲစဉ်တွင် ဟီဒန်ဟိမ်းအသင်း နှစ်ကျော့ပေါင်းရလဒ်ဖြင့် အနိုင်ရရှိ



ဘာလင် မေ ၂၇

ဘွန်ဒက်လီဂါ ခြေစစ်ပွဲစဉ်အဖြစ်ကစားခဲ့သည့် ဟီဒန်ဟိမ်းအသင်းနှင့် အယ်ဗာဘာ့အသင်းတို့ပွဲစဉ်တွင် ဟီဒန်ဟိမ်းအသင်းက နှစ်ကျော့ပေါင်းရလဒ် လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့သဖြင့် လာမည့်နှစ်ဘောလုံးရာသီ၌ ဘွန်ဒက်လီဂါတွင် ဆက်လက်ကစားခွင့်ရရှိခဲ့ကြောင်း သိရသည်။

ဟီဒန်ဟိမ်း အသင်းသည် ဘွန်ဒက်လီဂါပြိုင်ပွဲ ပြီးဆုံးချိန်တွင် အဆင့်(၁၆)နေရာ၌ ရပ်တည်နိုင်ခဲ့သဖြင့် တိုက်ရိုက်တန်းမဆင်းရဘဲ ခြေစစ်ပွဲကစားခွင့်ရရှိခဲ့ပြီး အယ်ဗာဘာ့အသင်းသည် လီဂါ-၂ တွင် အမှတ်ပေးဇယား အဆင့်(၃)နေရာဖြင့် ပြီးဆုံးခဲ့သောကြောင့် တန်းတက်ခွင့်အတွက် ခြေစစ်ပွဲကစားခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အယ်ဗာဘာ့အသင်းက ပထမကျော့ အဝေးကွင်းပွဲစဉ်၌ ဟီဒန်ဟိမ်းအသင်းကို ဦးဆောင်ဂိုး နှစ်ဂိုးသွင်းယူ၍ ဖိအားပေးနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ခံစစ်ကစားပုံကျဆင်းခဲ့သဖြင့် ဟီဒန်ဟိမ်းအသင်းကို ချေပဂိုး နှစ်ဂိုးဆက်တိုက်ခွင့်ပြုလိုက်ရကာ နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ယခု ဒုတိယအကျော့ပွဲစဉ်တွင် ဟီဒန်ဟိမ်းအသင်းက ခံစစ်အားပြု၍ တန်ပြန်တိုက်စစ်ဖြင့် တုံ့ပြန်ခဲ့ရာ ပွဲအစ ကိုးမိနစ်ကတည်းက ဦးဆောင်ဂိုး ရရှိယူနိုင်ခဲ့သဖြင့် အယ်ဗာဘာ့အသင်း အခက်တွေ့ခဲ့ပြီး တိုက်စစ်မြှင့်တင်နိုင်ခဲ့သဖြင့် ပွဲချိန် ၃၁ မိနစ်တွင် ချေပဂိုး ပြန်လည်ရရှိခဲ့သည့်အပြင် ပွဲချိန် ၄၇ မိနစ်တွင် ဦးဆောင်းဂိုး သွင်းယူခဲ့သော်လည်း VAR ဖြင့် ပယ်ဖျက်ခံရသဖြင့် ဟီဒန်ဟိမ်းအသင်း သက်သာရာရခဲ့ပြီး ပွဲကစားချိန်နာကျင်အချိန်ပို မိနစ် ၉၀ ကျော်တွင် ဟီဒန်ဟိမ်းအသင်းက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဘွန်ဒက်လီဂါတွင် ဆက်လက်ကစားခွင့်ရရှိခဲ့သည်။

ဘွန်ဒက်လီဂါ ဘောလုံးရာသီပြီးဆုံးချိန်တွင် ဘိုချမ်အသင်းနှင့် ဟိုစတိန်းအသင်းတို့ တန်းဆင်းခဲ့ရပြီး လီဂါ-၂ မှ ကိုလုံးအသင်းနှင့် ဟမ်းဘတ်အသင်းတို့က လာမည့်နှစ် ဘောလုံးရာသီ ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ကစားခွင့်ရရှိခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## ဆော်ဒီပရီလီဂ် ဂိုးသွင်းအများဆုံး ကစားသမားဆုကို တိုက်စစ်မှူး စီရော်နယ်ဒို ဆွတ်ခူးရရှိ

ရီယာ့ဒ် မေ ၂၇

ဆော်ဒီပရီလီဂ် နောက်ဆုံးပွဲစဉ်တွင် အယ်နာဆာအသင်းက အယ်ဖာတက်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း တိုက်စစ်မှူး စီရော်နယ်ဒိုက အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် သွင်းဂိုး ၂၅ ဂိုးဖြင့် ဂိုးသွင်းအများဆုံး ကစားသမားဆုကို ဆွတ်ခူးရရှိခဲ့သည်။

စီရော်နယ်ဒိုသည် ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ဘက်ကစားသမားများဖြစ်သည့် အယ်အာလီအသင်းမှ ၂၃ ဂိုးသွင်းယူထားသည့် တိုက်စစ်မှူး တိုနေး၊ အယ်အီသီဟာတ်အသင်းမှ ၂၁ ဂိုးရထားသည့် တိုက်စစ်မှူး ဘင်ဇီမားတို့ကို ကျော်ဖြတ်၍ ဂိုးသွင်းအများဆုံး ကစားသမားဆုရရှိခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီကလည်း လိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၃၅ ဂိုးထိ သွင်းယူ၍ ဂိုးသွင်းအများဆုံး ကစားသမား ဖြစ်ခဲ့သောကြောင့် နှစ်ရာသီဆက်တိုက် ရွှေဖိနပ်ဆု ရရှိခဲ့ကြောင်း သိရသည်။

စီရော်နယ်ဒိုသည် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး နောက်ပိုင်း ဘောလုံးရာသီ သုံးရာသီကစားခဲ့ရာ ပြိုင်ပွဲစုံ ၁၁၁ ပွဲတွင် သွင်းဂိုး ၉၈ ဂိုး သွင်းယူနိုင်ခဲ့ကာ စုစုပေါင်းသွင်းဂိုး ၉၃၆ ဂိုးရှိလာခဲ့ပြီး ကစားသမားဘဝတွင် သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန် ရည်မှန်းထားသော်လည်း အယ်နာဆာအသင်းနှင့် စာချုပ်ကုန်ဆုံးခဲ့သောကြောင့် အသင်းမှ ထွက်ခွာမည်ဟု ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် တရားဝင်ဖော်ပြခဲ့သည်။



အယ်ဖာတက် အသင်းနှင့် ပွဲစဉ်တွင် စီရော်နယ်ဒိုသည် ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့သဖြင့် ပွဲချိန် ၄၂ မိနစ်တွင် စီရော်နယ်ဒိုက အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သော်လည်း နာကျင်အချိန်ပို ၄၅ မိနစ်ကျော်တွင် အယ်ဖာတက်အသင်းက ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ကာ သရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် ဒုတိယပိုင်းတွင် တိုက်စစ်မြှင့်ကစားခဲ့ရာ မာနေးက ၇၅ မိနစ်တွင် အယ်နာဆာအတွက် ဦးဆောင်ဂိုး သွင်းယူပေးသဖြင့် ပြိုင်ပွဲကို ထိန်းချုပ်ရန်ကြိုးပမ်းခဲ့သော်လည်း ပွဲချိန် ၈၁ မိနစ်နှင့် ပွဲချိန် မိနစ် ၉၀ ကျော်တွင် အယ်ဖာတက်အသင်းက ချေပဂိုးနှင့် ဦးဆောင်ဂိုးများ သွင်းယူခဲ့သောကြောင့် အယ်နာဆာအသင်း သုံးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်၍ အမှတ်ပေးဇယား အဆင့်(၃)ဖြင့်သာ ပြီးဆုံးခဲ့ပြီး လာမည့်နှစ် အေအက်ဖ်စီ ချန်ပီယံလိဂ်ဝင်ခွင့်နှင့် လွဲချော်ခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဘာဒိုဆာတက်ရောက်

ပဲရစ် မေ ၂၇

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဂျပန်တင်းနစ်မယ် အိုဆာကာသည် စပိန်တင်းနစ်မယ် ဘာဒိုဆာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဘာဒိုဆာက (၆-၇၊ ၆-၁၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ကာလရှည် ရပ်တည်ခဲ့ဖူးသည့် အိုဆာကာအတွက် ပုံစံကောင်း ရရှိရန် ရုန်းကန်နေရဆဲဖြစ်ပြီး ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲတွင်လည်း ပထမအဆင့်မှပင် နုတ်ထွက်ခဲ့ရသည့်အတွက် စိတ်ပျက်မိကြောင်း အိုဆာကာက ပြောကြားခဲ့သည်။

ဂရန်းစလန်း ဆုဖလား လေးလုံးအထိ ရရှိထားသည့် အိုဆာကာသည် ပထမပွဲငယ်တွင် ဘာဒိုဆာအား အနိုင်ကစားနိုင်ခဲ့သော်လည်း tie-break အဆင့်အထိ ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်သည်။ သို့သော် ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့၌ ပြတ်သားသည့်ရလဒ်များဖြင့် ရှုံးနိမ့်ခဲ့ရပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

အိုဆာကာက “ဘာဒိုဆာနဲ့ပွဲစဉ်ဟာ တကယ်ကိုခက်ခဲတဲ့ပွဲစဉ်ဖြစ်ခဲ့ပါတယ်။ ဒီလိုပြိုင်ပွဲမျိုးကို ပထမအဆင့်ကနေ နှုတ်ဆက်ခဲ့ရတာ စိတ်ပျက်ဖို့ကောင်းပါတယ်။ ကျွန်မအနေနဲ့ ဒီထက်ပိုကောင်းအောင် ကစားနိုင်ခဲ့သင့်တယ်။ ကျွန်မရဲ့ ပရိသတ်တွေကို စိတ်ပျက်အောင် လုပ်မိခဲ့ပါပြီ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# နွေရာသီကစားသမားအပြောင်းအရွှေ့တွင် ကစားသမားသစ် မခေါ်ပေးပါက နာပိုလီအသင်းမှ ထွက်ခွာမည်ဟု နည်းပြကွန်တီပြောကြား

ရောမ မေ ၂၇

နာပိုလီအသင်း နည်းပြကွန်တီက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းက ကစားသမားသစ်များ မခေါ်ယူပေးပါက အသင်းမှ ထွက်ခွာမည်ဟု ပြောကြားထားကြောင်း သိရသည်။

နည်းပြကွန်တီသည် ယခုနှစ် ဘောလုံးရာသီတွင် နာပိုလီအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ပထမဆုံးဘောလုံးရာသီမှာပင် အင်တာမီလန်အသင်းကို ကျော်ဖြတ်ပြီး အီတလီစီးရီးအေ ချန်ပီယံဆုကို ဆွတ်ခူးပေးနိုင်ခဲ့သည်။

နည်းပြကွန်တီသည် ယခုနှစ် ဘောလုံးရာသီတွင် အသင်းကို အီတလီစီးရီးအေ ချန်ပီယံဆု ဆွတ်ခူးပေးနိုင်ခဲ့သော်လည်း လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် ၎င်းခေါ်ယူလိုသည့် ကစားသမားများကို အသင်းအနေဖြင့် ခေါ်ယူမပေးပါက အသင်းမှ ထွက်ခွာမည်ဟု ပြောကြားခဲ့ခြင်း ဖြစ်သည်။

နာပိုလီအသင်းသည် ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီက အီတလီစီးရီးအေပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ပြီးနောက် အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ် ခေါ်ယူခဲ့ခြင်းမရှိခဲ့ဘဲ လက်ရှိ ကစားသမားအင်အားဖြင့်သာ နောက်ရာသီကိုကစားခဲ့ရာ အသင်းအနေဖြင့် ရလဒ်များ ဆိုးရွားခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်နှင့်ပါ လွဲချော်ခဲ့သည့်အတွက်



နည်းပြကွန်တီက လာမည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် လိုအပ်ချက်ရှိသည့် နေရာများအတွက် ကစားသမားသစ်များနှင့် အင်အားဖြည့်တင်း လိုနေသောကြောင့် အသင်းကစားသမားသစ်ခေါ်ယူမှု လုပ်ဆောင်မပေးပါက အသင်းနှင့်လမ်းခွဲရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

Ref : One Football

Trs : STA

# အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဇာလာတိုရစ် ဒဏ်ရာကြောင့် ရာသီကုန်ထိ အနားယူရဖွယ်ရှိ

နယူးယောက် မေ ၂၇

အမေရိကန် နာမည်ကြီး ဂေါက်သီးရိုက် ကစားသမား ဇာလာတိုရစ်သည် နောက်ကျောဒဏ်ရာအား ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သဖြင့် ၂၀၂၅ ခုနှစ် ဂေါက်သီးရိုက်ရာသီကုန်အထိ အနားယူရဖွယ်ရှိနေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဇာလာတိုရစ် အနေဖြင့် နောက်ကျော နာကျင်သည့် ဝေဒနာနှင့် ရင်ဆိုင်ခဲ့ရပြီးနောက် လိုအပ်သော ဆေးစစ်မှုများပြုလုပ်ခဲ့ရာ ကျောရိုးရှိ အဆစ်နှစ်ဆစ် အနေအထားလွဲနေသည့်အတွက် ပြန်လည် ပြင်ဆင်သွားရမည်ဖြစ်ကြောင်း သိရသည်။

ဇာလာတိုရစ်က “နွေရာသီကာလစတင်ပြီးနောက် ကျောဒဏ်ရာက ပုံမှန်မဟုတ်ဘူးလို့ ခံစားလာရတယ်။ ဒါကြောင့် ဆရာဝန်ဆီသွားပြီးတော့ MRI စစ်ဆေးမှုတွေပြုလုပ်ကြည့်တော့ ကျောရိုးအဆစ် နှစ်ဆစ်မှာ ပြဿနာရှိနေတယ်လို့ သိရတယ်။ ခွဲစိတ်ကုသမှု ပြုလုပ်ရမှာဖြစ်တဲ့အတွက် ကာလရှည် အနားယူရတော့မယ်။ ၂၀၂၃ ခုနှစ် ဧပြီလတုန်းကလည်း ခွဲစိတ်ကုသမှုခံယူခဲ့ရသေးတယ်။ နောက်ကျောဒဏ်ရာကြောင့်ပဲ ကာလရှည်အနားယူခဲ့ရတယ်။ ဒဏ်ရာပြဿနာကို အမြန်ဆုံးဖြေရှင်းပြီး ပြိုင်ပွဲအတွင်း ဝင်ရောက်လာနိုင်အောင်ကြိုးစားသွားမှာပါ”ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# WBA Asia စူပါဘင်တန်ဝိတ်တန်း ချန်ပီယံခါးပတ်အား ဒီကန်ဝမ် ဆွတ်ခူးရရှိ



ပေကျင်း မေ ၂၇

WBA Asia စူပါဘင်တန်ဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် တရုတ်လက်ဝှေ့သမား ဒီကန်ဝမ်နှင့် အာဂျင်တီးနားလက်ဝှေ့သမား ဖန်တိုနီတို့ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဝန်ရှန်မြို့၌ မေ ၂၆ ရက်က ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဒီကန်ဝမ်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ်အား ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဒီကန်ဝမ်သည် ပထမအချီမှစတင်၍ ဖန်တိုနီအား ဖိအားပေးထိုးသတ်ခဲ့သလို အတင်းဝင် အတင်းထွက်ပုံစံဖြင့် ထိုးသတ်ခဲ့သည့်အတွက်ကြောင့် ဖန်တိုနီမှာ ခံစစ်ဖြင့်သာ ကာကွယ်နေခဲ့ရပြီး လေးချီမြောက်တွင် ဘယ်ညာလက်သီးထိုးချက် တွဲလုံးဖြင့် လျင်လျင်မြန်မြန် ထိုးသတ်ခဲ့ရာ တွဲလုံးတစ်စုံ ထိမှန်ခဲ့သည့် ဖန်တိုနီမှာ ဒဏ်ရာရရှိခဲ့ပြီးနောက် ကြိုးဝိုင်းဒိုင်က ဖန်တိုနီအား ဆက်လက် ထိုးသတ်ခွင့်မပြုတော့သည့်အတွက် ဒီကန်ဝမ်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဒီကန်ဝမ်က “ကျွန်တော့်အတွက် ဝမ်းသာစရာကောင်းတဲ့ အောင်မြင်မှုတစ်ခုပါ။ မနှစ်တုန်းက ဧပြီလမှာ WBO Africa စူပါဘင်တန်ဝိတ်တန်း ချန်ပီယံခါးပတ်အတွက် ထိုးသတ်ခဲ့တာ ရှုံးနိမ့်ခဲ့ရတယ်။ အခုတစ်ကြိမ်မှာတော့ ခါးပတ်တစ်ခု ပိုင်ဆိုင်ခွင့်ရခဲ့ပြီ။ မွေးရပ်မြေက တရုတ်ပရိသတ်တွေရှေ့မှောက်မှာ အခုလိုရလဒ်မျိုးနဲ့ အနိုင်ရခဲ့တာ ကျွန်တော့်အတွက် ဂုဏ်ယူစရာပါပဲ။ ကျွန်တော့်ရဲ့ အဓိကရည်မှန်းချက်က ကမ္ဘာ့ချန်ပီယံတစ်ယောက်ဖြစ်ခွင့်ရဖို့အတွက်ပါ။ အခု WBA Asia ခါးပတ်ကိုရပြီဆိုတော့ မကြာခင် ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ထိုးသတ်ဖို့ အခွင့်အရေးရဖို့ မျှော်လင့်ပါတယ်။ ဒီနှစ်အတွင်း မရခဲ့ရင်တောင် နောက်နှစ်မှာတော့ ကမ္ဘာ့ချန်ပီယံ ခါးပတ်အတွက် ထိုးသတ်ခွင့်ရမယ်လို့ မျှော်လင့်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ခဲ့လ်ဆီးအသင်းက ဆန်ချိုကို မန်ယူအသင်းထံ ပြန်လည်စေလွှတ်ရန်ဆုံးဖြတ်



လန်ဒန် မေ ၂၇

ချဲလ်ဆီးအသင်းက မန်ယူအသင်းထံမှ တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် တောင်ပံတိုက်စစ် ကစားသမား ဆန်ချိုကို အပြီးသတ်ခေါ်ယူမည်မဟုတ်ဘဲ လျော်ကြေးယူရို ၄ ဒသမ ၅ သန်းပေးချေပြီး မန်ယူအသင်းထံ ပြန်လည်စေလွှတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့်နှစ်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ဆန်ချိုကို မန်ယူအသင်းထံမှ တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး စာချုပ်ပါအချက်အလက်များအရ အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အပြီးသတ်ခေါ်ယူရမည်ဖြစ်ပြီး မခေါ်ယူလိုပါက လျော်ကြေးအဖြစ် စတာလင်ပေါင် ၄ ဒသမ ၅ သန်း ပေးချေရမည်ဟု ပါရှိသည့်အတွက် ချဲလ်ဆီးအသင်းက လျော်ကြေးပေးချေပြီး မန်ယူအသင်းထံ ပြန်လည်စေလွှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၅ နှစ်ရှိ ဆန်ချိုသည် ဒော့မွန်အသင်းတွင် ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ခြေစွမ်း ပြသနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က မန်ယူအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် ခြေစွမ်းပိုင်း ကျဆင်းခဲ့သဖြင့် ဒော့မွန်အသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြန်လည်ပြောင်းရွှေ့ခဲ့ရာတွင် ပုံစံကောင်းခဲ့သော်လည်း ချဲလ်ဆီးအသင်းထံ ယခုနှစ်ဘောလုံးရာသီတွင် အငှားစာချုပ်ဖြင့် ကစားခဲ့ရာတွင် ပြိုင်ပွဲစုံ ပွဲပေါင်း ၄၀ ထိ ပါဝင်ကစားခဲ့သော်လည်း လေးဂိုးသာ သွင်းယူနိုင်ခဲ့သည်ထိ ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရပြီးနောက် ချဲလ်ဆီးအသင်းက ပြန်လည်စေလွှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းကလည်း ဆန်ချိုကို အသင်းထံ ပြန်လည်ခေါ်ယူမည် မဟုတ်သည့်အတွက် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် အပြီးသတ်ရောင်းချရန်အတွက် ဆုံးဖြတ်ထားကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲကစားမည့် စပိန်အသင်းကစားသမားစာရင်းတွင် အစ္စကို ပြန်လည်ပါဝင်လာ

မက်ဒရစ် မေ ၂၇

စပိန်အသင်းနည်းပြ ဒီလာဖူအန်တီက လာမည့်ဇွန်အတွင်း ကစားမည့် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲကစားမည့် စပိန်အသင်းကစားသမားစာရင်းကို ထုတ်ပြန်ခဲ့ရာတွင် ဝါရင့်ကွင်းလယ်ကစားသမား အစ္စကိုပြန်လည်ပါဝင်လာခဲ့ကြောင်း သိရသည်။

စပိန်အသင်းသည် လာမည့်ဇွန် ၆ ရက်တွင် ပြင်သစ်အသင်းနှင့် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ကစားရမည်ဖြစ်သည့်အတွက် အပြီးသတ်ကစားသမား ၂၆ ဦးစာရင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၃ နှစ်ရှိ အစ္စကိုသည် ရီးရဲလ်မက်ဒရစ် အသင်းနှင့် ဆီဗီလာအသင်းတို့တွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရပြီးနောက် ၂၀၁၉ ခုနှစ်က စပိန်အသင်းတွင် နောက်ဆုံး ကစားခဲ့ရခြင်းဖြစ်သည်။

အစ္စကိုသည် ယခုနှစ်ဘောလုံးရာသီတွင် ဘက်တစ်အသင်းနှင့်အတူ စပိန်လာလီဂါပြိုင်ပွဲတွင် ၂၂ ပွဲကစားခဲ့ပြီး ကိုးဂိုးသွင်းယူနိုင်ခဲ့သကဲ့သို့ ရှစ်ကြိမ် ဂိုးဖန်တီးမှုပြုလုပ်ထားကာ ပြိုင်ပွဲစုံ ၃၂ ပွဲတွင် ၁၂ ဂိုးသွင်းယူကာ ၁၀ ကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားနိုင်သည့်အပြင် ဘက်တစ်အသင်း ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲ၌ ဖိုလ်လုပွဲထိ တက်ရောက်နိုင်ခဲ့ရာတွင်လည်း အဓိက ကစားသမားအဖြစ် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သဖြင့် စပိန်အသင်းတွင် ပြန်လည်ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

နည်းပြဒီလာဖူအန်တီ ထုတ်ပြန်ခဲ့သည့် စပိန်အသင်းကစားသမား



စာရင်းမှ ဂိုးသမားနေရာတွင် ဆိုင်မွန်၊ ရိုင်ဘာ၊ ရီမီယို၊ ခံစစ်ကစားသမားနေရာတွင် ပက်ဒရိုပေါ်ရို၊ မင်ဂူဇာ၊ လီနော်မန်း၊ ကျူဘာစီ၊ ဟူဂျီဆန်၊ ဂါမယ်ဒို၊ ကူကူရယ်လာ၊ ဗီဗီယန်၊ ကွင်းလယ်ကစားသမား နေရာတွင် ဇူဘီမန်ဒီ၊ ဖေဘီယန်၊ မိုရီနို၊ အဲလက်ဘီနာ၊ ပက်ဒရီ၊ ဖာမင်လိုပက်ဇ်၊ ဂါဗီ၊ အစ္စကို၊ တိုက်စစ်ကစားသမားနေရာတွင် မိုရာတာ၊ လမိုင်းယာမယ်၊ နစ်ကိုးဝီလျှံ၊ ယီရီမိုင်၊ အိုလ်မို၊ ဆာမူနှင့် အိုယာဘယ်ဇာတို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# ဂေဟာစနစ်ကို ဆိုးကျိုးများသာဖြစ်စေသော မိုက်ခရိုပလတ်စတစ်

ဒေါက်တာကျော်စွာထွန်း(ဆေးဝါးဗေဒ)

ဝင်ကစွပ်ကောင်တစ်ကောင်ကို ခရုခွံနှစ်ခုပေးပြီး နေထိုင်ရန် ဘယ်ခရုခွံက ပိုကောင်းသလဲ ရွေးခိုင်းကြည့်ပါက ၎င်းက မှန်ကန်စွာရွေးချယ်နိုင်ပါလိမ့်မည်။ သို့သော် ထိုသို့ မှန်ကန်စွာရွေးချယ်နိုင်မှုသည် မိုက်ခရိုပလတ်စတစ်များ စားသုံးပြီးချိန်တွင် ကမောက်ကမဖြစ်လာတတ်သည်။ ၎င်းတို့ချည်းသာမဟုတ်ပါ။ သတ္တဝါအတော်များများသည် မိုက်ခရိုပလတ်စတစ်များကိုစားသုံးမိပါက အပြုအမူဆိုင်ရာပြောင်းလဲမှုနှင့် တွေးခေါ်ဆင်ခြင်နိုင်စွမ်းလျော့ပါးမှုများကို ခံစားကြရလေ့ရှိသည်။ မိုက်ခရိုပလတ်စတစ်များက ကြွက်များ၏မှတ်ဉာဏ်ကို မေ့လျော့တတ်စေပြီး ပျားများ၏သင်ယူမှုကို အနှောင့်အယှက်ပေးကာ အရွယ်အစားသေးငယ်သော ဇီးဘရားငါးများက ပိုပြီးအထိမခံဖြစ်လာတတ်ပေသည်။

ထိုတွေ့ရှိချက်များက လူသားများအတွက် အချက်ပေးခေါင်းလောင်းသံ ဖြစ်လာနေပေသည်။ မိုက်ခရိုပလတ်စတစ်ဟုခေါ်သော သေးငယ်သော ပလတ်စတစ်အမှုန်များသည် အာတိတ်ဒေသရေခဲပြင်မှတစ်ဆင့် အမေဇုန်တောထဲထိ နေရာအနှံ့ပျံ့နှံ့နေကြပေပြီ။ ပိုဆိုးသည်က ဘီယာ၊ အိမ်သုံးဆား စသည်မှသည် ပင်လယ်စာနှင့် ပျားရည်တို့ထိ အစားအသောက်မျိုးစုံတွင် မိုက်ခရိုပလတ်စတစ်များပါဝင်နေပြီး လူတို့သည် နှစ်စဉ် မိုက်ခရိုပလတ်စတစ်အစပေါင်း ၅၂၀၀၀ ခန့် စားသုံးမိနေကြခြင်းဖြစ်သည်။ အသက်ရှူလမ်းကြောင်းမှ ဝင်ရောက်သည့်အရာများကိုပါ ပေါင်းထည့်လျှင် တစ်နှစ်လျှင် မိုက်ခရိုပလတ်စတစ်အစအနပေါင်း ၁၂၀၀၀၀ ကျော် ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်လျက်ရှိပေသည်။ သုတေသနများကလည်း ၎င်းမိုက်ခရိုပလတ်စတစ်များသည် ဦးနှောက်အတွင်းသို့ ဝင်ရောက်နိုင်ကြောင်းကို ဖော်ပြလာကြသည်။

မိုက်ခရိုပလတ်စတစ်များက လူသားတို့၏ ဦးနှောက်အပေါ် သက်ရောက်မှုကို အတိအကျ လေ့လာဆန်းစစ်နိုင်ခြင်းမရှိသော်လည်း တိရစ္ဆာန်များတွင် ထိခိုက်မှုများရှိစေမည်မှာအသေအချာပင် ဖြစ်သည်။ သို့သော်လည်း တိရစ္ဆာန်များတွင် စမ်းသပ်တွေ့ရှိရသည့်အချက်အလက်များမှနေပြီး လူသားများတွင်လည်း မည်သို့ဖြစ်နိုင်သည်ဟု မှန်းဆကြည့်နိုင်ပေသည်။ ဦးနှောက်အတွင်းသို့ မိုက်ခရိုပလတ်စတစ်များစွာရောက်ရှိပါက ဦးနှောက်ဆိုင်ရာရောဂါများဖြစ်သော မေ့လျော့တတ်ခြင်းမှသည် သူငယ်ပြန်ခြင်းအထိ ဖြစ်လေ့ရှိကြောင်း သုတေသနအချက်အလက်များအရ သိရသည်။

ပလတ်စတစ်သည် ၁၉၀၇ ခုနှစ်တွင် ဘယ်လ်ဂျီယမ်လူမျိုး သိပ္ပံပညာရှင် လီယိုဘေကီလင်းက ပိုလီဖီနောနှင့် ဖော်မယ်ဒီဟိုက် ဓာတုပစ္စည်းတို့ကို ပေါင်းစပ်ပြီးတီထွင်ခဲ့ရာမှ စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ မီးကြိုးများကို ဓာတ်မကူးစေရန် ကြားခံပစ္စည်းအဖြစ် တီထွင်ခဲ့သည့်ပလတ်စတစ်ကို ယနေ့တွင် လူတို့က တွင်တွင်ကျယ်ကျယ်အသုံးပြုခဲ့ကြသည်။ ၁၉၅၀ ပြည့်နှစ်များက တစ်နှစ်လျှင် ပလတ်စတစ်ထုတ်လုပ်မှု တန်ချိန်တစ်သန်းခန့်ရှိခဲ့ပြီး ယခုအခါ ထိုပမာဏထက် အဆ ၄၀၀ ခန့် ထုတ်လုပ်အသုံးပြုနေကြပေသည်။ ၁၉၅၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ်ကြားတွင် လူသားတို့သည် ပလတ်စတစ်တန်ချိန်ပေါင်း ၉ ဒသမ ၂ ဘီလီယံခန့် ထုတ်လုပ်သုံးစွဲခဲ့ကြပြီးဖြစ်သည်။ ပြန်လည်အသုံးပြုခြင်းနည်းလမ်းကြောင့် ပလတ်စတစ်ထုတ်လုပ်မှု ယခင်ကထက် လျော့ကျလာခဲ့သော်လည်း အသုံးပြုသည့်ပလတ်စတစ်များ၏ ကိုးရာခိုင်နှုန်းကိုသာ ပြန်လည်အသုံးပြုနိုင်ကြပေသည်။ ကျန်သောပလတ်စတစ်များမှာ သဘာဝပတ်ဝန်းကျင်ရှိ မြေထု၊ ရေထုများအတွင်းသို့ ရောက်ရှိကာ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေပေသည်။

သဘာဝပတ်ဝန်းကျင်သို့ ရောက်ရှိသွားသော ပလတ်စတစ်များသည် နေရောင်ခြည်၊ ရေနှင့် လေတို့ကြောင့် အလွန်သေးငယ်သည့်အစအနများဖြစ်သွားသည်။ ထိုအစအနများသည် ငါးမီလီမီတာအောက် သေးငယ်ပါက ၎င်းတို့ကို မိုက်ခရိုပလတ်စတစ်များဟုခေါ်ကြသည်။ သေးငယ်လှသည့် ပလတ်စတစ်အစအနများကို ရေသတ္တဝါများက စားသုံးမိကြသကဲ့သို့ အပင်များကလည်း အမြစ်မှတစ်ဆင့် စုပ်ယူမိကြသည်။ အင်းဆက်များက ရှူသွင်းမိကြသည်။ ထိုသို့ရောက်ရှိသွားသောမိုက်ခရိုပလတ်စတစ်များသည် သတ္တဝါတို့၏ ဦးနှောက်အတွင်းရောက်ရှိကာ ဒုက္ခပေးနိုင်သည်။



**ဆုံးဖြတ်ချက်မှားယွင်းခြင်း**

လန်ဒန်မြို့ရှိ တော်ဝင်မွေးမြူရေးဆိုင်ရာ ကောလိပ်မှ အင်ဒရူးခရန့်တို့အဖွဲ့သည် ဝင်ကစွပ်ကောင်များအပေါ် မိုက်ခရိုပလတ်စတစ်များ၏ သက်ရောက်မှုကို လေ့လာခဲ့ကြသည်။ ဝင်ကစွပ်ကောင်များကို အုပ်စုနှစ်ခုခွဲကာ အုပ်စုတစ်ခုကို ရေကြည်ရေသန့်အတွင်းနေထိုင်စေပြီး နောက်တစ်စုကို ပလတ်စတစ်အစအနများထည့်သွင်းထားသည့် ရေအတွင်း နေထိုင်စေခဲ့သည်။ ငါးရက်အကြာတွင် ထိုအုပ်စုနှစ်စုမှ ဝင်ကစွပ်ကောင်များကို ခရုခွံအကြီးတစ်ခုနှင့် အသေးတစ်ခု နှစ်ခုပေးကာ ရွေးချယ်စေခဲ့သည်။ ရေကြည်ရေသန့်တွင် နေထိုင်ရသည့် ဝင်ကစွပ်များက ခရုခွံအကြီးကို ရွေးချယ်ကြပြီး ပလတ်စတစ်ရေထဲနေထိုင်ကြရသည့် ဝင်ကစွပ်များက ခရုခွံအသေးကို ရွေးချယ်လေ့ရှိကြကြောင်းကို လေ့လာတွေ့ရှိခဲ့ရပေသည်။

မိုက်ခရိုပလတ်စတစ်များက တိရစ္ဆာန်များ၏ အပြုအမူဆိုင်ရာများကို အပြောင်းအလဲဖြစ်စေကြောင်း ဖော်ထုတ်ပြသသည့် အခြားသောသုတေသနများလည်း ပေါ်ပေါက်လာခဲ့ပေသည်။ မိုက်ခရိုပလတ်စတစ်များကိုစားသုံးထားကြသည့် ကြွက်များသည် ဝင်္ကပါဖြတ်သန်းသွားရာတွင် အခက်အခဲများကြုံတွေ့ခဲ့ကြရသည်။ ပုံမှန်ကြွက်များက ၂၄ နာရီအကြာက ထိတွေ့ခဲ့ရသည့် နေရာတစ်ခုကို မှတ်မိသိရှိသော်လည်း မိုက်ခရိုပလတ်စတစ်များစားသုံးထားကြသည့်ကြွက်များက မရောက်ဖူးသည့်နေရာတစ်ခုကိုရောက်ရှိနေသလို ပြန်လည်လေ့လာသုံးသပ်နေကြကြောင်းကိုလည်း တွေ့ရှိကြရသည်။ မိုက်ခရိုပလတ်စတစ်များတိုက်ကျွေးခံထားရသော ကြွက်များသည် သားရဲများကို အကြောက်အလန့်ပိုမိုကင်းမဲ့သည်ကိုလည်း တွေ့ရှိရသည်။ အစာဝအောင်ကျွေးထားသော မြွေတစ်ကောင်ထည့်ထားသည့် လှောင်အိမ်တစ်ခုအတွင်းသို့ သာမန်ကြွက်များကို ထည့်ကြည့်ပါက ထိုကြွက်များက မြွေကိုကြောက်ရွံ့ပြီး မြွေနှင့်ဝေးရာ ထောင့်တစ်ထောင့်တွင် ကုပ်ကာငြိမ်သက်နေတတ်ကြသည်။ မိုက်ခရိုပလတ်စတစ်များတိုက်ကျွေးခံထားရသည့် ကြွက်များကမူ အကြောက်အလန့်မရှိလျှောက်သွားပြီး မြွေအနားသို့ ပင်သွားကာ စူးစမ်းလေ့ရှိကြကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။

အခြားသောလေ့လာမှုများတွင်လည်း ငါးများက ငါးစာရှိရာသွားသည့်လမ်းကြောင်း မှားယွင်းခြင်း၊ ရေချိုပုစွန်များ ပိုမိုလှုပ်ရှားတက်ကြွလာစေခြင်း၊ ပျားတို့၏မှတ်ဉာဏ်ကိုလျော့ပါးစေခြင်း စသည်တို့ကို တွေ့ရှိထားရသည်။ ထိုသို့ သတ္တဝါတို့၏အပြုအမူပိုင်းဆိုင်ရာပြောင်းလဲမှုများသည် ဦးနှောက်အတွင်းသို့ရောက်ရှိသွားသည့် မိုက်ခရိုပလတ်စတစ်များကြောင့်ဖြစ်နိုင်ကြောင်း လေ့လာမှုများအရ သိရှိနိုင်သည်။ ငါးများက မိုက်ခရိုပလတ်စတစ်များကို စားသုံးပြီး ၂ နာရီနှင့် မိနစ် ၂၀ အကြာတွင် ၎င်းတို့၏ ဦးနှောက်တွင်းတွင် မိုက်ခရိုပလတ်စတစ်များရောက်ရှိနေကြောင်း လေ့လာမှုများတွင် တွေ့ရသည်။

လူသားများ၏ ဦးနှောက်သည်လည်း မိုက်ခရိုပလတ်စတစ်များ၏ ထိုးဖောက်ဝင်ရောက်မှုကို ခံနိုင်ရည်မရှိကြောင်း သုတေသနတစ်ခုအရ သိရသည်။ သေဆုံးသွားသူများ၏ ဦးနှောက်အပိုင်းအစများကို ဆေးဆိုးပြီး မိုက်ခရိုစကုပ်ဖြင့်ကြည့်ရှုသောအခါ မိုက်ခရိုပလတ်စတစ်အစအနများကို တွေ့ရှိကြရပေသည်။ ထို့ပြင် ၂၀၂၄ ခုနှစ်အတွင်းက ကွယ်လွန်ခဲ့ကြသည့် လူများ၏ဦးနှောက်အတွင်းတွင် ၂၀၁၆ ခုနှစ်က ကွယ်လွန်ခဲ့ကြသည့် လူများထက် မိုက်ခရိုပလတ်စတစ်ပမာဏ ၅၀ ရာခိုင်နှုန်း ပိုမိုများပြားနေကြောင်း နယူးမက္ကဆီကိုတက္ကသိုလ်မှ သုတေသီများက တွေ့ရှိခဲ့ကြသည်။

**အကာအကွယ်ကိုဖြတ်သန်းခြင်း**

လူသားတို့၏ ဦးနှောက်အတွင်းသို့ အန္တရာယ်ရှိပစ္စည်းများ ဝင်ရောက်ခြင်းမပြုနိုင်အောင် သွေးနှင့်ဦးနှောက်ကြား အကာအကွယ်က ကာကွယ်ပေးထားသည်။ အကယ်၍ ၎င်းကိုဖြတ်သန်းပြီး ပြင်ပအရာဝတ္ထုများဝင်ရောက်လာပါကလည်း ဦးနှောက်အတွင်းရှိ ကိုယ်ခံအားဆဲလ်များဖြစ်သည့် မိုက်ခရိုဂလိုင်ရာက ဝါးမျိုကာ ရှင်းလင်းဖယ်ရှားပေးလေ့ရှိသည်။ မိုက်ခရိုပလတ်စတစ်များသည် ဦးနှောက်အတွင်းသို့ အကာအကွယ်ကို ဖြတ်သန်းကာ ဝင်ရောက်လာပါကလည်း မိုက်ခရိုဂလိုင်ရာက စားသုံးလေ့ရှိသည်။ သို့သော် ထိုသို့ပြုလုပ်ခြင်းက အခြေအနေကို ပိုဆိုးသွားစေသည်။ မိုက်ခရိုပလတ်စတစ်များကို ဝါးမျိုလိုက်သည့် မိုက်ခရိုဂလိုင်ရာဆဲလ်များသည် ရောင်ကိုင်းလာပြီး ဦးနှောက်တွင်းဝင်ရောက်သည့်သွေးကြောများကို ပိတ်ဆို့စေပြီး ဦးနှောက်နှင့် အာရုံကြောဆိုင်ရာပြဿနာများကို ဖြစ်ပေါ်စေသည်။ မိုက်ခရိုပလတ်စတစ်များကိုဝါးမျိုထားသည့် မိုက်ခရိုဂလိုင်ရာဆဲလ်များသည် ပတ်ဝန်းကျင်ရှိ အာရုံကြောဆဲလ်များကိုလည်း ရောင်ရမ်းကာ ပျက်စီးစေနိုင်သည်။ ထိုသို့ ရောင်ရမ်းပျက်စီးပါက သတ္တဝါတို့၏ အပြုအမူပိုင်းဆိုင်ရာအပြောင်းအလဲများကိုဖြစ်စေကြောင်း တွေ့ရှိထားသည်။ ဥပမာအားဖြင့် ဇီးဘရားငါးများ၏ ရေကူးနိုင်စွမ်းကို ကျဆင်းစေပြီး စိတ်ကျလက္ခဏာများကို ဖြစ်ပေါ်စေသည်။ မိုက်ခရိုပလတ်စတစ်များစားသုံးပြီး မွေးဖွားလာသည့် ကြွက်ပေါက်စလေးများသည် ရှင်သန်ဖွံ့ဖြိုးကြီးထွားရန် အခက်အခဲများကြုံတွေ့ကြရလေ့ရှိသည်။

တိရစ္ဆာန်များတွင် လေ့လာမှုများအရ ဦးနှောက်အတွင်းရောက်ရှိသည့် မိုက်ခရိုပလတ်စတစ်များက မှတ်ဉာဏ်နှင့် သင်ယူမှုစွမ်းရည်အတွက် အရေးပါသည့် အာရုံကြောကြားခံပစ္စည်း အဆီသိုင်းကိုလင်းနှင့် အောက်စီတိုစင်ဟော်မုန်းတို့၏ ပမာဏကို လျော့ကျစေကြောင်း တွေ့ရသည်။ ထို့ပြင် မိုက်ခရိုပလတ်စတစ်များသည် အူလမ်းကြောင်းနှင့်ဦးနှောက် ဆက်စပ်ဝင်ရိုးမှတစ်ဆင့်လည်း ဦးနှောက်တွင်း တိုက်ရိုက်ဝင်ရောက်ခြင်းမရှိဘဲ အူလမ်းကြောင်းအတွင်းဝင်ရောက်ရုံဖြင့် အူလမ်းကြောင်းရှိ ဗက်တီးရီးယားများကို ပျက်စီးစေကာ ရေတိုမှတ်ဉာဏ်ကို ထိခိုက်ပျက်စီးစေနိုင်ကြောင်း သုတေသနများအရ သိရသည်။

သက်ရှိလူသားများအပေါ် မိုက်ခရိုပလတ်စတစ်များ၏သက်ရောက်မှုကို လေ့လာထားသောသုတေသနအချို့လည်းရှိသည်။ ပလတ်စတစ်ပစ္စည်းများ သုံးစွဲမှုများပြားပြီး ပလတ်စတစ်ဘူးထဲမှရေကို ပုံမှန်သောက်လေ့ရှိသည့် မိုက်ခရိုပလတ်စတစ်နှင့်ထိတွေ့နိုင်ခြေများသော အသက် ၆၀ ကျော် လူကြီးများကို တရုတ်နိုင်ငံတွင် လေ့လာထားသည့် သုတေသနတစ်ခု ၂၀၂၄ ခုနှစ်အတွင်းက ပေါ်ထွက်ခဲ့သည်။ ထိုသူများတွင် ကျန်သူများထက် သူငယ်ပြန်မေ့လျော့မှုနှုန်း အနည်းငယ်ပိုမိုကြောင်း တွေ့ရသည်။

မိုက်ခရိုပလတ်စတစ်များကြောင့် လူသားများ၏ ကျန်းမာရေးကိုထိခိုက်စေနိုင်ကြောင်း လေ့လာမှုများမှာ အစပျိုးအဆင့်တွင်သာ ရှိနေသေးသော်လည်း လူသားတို့အနေဖြင့် မိုက်ခရိုပလတ်စတစ်များ စားသုံးမှုကို လျှော့ချနိုင်သည့်နည်းလမ်းများစွာရှိနေသည်။ အထူးသဖြင့် မိုက်ခရိုပလတ်စတစ်များပါဝင်နိုင်သည့် ရေအညစ်များ ထည့်သွင်းစိုက်ပျိုးထားခြင်းမရှိသည့် အော်ဂဲနစ်ဟင်းသီးဟင်းရွက်များကို စားပေးရပါမည်။ ပရိုဘိုင်အောတစ် ခေါ် ကောင်းသော ဗက်တီးရီးယားများပါသည့် ဖြည့်စွက်စာများကိုစားပေးခြင်းကလည်း မိုက်ခရိုပလတ်စတစ်များကြောင့် ဦးနှောက်ဆဲလ်များရောင်ရမ်းခြင်းကို လျော့ပါးစေနိုင်သည်။ ဓာတ်တိုးဆန့်ကျင်ဓာတ်တစ်မျိုးဖြစ်သည့် ဗီတာမင်အီးကို သောက်သုံးပေးခြင်းအားဖြင့် ရောင်ရမ်းမှုများကို လျှော့ချနိုင်သည်။ ဗီတာမင်အီးကြွယ်ဝသည့် အစားအစာများစားပေးခြင်းကလည်း ၎င်းအာနိသင်ကို ရရှိစေနိုင်သည်။ စားစရာသောက်စရာများကို ပလတ်စတစ်ဘူးများ၊ ခွက်များဖြင့် ထည့်ပြီးစားသောက်ခြင်းကိုလည်း အတတ်နိုင်ဆုံးရှောင်ကြဉ်သင့်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

– Mind–bending Material, New Scientist, 10.5.2025

# ပုံရိပ် ရုပ်ရှင်ဇာတ်ကားကို CANAL+ ZAT LENN ရုပ်သံလိုင်းမှ ဇွန် ၁ ရက်တွင် ထုတ်လွှင့်ပြသသွားမည်




ရန်ကုန် မေ ၂၇

ပုံရိပ် ရုပ်ရှင်ဇာတ်ကားကို CANAL+ ZAT LENN ရုပ်သံလိုင်းမှ ဇွန် ၁ ရက်ည ၇ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ချိုဝတ်ရည်က ပြောပြ၍ သိရသည်။

အဆိုပါပုံရိပ်ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ချိုဝတ်ရည်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ချိုဝတ်ရည်ကပင် Dream ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"၂၀၂၂ ခုနှစ်ဩဂုတ်လတုန်းက ရုံတင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ ရုံတင်စဉ်က မကြည့်လိုက်ရတဲ့ ပရိသတ်တွေအတွက် CANAL+ ZAT LENN က ထုတ်လွှင့်ပေးမှာပါ။ ပုံရိပ်ဇာတ်ကားမှာက ရသပေါင်းစုံ တည်ထားပါတယ်။ လျှို့ဝှက်သည်းဖို့နဲ့ သည်းထိတ်ရင်ဖိုခံစားရမဲ့ ဇာတ်ကွက်တွေလဲ ပါတယ်။ သူငယ်ချင်းတွေကြားက ချစ်ခြင်းသံယောဇဉ် ဆိုတာလေးလဲ ထည့်ထားတယ်။ ကိုယ့်စိတ်ကြိုက် ဇာတ်လမ်းဇာတ်ညွှန်း ရေးထားတဲ့ ဝတ်ရည်ရဲ့ပထမဆုံး ဒါရိုက်တာအဖြစ် စတင်ရိုက်ကူးတဲ့ရုပ်ရှင်ဖြစ်ပေမဲ့ ကျေနပ်မှုအပြည့်ရှိခဲ့တဲ့ဇာတ်ကားပါ"ဟု ဒါရိုက်တာ ချိုဝတ်ရည်က ပြောပြသည်။

ပုံရိပ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ကျော်ဗို၊ အလင်းရောင်၊ ရဲမွန်၊ မေခင်မို့မို့အေးနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# ကျွန်ုပ်တို့ရွာက မကြည်ပြာ ဇာတ်လမ်းတွဲကို Channel 7 မှ ထုတ်လွှင့်ပြသလျက်ရှိ

ရန်ကုန် မေ ၂၇

Hey Play Application ၏ မူပိုင် ဇာတ်လမ်းတွဲဖြစ်သည့် ကျွန်ုပ်တို့ရွာက မကြည်ပြာ ဇာတ်လမ်းတွဲကို Channel 7 ရုပ်သံလိုင်းမှ ယနေ့မှစတင်ကာ ထုတ်လွှင့် ပြသလျက်ရှိကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ ရတနာဗိုထံမှ သိရသည်။

အဆိုပါ ကျွန်ုပ်တို့ရွာက မကြည်ပြာဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဒီဒီထက်အောင်က ရေးသားထားခြင်းဖြစ်ပြီး ဒီဒီထက်အောင်၊ အေးမို့မို့အောင်နှင့် MSY Story Team တို့က ဇာတ်ညွှန်းရေးသားထားကာ BONANZA Film Production အတွက် ဒါရိုက်တာ နိုရာကိုက တာဝန်ယူပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ယောကျ်ားတွေကို မုန်းတီးပြီး အမုန်းတရားတွေ၊ စွဲလမ်းမှုတွေနဲ့ မတော်တဆသေဆုံးခဲ့တဲ့ ရွာရဲ့ ကွမ်းတောင်ကိုင် အချောအလှ မိန်းမပျိုလေး တစ်ယောက်ရဲ့ အဖြစ်အပျက်ကို ဟာသဆန်ဆန်နဲ့ ထိတ်လန့်တုန်လှုပ်စရာကောင်းအောင် ရိုက်ကူးထားတဲ့ဇာတ်လမ်းတွဲလေးပါ။ အားပေးကြပါအုံး"ဟု သရုပ်ဆောင် ရတနာဗိုက ပြောပြသည်။




ကျွန်ုပ်တို့ရွာက မကြည်ပြာ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ကျော်ဗို၊ စစ်မင်းထက်၊ ဟိန်းသစ်စံ၊ နေ့သစ်အေးအောင်၊ ရတနာဗို၊ မေသူထွန်း၊ အိမ့်ကြာဖြူ၊ ခင်မို့မို့အေးနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကာ ယနေ့မှစတင်ကာ အပတ်စဉ် တနင်္လာနေ့မှသောကြာနေ့ထိ ည ၉ နာရီတွင် Channel 7 မှ ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။

ASH

# ၂၀၂၅-၂၀၂၆ သဘင်ရာသီအတွက် ပွဲမိန့်များလျှောက်ထားရန် သဘင်တည်ထောင်ခွင့်များ လာရောက်လျှောက်ထားနိုင်

ရန်ကုန် မေ ၂၇

၂၀၂၅-၂၀၂၆ သဘင်ရာသီကို သတ်မှတ်ထားပြီးဖြစ်သည့်အတွက် သဘင်ရာသီအတွက် ပွဲမိန့်များ လျှောက်ထားရန် သဘင်တည်ထောင်ခွင့်များ လာရောက်လျှောက်ထားနိုင်ကြောင်း မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ သိရသည်။

၂၀၂၅-၂၀၂၆ သဘင်ရာသီကို ယခုနှစ် ဇွန်လမှ ၂၀၂၆ ခုနှစ် ဇွန်လထိ သတ်မှတ်ထားပြီးဖြစ်ရာ အဆိုပါ သဘင်ရာသီအတွင်း နိုင်ငံတစ်ဝန်း သီဆိုဖျော်ဖြေကပြကြမည့် သဘင်အဖွဲ့အနေဖြင့် သဘင်ရာသီအတွက် ပွဲမိန့်များ လျှောက်ထား ကြရမည်ဖြစ်ရာ အဆိုပါပွဲမိန့်များအတွက် လိုအပ်သည့် သဘင်တည်ထောင်ခွင့်များ လာရောက် လျှောက်ထားကြရန် သဘင်လောကသားများကို အသိပေးထားကြောင်း သိရသည်။

"သဘင်ရာသီအတွင်းမှာ အများပြည်သူနဲ့ဆိုင်တဲ့ နေရာတွေမှာ စင်ထိုး၊ ကနားထိုးကပြကြမဲ့ သဘင်အဖွဲ့တွေက သဘင်ရာသီအလိုက် သဘင်တည်ထောင်ခွင့် လျှောက်ရပါတယ်။ ဒီတည်ထောင်ခွင့်က သက်တမ်းရှိမှသာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် သဘင်အစည်းအရုံးတွေက ပွဲမိန့်အတွက် ထောက်ခံချက်ပေးသလိုသက်ဆိုင်ရာ အဖွဲ့အစည်းတွေကလဲ ပွဲမိန့်ခွင့်ပြုပေးမှာ ဖြစ်တဲ့အတွက် သဘင်တည်ထောင်ခွင့်က သဘင်လောကသားတွေအတွက် အရေးကြီးပါတယ်။ အခုကစပြီးတော့ သဘင် တည်ထောင်ခွင့်တွေကို အောက်တိုဘာလကုန်ထိ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ သဘင်တည်ထောင်ခွင့်မရှိဘဲနဲ့ ပွဲမိန့်ရမှာ မဟုတ်ပါဘူး"ဟု မြန်မာနိုင်ငံသဘင်အစည်းအရုံး အတွင်းရေးမှူး ဦးနေဝင်းက ပြောပြသည်။

ပွဲမိန့်ရရှိရန် သဘင်တည်ထောင်ခွင့် လျှောက်ထားရာတွင် ဇာတ်၊ အငြိမ့်၊ ဆိုင်း၊ ချားရဟတ်၊ ဆပ်ကပ်၊ မျက်လှည့်၊ ပဒေသာ၊ ဘီသီက်၊ ခုတင်ထိုးအငြိမ့်၊ ဗြော၊ အိုးစည်၊ ဒိုးပတ်၊ စည်တော်၊ ဆင်အက၊ ရုပ်သေး၊ ယိမ်းကချေ၊ ခါးဖြတ်ဆိုင်း၊ တေးဂီတအဖွဲ့၊ နတ်ဒေဝါအဖွဲ့နှင့် လူရွှင်တော်အဖွဲ့များလည်း အကျုံးဝင်ကြောင်း သိရသည်။

ASH

# The Idiots ရုပ်ရှင်ဇာတ်ကားသစ်၌ ခရစ္စတီယန်ဖရိုက်ဒဲန့်နှင့် ဗစ်ကီခရစ်တို့ ပါဝင်မည်

နယူးယောက် မေ ၂၇

The Idiots အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ခရစ္စတီယန်ဖရိုက်ဒဲန့်နှင့် ဂျာမနီမင်းသမီး ဗစ်ကီခရစ်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၂၆ ရက် သတင်းများအရ သိရသည်။

The Idiots ဇာတ်ကားတွင် ဗစ်ကီခရစ်နှင့် ခရစ္စတီယန်ဖရိုက်ဒဲန့်တို့သည် မင်းသား ဂျွန်နီဖလင်း၊ မင်းသမီး ဘာဘရာမာတန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

The Idiots ဇာတ်ကားကို ပိုလန် ဒါရိုက်တာများဖြစ်ကြသည့် မာဂေါ်ဇာတာဇူမိုစကာနှင့် မီကယ်အန်းဂလာ့တို့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ကမ္ဘာကျော် ရုရှားစာရေးဆရာ ဒေါ့စတိုယက်စကီးနှင့်ဇနီးဖြစ်သူ အင်နာတို့၏ဘဝဇာတ်ကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဒရာမာဇာတ်ကားဖြစ်သည်။

၎င်းဇာတ်ကားကို စာရေးဆရာ အင်ဒရူးဒီကော့ဗင်း၏ The Gambler Wife: A True Story of Love, Risk and the Woman Who Saved Dostoyevsky အမည်ရှိ ဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

The Idiots ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဒါရိုက်တာ မာဂေါ်ဇာတာဇူမိုစကာနှင့် မီကယ်အန်းဂလာ့တို့က ရေးသားထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# Michael ဇာတ်ကားကို ဇွန်လအတွင်း ၂၂ ရက်ကြာ ထပ်မံရိုက်ကူးရန် စီစဉ်ထား

နယူးယောက် မေ ၂၇

Lionsgate ရုပ်ရှင်ကုမ္ပဏီသည် Michael ဇာတ်ကားကို ဇွန်လအတွင်း ၂၂ ရက်ကြာ ထပ်မံရိုက်ကူးရန် စီစဉ်ထားကြောင်း မေ ၂၆ ရက် သတင်းများအရ သိရသည်။

ထို့ပြင် Lionsgate ကုမ္ပဏီအနေဖြင့် Michael ဇာတ်ကားကို နှစ်ပိုင်းခွဲ၍ ရိုက်ကူးထုတ်လုပ်ဖွယ်ရှိကြောင်း သိရသည်။

Michael ဇာတ်ကားသည် ကမ္ဘာကျော်အမေရိကန် ပေါ့အဆိုတော် မိုက်ကယ်ဂျက်ဆင်၏ ဘဝကို အခြေခံရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

၎င်းဇာတ်ကားကို ဒါရိုက်တာ အင်တိုနီဖူကွာက တာဝန်ယူရိုက်ကူးနေပြီး မိုက်ကယ်ဂျက်ဆင်၏ တူတော်စပ်သည့် ဂျင်ဖာဂျက်ဆင်က မိုက်ကယ်ဂျက်ဆင် အဖြစ် သရုပ်ဆောင်ထားသည်။

Michael ဇာတ်ကားတွင် ဂျင်ဖာဂျက်ဆင်နှင့်အတူ မင်းသား ကိုးမင်းဒိုမင်ဂို၊ မိုင်းတယ်လာနှင့် မင်းသမီး နီရာလောင်းတို့လည်း ပါဝင်ထားသည်။

အဆိုပါ Michael ဇာတ်ကား ရုံတင်မည့်ရက်ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက မကြာမီကာလအတွင်း ကြေညာဖွယ်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects ministry buildings damaged by earthquake, gives necessary instructions


Photo shows damage caused by the earthquake to the building of the Ministry of Labour.

**Nay Pyi Taw May 27**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by Joint Secretary of the SAC General Ye Win Oo, union ministers, the chairman of Nay Pyi Taw Council and officials, inspected the buidlings of the Supreme Court of the Union and the Ministry of Labour damaged by the Mandalay Earthquake this evening.


Senior General Min Aung Hlaing inspects damage to the building of the Supreme Court of the Union.

During the inspection, the Senior General and party arrived at the building of the Supreme Court of the Union and inspected the clearing of debris, the removal of dangerous ruins, damage to office buildings and opening and operations of temporary prefabricated offices in front of the form office buildings before giving necessary instructions on reports of responsible officials.

Then, the Senior General and party inspected the operations of the Ministry of Labour by opening temporary prefabricated offices to prevent the disruption of tasks and gave necessary instructions.

Afterward, the Senior General and party viewed round the damage by walking along the circuit of the labour ministry building and heard reports on reconstruction of the office building part by part based on inspection results of construction engineers and seismologists, plans to dismantle parts that are necessary to do so systematically and the need to build a retaining wall at the back of the office submitted by the union minister for construction.

After hearing the reports, the Senior General said the buildings of the Supreme Court of the Union and the Ministry of Labour are included in the list of severely damaged buildings due to the earthquake and it is necessary to consult with seismologists and construction engineers and conduct soil tests and proper calculations in reconstruction of them for their durability and earthquake resistance. Then, the Senior General gave instructions on timely completion of the reconstruction of the office building within the designated period by carrying out initial works as soon as possible and other needs. 100


Senior General Min Aung Hlaing inspects the opening of temporary prefabricated offices for the Ministry of Labour.

# Winter chickpea harvested in Monywa Township in Sagaing Region

**Monywa May 27**

Statistics of Monywa Township Agriculture Department mentioned that all plantations of chickpea has been harvested in Monywa Township of Sagaing Region.

During the winter crop season, chickpeas were cultivated on up to 16,502 acres in Monywa Township. Harvesting of these chickpea fields, which began in January of this year, has now been completed 100 per cent. It was reported that the yield reached 16.63 baskets per acre.

"The chickpea crop in Monywa Township this winter season was successfully grown on 16,502 acres. As of now, harvesting has been completed on all cultivated land. Year by year, chickpea cultivation has been improving. To ensure good yields and quality, we have been working together with farmers by providing high-quality and pure seeds, fertilizers, and post-harvest technology support," said U Soe Thet Aung, Head of the Monywa Township Department of Agriculture.

It was learned that for chickpea cultivation in Monywa Township, the varieties Yezin-8 and Yezin-11, which are suitable for the region and offer good yields, were selected. The cost of cultivating one acre of chickpeas is said to exceed K300,000.

During the winter crop season, when various pulses are grown, collaborative efforts with farmers are ongoing to provide necessary quality seeds, fertilizers, and post-harvest technologies to ensure good yield and quality. Moreover, awareness and training activities are being conducted to encourage the use of beneficial fungi such as Trichoderma during pulse cultivation, with outreach being carried out through lead farmers.

Sagaing Region is the largest producer of pulses in terms of cultivated area nationwide. Not only are pulses grown as a primary crop, but due to the possibility of double cropping, many farmers are growing them as a major source of income. 206


A chickpea plantation.

# Republic of the Union of Myanmar
# State Administration Council
# Third Amendment to Civil Service Personnel Law
# (State Administration Council Law 39/2025)
## 1st Waxing of Nayon 1387 ME
## (27 May 2025)

The State Administration Council as enacted this law under Section 419 of the Constitution of the Republic of the Union of Myanmar.

1. This law shall be called the Third Amendment to the Civil Service Personnel Law.
2. Sub-section (h) of Section 10 of the Civil Service Personnel Law shall be substituted as follows: -

"(h) attending advanced courses for the purpose of the position of Head of Service Organization conducted by ministries and organizations in addition to the courses set for relevant ranks by the Union Civil Service Board"

Explanation: The advanced course for the purpose of the position of Head of Service Organization means the courses recognized by the UCSB for these ranks and duties.

3. Section 29 of the Civil Service Personnel Law shall be substituted as follows: -

"Section 29: Except for special issues, in promoting ranks of the service personnel –

(a) They must have attended the courses set for relevant ranks.

(b) They must have attended the advanced course conducted by ministries and organizations for the positions and duties of Head of Service Organization.

Explanation: The special issues mean reviews and decisions to promote rank of the service personnel by ministries and organizations depending on work performance and efficiency of those service personnel.

4. The expression "Central Institutes of Civil Services" mentioned in Section 35 of the Civil Service Personnel Law shall be substituted with "State Service Academies".

I signed this law under Section 419 of the Constitution of the Republic of the Union of Myanmar.

**Sd/Min Aung Hlaing**
**Senior General**
**Chairman**
**State Administration Council**

# Over 100,000 acres of sesame to be cultivated in Yinmabin District this monsoon season


A thriving sesame plantation in Yinmabin District.

**Yinmabin May 27**

According to data from the Yinmabin District Agriculture Department, over 100,000 acres of sesame will be cultivated in Yinmabin District, Sagaing Region, during this year's monsoon crop season.

For the 2025-2026 monsoon season, Yinmabin District has planned to cultivate a total of 180,662 acres of sesame. Currently, farmlands are being plowed in preparation for peanut cultivation.

"This monsoon season, Yinmabin District has planned to cultivate over 100,000 acres of sesame. Preparations are underway this month to meet the targeted acreage. Efforts are also being made to expand sesame cultivation, improve yield, and promote Good Agricultural Practices (GAP) methods," said Daw Myat Moe Win, the district agriculture officer.

The planned sesame cultivation for the 2025-2026 monsoon season in Yinmabin District is distributed across townships as follows: Yinmabin Township (51,860 acres), Kani Township (39,150 acres), Salingyi Township (18,560 acres), and Pale Township (71,092 acres), totaling 180,662 acres.

This year, the township agriculture departments will provide farmers in Yinmabin District with knowledge on expanding sesame cultivation, proper farming techniques, GAP methods, using high-quality seeds, and cultivating high-yield varieties to improve productivity.

Crops produced under GAP standards are of higher quality, fetch better prices, and can be exported to both domestic and international markets. As a result, farmers who adopt GAP methods can enjoy greater economic benefits, leading to improved socio-economic conditions. 206

# Ngaputaw Township harvests over 1,000 acres of green beans from winter planting season

**Ngaputaw May 27**

A total of 1,837 acres of green beans planted in in Ngaputaw Township, Pathein District, Ayeyawady Region, have been harvested, said U San Win, head of the Department of Agriculture for Ngaputaw Township.

The green beans that were planted began to be harvested in the second half of March this year and all 1,837 acres of green beans have been harvested. The harvested green beans yield up to 14.44 baskets per acre.

"The Township Department of Agriculture has provided agricultural technologies and other necessary measures to ensure that the green beans to be planted meet the target. We have provided activities to ensure that the green beans to be planted are strong, good yield, and are free from pests and diseases," he said.

In Ngaputaw Township, the Department of Agriculture has carried out field work to provide technologies to ensure that all the crops planted during this year's winter crops planting season, including green beans, are targeted to be planted for good yield, good quality, and are free from pests and diseases. KKL

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားတပ်မတော်က အဆင့်မြှင့်တင်ထားသော Lancet XXL ကာမီကာဇီတိုက်ခိုက်ရေးဒရုန်းကို တပ်ဖြန့်အသုံးပြုနိုင်ခဲ့



ရုရှားတပ်မတော်သည် အဆင့်မြှင့်ထားသည့် Lancet XXLကာမီကာဇီတိုက်ခိုက်ရေးဒရုန်းကို ယူကရိန်းအထူးစစ်ဆင်ရေးတွင် တပ်ဖြန့်အသုံးပြုနိုင်ခဲ့ကြောင်း Bulgarian Military သတင်းဌာနက မေ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Lancet XXLကာမီကာဇီတိုက်ခိုက်ရေးဒရုန်းတွင် TNT ဖောက်ခွဲရေးယမ်း ၂၀ ကီလိုဂရမ်နှင့်ညီမျှသော ထိပ်ဖူးတစ်ခုကို တပ်ဆင်ထားပြီး အကွာအဝေး ၂၀၀ ကီလိုမီတာထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိကြောင်း ရုရှားစစ်ဘက် စောင့်ကြည့်လေ့လာသူများထံမှ သိရှိရသည်။ သို့ရာတွင် အဆိုပါ ပြောဆိုရေးသားချက်များအပေါ် ဒရုန်းထုတ်လုပ်သည့် ZALA Aero Group ကုမ္ပဏီ သို့မဟုတ် ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနမှ အတည်ပြုထုတ်ပြန်ထားခြင်းမျိုးမရှိပေ။

အလိုအလျောက်ပစ်မှတ် ရွေးချယ်နိုင်သော ဉာဏ်ရည်တုစနစ်အစိတ်အပိုင်းများပါဝင်သည့် Lancet XXL တိုက်ခိုက်ရေးဒရုန်းသည်ရုရှားနိုင်ငံ၏ မောင်းသူမဲ့ယာဉ်စွမ်းရည်များတွင် သိသိသာသာတိုးတက်ဖွံ့ဖြိုးလျက်ရှိကြောင်း၊ အထူးသဖြင့် Lancet XXL ကာမီကာဇီတိုက်ခိုက်ရေးဒရုန်းများသည် တိကျသောတိုက်ခိုက်မှုများအတွက် အရေးပါသည့်လက်နက်ကိရိယာတစ်ခုဖြစ်သော ယူကရိန်းတွင်ဖြစ်ပွားနေသည့် ပဋိပက္ခများတွင် စစ်မြေပြင်အခင်းအကျင်းများကို ပြန်လည်ပုံဖော်နိုင်လိမ့်မည်ဖြစ်သည်။

Kalashnikov Concern ကုမ္ပဏီလက်အောက်ခံ ZALA Aero Group မှ ထုတ်လုပ်သည့် Lancet စီးရီး ကာမီကာဇီတိုက်ခိုက်ရေးဒရုန်းများသည် ၂၀၁၉ ခုနှစ်ဇွန်လအတွင်း မော်စကိုမြို့ရှိ ARMY–2019 ကာကွယ်ရေးပြပွဲတွင် စတင်ထုတ်ဖော်ပြသခဲ့ပြီး ရုရှားတပ်မတော်အတွက် ယူကရိန်းပဋိပက္ခတွင် အဓိကကျသည့် စွမ်းအားစုတစ်ခုဖြစ်သည်။

မူလ Lancet–3 သည် အထင်ရှားဆုံးမျိုးကွဲဖြစ်ပြီး ပစ်မှတ်ဧရိယာတစ်ဝိုက်တွင် ပျံဝဲ၍ တန်ဖိုးကြီးမားသောပိုင်ဆိုင်မှုများကိုခွဲခြားစိစစ်၊ ဖော်ထုတ်ကာ အမြောက်များ၊ သံချပ်ကာယာဉ်များနှင့် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များကို မကြာခဏပစ်မှတ်ထားကာ တိကျစွာတိုက်ပွဲဝင်နိုင်ခဲ့သည့် မှတ်တမ်းများပိုင်ဆိုင်ထားသည်။ အမြင့်ဆုံးအကွာအဝေး ၄၀ မှ ၅၀ ကီလိုမီတာ၊ အလေးချိန် ၄၊ ကီလိုဂရမ်ရှိထိပ်ဖူးတပ်ဆင်ထားသော Lancet–3 ကို ၂၀၂၂ ခုနှစ်ကတည်းက ယူကရိန်းတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခဲ့သည်။

ယခုထွက်ပေါ်လာသည့် Lancet XXL သည် Lancet–3 ၏ အရွယ်အစားထက် နှစ်ဆရှိပြီး ထိပ်ဖူးသည် လေးဆပိုမိုအားကောင်းပြီး အကွာအဝေး လေးဆပိုမြင့်မားသည်ဟု ရုရှားစစ်ဘက် သတင်းရင်းမြစ်များက ပြောကြားထားသည်။ ဤသို့အဆင့်မြင့်မားလာမှုများနှင့်အတူ Lancet XXL ဒရုန်းသည် ရှေ့တန်းစစ်မျက်နှာများမှ ဝေးကွာသောပစ်မှတ်များကို တိုက်ခိုက်နိုင်စေမည်ဖြစ်ပြီး၊ ကွပ်ကဲမှုဌာနချုပ်များ သို့မဟုတ် အုပ်ချုပ်၊ ထောက်ပံ့ပို့ဆောင်ရေးဗဟိုဌာနများကဲ့သို့ နောက်တန်းနယ်မြေများထိ ခြိမ်းခြောက်နိုင်စေမည်ဖြစ်သည်။ Lancet XXL သည် Lancet စီးရီးများကို ဆွဲဆောင်မှုဖြစ်စေသည့် ကုန်ကျစရိတ်သက်သာမှုကို ထိန်းသိမ်းထားဆဲဖြစ်ကြောင်း သိရသည်။

Lancet XXL တိုက်ခိုက်ရေးဒရုန်း၏ ကီလိုမီတာ ၂၀၀ အကွာအဝေးစွမ်းရည်သည် ယခင်ဗားရှင်းများထက် ကျော်လွန်နိုင်လိမ့်မည်ဆိုသော်လည်း ၎င်း၏အတည်မပြုနိုင်သော AI စွမ်းရည်အပေါ် မှီခိုရမှုသည် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာအဆင်သင့်ဖြစ်မှုနှင့်ပတ်သက်၍ မေးခွန်းထုတ်စရာများတော့ ကျန်ရှိနေဦးမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ ကမ္ဘာတစ်ဝန်းရှိ စစ်တပ်များက မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများတွင် သင်ခန်းစာယူရန် ယူကရိန်းပဋိပက္ခကို စဉ်ဆက်မပြတ်စောင့်ကြည့်နေသောကြောင့် မကြာမီထွက်ပေါ်လာမည့်အဖြေများသည် Lancet XXL ကာမီကာဇီတိုက်ခိုက်ရေးဒရုန်းများ၏အနာဂတ်ကို ဆက်လက်ပုံဖော်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Russian Lancet XXL reportedly packs 20kg TNT for 200km range** ကို ဘာသာပြန်ဆိုထားပါသည်။

## ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက DSEI ကာကွယ်ရေးပြပွဲတွင် ယာဉ်တင်စွမ်းအားမြင့်လေဆာလက်နက်စနစ်ကို ထုတ်ဖော်ပြသ

ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် DSEI Japan 2025 ကာကွယ်ရေးပြပွဲတွင် ယာဉ်တင်စွမ်းအားမြင့်လေဆာလက်နက်စနစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Defence Blog သတင်းဌာနက မေ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယာဉ်တင်စွမ်းအားမြင့် လေဆာစနစ်ဟု အမည်ပေးထားသည့် အဆိုပါလေဆာလက်နက်စနစ်သည် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ လက်ရှိတွင် ဝယ်ယူမှု၊ နည်းပညာနှင့် ထောက်ပံ့ပို့ဆောင်ရေးအေဂျင်စီ(ATLA)မှ တီထွင်ထုတ်လုပ်နေသည့် လေဆာလက်နက်စနစ်လည်းဖြစ်ကြောင်း သိရသည်။

အဆိုပါစနစ်သည် မြင့်မားကောင်းမွန်သောရွေ့လျားစစ်ကစားနိုင်မှု၊ တိုက်ပွဲဝင်ပစ်ခတ်မှုတစ်ကြိမ်လျှင် ကုန်ကျစရိတ်သက်သာပြီး တာတိုလေကြောင်းဆိုင်ရာခြိမ်းခြောက်မှုများ၊ အထူးသဖြင့် မောင်းသူမဲ့လေယာဉ်များကို တန်ပြန်ကာကွယ်ရန်အတွက် အရှိန်မြှင့်လုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ရှစ်ဘီးယက်ထရပ်ကားကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားသော ရွေ့ပြောင်းပုံစံစနစ်တွင် 10 kW ထွက်ရှိသည့် လေဆာလှိုင်းထုတ်လွှင့်သည့်ဆုံလည်ပါရှိပြီး လျင်မြန်စွာ တပ်ဖြန့်အသုံးပြုနိုင်မည်ဖြစ်သည်။

DSEI ကာကွယ်ရေးပြပွဲတွင် ကာကွယ်ရေးတာဝန်ရှိသူများက အဆိုပါစနစ်ကို အလွှာလိုက် လေကြောင်းရန်ကာကွယ်ရေးအတွက် အလားအလာရှိသော အလှည့်အပြောင်းစနစ်တစ်ခုအဖြစ် သတ်မှတ်ဖော်ပြခဲ့ပြီး သမားရိုးကျအရှေ့စွမ်းအင်သုံး ကြားဖြတ်တိုက်ခိုက်ရေးစနစ်များကို အသုံးမပြုဘဲ ပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းကိုအလေးပေးဖော်ပြခဲ့ကြသည်။

အဆိုပါလေဆာလက်နက်စနစ်သည် တိုက်ပွဲလုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်ကို သိသိသာသာလျှော့ချနိုင်လိမ့်မည်ဟု ATLA မျှော်မှန်းထားသည်။ "ပစ်ခတ်မှုတစ်ကြိမ်အတွက် ကုန်ကျစရိတ်က သမားရိုးကျ ခဲယမ်းတွေနဲ့ယှဉ်ရင် အလွန်နည်းပါလိမ့်မယ်"ဟု ပြပွဲအတွင်း ATLA အေဂျင်စီ တာဝန်ရှိသူတစ်ဦးက မှတ်ချက်ပြုခဲ့သည်။

၎င်းတန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးနှင့် အချက်အချာနေရာ ကာကွယ်ရေးစွမ်းရည်များကို ခေတ်မီ၊ အဆင့်မြင့်မားစေရန် ဂျပန်နိုင်ငံ၏ ပိုမိုကျယ်ပြန့်သောကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းဖြစ်ပြီး အနာဂတ်တွင် အကဲဖြတ်ဆန်းစစ်၊ စမ်းသပ်မှုများ ဆက်လက်ပြုလုပ်သွားနိုင်ဖွယ်ရှိနေသည်။




မောင်းသူမဲ့လေယာဉ်ခြိမ်းခြောက်မှုများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် ဂျပန်နိုင်ငံသည် ဘေးထွက်ပျက်စီးဆုံးရှုံးမှုနည်းပါးစွာဖြင့် အနိမ့်၊ အနှေးနှင့် အသေးစား(LSS) ပစ်မှတ်များကို ကြားဖြတ်ဟန့်တားပစ်ချဖျက်ဆီးနိုင်မည့် ပြောင်းလွယ်ပြင်လွယ်ရှိသောယာဉ်တင်စနစ်များကို ဦးစားပေး၍ အကောင်အထည်ဖော် ကြိုးပမ်းလျက်ရှိသည်။ ဤပြသမှုသည် ဂျပန်ကြည်းတပ်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့(JGSDF)၏ စွမ်းအားမြင့်လေဆာစနစ်ကို ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်ပြီး အခန်းတွင်းစမ်းသပ်ခြင်းမှ လုပ်ငန်းလည်ပတ်စမ်းသပ်ခြင်းသို့ ကူးပြောင်းရန် ရည်ရွယ်ပြသခြင်းဖြစ်ကြောင်း သိရသည်။

**Japan unveils laser cannon at DSEI** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းဧက ၂၃၀၀၀ ကျော် စိုက်ပျိုးမည်



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် လာမည့် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းဧက ၂၃၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၇၂၅၄ ဧကနှင့် ဖူးစားပြောင်း ၆၀၂၈ ဧက စုစုပေါင်း ၂၃၂၈၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းဧက ၂၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားမယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြသည်။

ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧက စိုက်ပျိုးပါက ငွေကျပ် ၅ သိန်း ကုန်ကျစရိတ်ရှိကြောင်းနှင့်ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧက စိုက်ပျိုးပါက ငွေကျပ် ၅ သိန်း ကျော် ကုန်ကျစရိတ် ရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ပုစွန်အစုံပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ပုစွန်အစုံ ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်မေကပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လက ပုစွန်အစုံ ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ပုစွန်အစုံ ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသမှ ထွက်ရှိသည့် ပုစွန်များဝယ်ယူကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

''ဘိုကလေးမြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ပုစွန်အစုံ ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ အများအပြား တင်ပို့ရောင်းချနေရတာကြောင့် ရေလုပ်သားတွေနဲ့ ရေထွက်ပစ္စည်း တင်ပို့ရောင်းချတဲ့ သူတွေလဲ အဆင်ပြေနေပါတယ်'' ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်မေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်ဘော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၄၀၀၀၊ ပုစွန်ဆိတ်သေး တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ မှ ၁၈၅၀၀၊ ပုစွန်ဆိတ်ကြီးတစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ မှ ၂၃၅၀၀၊ ပုစွန်ပြောင်ထုပ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၃၆၅၀၀ မှ ၄၅၀၀၀ စသည်ဖြင့် လတ်ဆတ်မှုနှင့် အကြီးအသေး ပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဖြူးမြို့နယ် သာစုကန်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖြူး မေ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သာစုကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ထုတ်ချေးခြင်းကို မေ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက သာစုကန်ကျေးရွာရှိ တာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ အသင်းသူ၊ အသင်းသားများနှင့် တွေ့ဆုံကာ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက VRFP စီမံကိန်းကော်မတီဝင်များ ထံသို့ ရန်ပုံငွေကျပ် ၂၃ ဒသမ ၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် VRFP စီမံကိန်းကော်မတီဝင်များက သာစုကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၂၀ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅ ဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၄ ဦးကို ကျေးရွာမတည် စီမံကိန်းရန်ပုံငွေကျပ် ၂၃ ဒသမ ၅ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မြန်အောင်မြို့နယ် မှန်တန်းကျေးရွာ၌ ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



**မြန်အောင် မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မှန်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ချောင်းကျောက် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ မှန်တန်းကျေးရွာ၌ ကျေးရွာတွင်း ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မြန်အောင်မြို့နယ် မှန်တန်းကျေးရွာ၌ လမ်းအရှည် ၁၄၀၀ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိကျေးရွာတွင်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် သိန်း ၂၀၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် မတ်လ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**


တိုဗစ် – ၁၉ ရောဂါကူးစက်မှုကိုတားကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**ရှေ့ဖုံးမှအဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလုပ်သမားဝန်ကြီးဌာန၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်၍ လုပ်ငန်းလည်ပတ်မှုပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရုံးခန်းများအလိုက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလုပ်သမားဝန်ကြီးဌာန ရုံးအဆောက်အအုံပတ်လမ်းအတိုင်း ထိခိုက်ပျက်စီးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ငလျင်ဆိုင်ရာပညာရှင်များ၊ဆောက်လုပ်ရေးဆိုင်ရာပညာရှင်များဖြင့် စစ်ဆေးချက်များအရ ရုံးအဆောက်အအုံကို အပိုင်းအလိုက် ပြန်လည်ပြုပြင်တည်ဆောက်နိုင်မည့်အခြေအနေများ၊ ဖြိုချဖျက်ဆီးရမည့်အပိုင်းများကို စနစ်တကျဖြိုချဖျက်ဆီးသွားမည့်အခြေအနေများ၊ ရုံးအနောက်ဘက်ခြမ်း၌ မြေထိန်းနံရံကို စနစ်တကျဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအဆောက်အအုံနှင့် အလုပ်သမားဝန်ကြီးဌာနရုံးအဆောက်အအုံတို့သည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုကြီးမားခဲ့ရသည့် အဆောက်အအုံများစာရင်း၌ပါဝင်ကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့မှုရှိစေရန်နှင့် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဖြစ်စေရေးအတွက် ငလျင်ဆိုင်ရာပညာရှင်များ၊ ဆောက်လုပ်ရေးဆိုင်ရာပညာရှင်များ၏ အကြံဉာဏ်များရယူခြင်း၊ မြေအရည်အသွေးစမ်းသပ်စစ်ဆေးခြင်း၊ စနစ်တကျတွက်ချက်၍ တည်ဆောက်ခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ကနဦးဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဆောင်ရွက်၍ ရုံးအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကိုသတ်မှတ်ကာလအတွင်း ပြီးစီးမှုရှိစေရေးဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ယာယီရုံးခန်းများဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် အလုပ်သမားဝန်ကြီးဌာနအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလုပ်သမားဝန်ကြီးဌာန၌ Prefabricated Office များဖြင့်ယာယီရုံးခန်းများဖွင့်လှစ်၍ လုပ်ငန်းလည်ပတ်မှုပြတ်တောက်မှုမရှိစေရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရုံးခန်းများအလိုက် ကြည့်ရှုစစ်ဆေးစဉ်။

## ၂၀၂၅ ခုနှစ် ဇွန်လ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအတင့်အသင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၂ ရက်မှ ၂၇ ရက်ခန့်၊ မန္တလေးတိုင်းဒေသ

# နိုင်ငံပိုင်နှင့် ပုဂ္ဂလိကကဏ္ဍတွင်ရှိသော စက်ရုံ၊ အလုပ်ရုံများကို ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စက်မှုလုပ်ငန်းအဖြစ် ရေရှည်ရပ်တည်နိုင်ပြီး အရည်အသွေးကောင်းမွန်သော စက်မှုထုတ်ကုန်များထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်



နေပြည်တော် မေ ၂၇

စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ (၂/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀)အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်စက်မှုဖွံ့ဖြိုးရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့်သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်တွင်းစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဘက်ပေါင်းစုံက ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ပြည်တွင်းရှိ စက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာရေးနှင့် စက်မှုလုပ်ငန်းစီမံကိန်းအသစ်များ စနစ်တကျထူထောင်အကောင်အထည်ဖော်နိုင်ရေးဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် နိုင်ငံပိုင်နှင့်ပုဂ္ဂလိကကဏ္ဍတွင်ရှိသော စက်ရုံ၊ အလုပ်ရုံများကို ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စက်မှုလုပ်ငန်းအဖြစ် ရေရှည်ရပ်တည်နိုင်ပြီး အရည်အသွေးကောင်းမွန်သော စက်မှုထုတ်ကုန်များထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် One Stop Service(OSS) အစီအစဉ်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန် ၁၆ ချက်နှင့်ပတ်သက်၍ လုပ်ငန်းတာဝန်အလိုက်ဆောင်ရွက်ရမည့် တာဝန်ခံဝန်ကြီးဌာနများလည်း သတ်မှတ်ပြီးဖြစ်ရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်၏ စက်မှုဖွံ့ဖြိုးရေးကဏ္ဍကို အထောက်အကူပြုနိုင်ရေးအတွက် မိမိတို့ အကောင်အထည်ဖော်ပေးရမည့် လုပ်ငန်းတာဝန်အလိုက် တာဝန်ခံဌာန သို့မဟုတ် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်ရန်နှင့် ဆောင်ရွက်ခဲ့မှုများကို လစဉ်တင်ပြပေးစေလိုကြောင်း၊ သို့မှသာ KPI များနှင့် Targetများအတိုင်းထိရောက်စွာ အကောင်အထည်ဖော်နိုင်ခြင်း ရှိ၊မရှိ စောင့်ကြည့်အကဲဖြတ်ခြင်း(Monitoring & Evaluation)ဆောင်ရွက်မည့်ဌာနသို့ ပေးပို့ပြီး စိစစ်သုံးသပ်နိုင်မည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင်ပြန်လည်ထူထောင်ရေးအတွက်ဆောက်လုပ်ရေးလုပ်ငန်းသုံးဘိလပ်မြေ၊သံမဏိအစရှိသည့်ပစ္စည်းများ လိုအပ်လျက်ရှိရာ ပြည်တွင်း၌တည်ဆောက်ပြီးဖြစ်သည့်စက်ရုံများကို စွမ်းအားပြည့်လည်ပတ်နိုင်ရေးပံ့ပိုးပေးရန် လိုအပ်သကဲ့သို့ စက်ရုံသစ်စီမံကိန်းများ တိုးပွားလာရေးကိုလည်း တစ်ပြိုင်နက် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ကြမ်းများ အသုံးပြုပြီး သွင်းကုန်အစားထိုးထုတ်လုပ်ရန်ကြိုးပမ်းနေသကဲ့သို့ ပြည်ပမှကုန်ချောများတိုက်ရိုက်တင်သွင်းခြင်းအစား တစ်ဝက်တစ်ပျက်ကုန်ချော(Semi Product)များ တင်သွင်းပြီး ပြည်တွင်း၌ ကုန်ချော(Finished-product)များထုတ်လုပ်နိုင်ရေးကိုလည်းစဉ်းစားဆောင်ရွက်ပေးစေလိုကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းဖြင့် နိုင်ငံခြားငွေအသုံးပြုမှုလျှော့ချနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊အစည်းအဝေးတက်ရောက်လာကြသည့် အဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများ၊ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများအနေဖြင့် ဝန်ကြီးဌာနအလိုက်ဆောင်ရွက်ရမည့် အဓိကစွမ်းဆောင်ရည်ညွှန်းကိန်း (KPI)နှင့် ဦးတည်ရလဒ်(Target)များ၊ ကော်မရှင်၏ ရည်မှန်းချက်နှင့် မဟာဗျူဟာများအပေါ် ဝိုင်းဝန်းဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ စက်မှုဖွံ့ဖြိုးရေးကော်မရှင်အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကော်မရှင်၏လုပ်ငန်းဆောင်ရွက်ချက်များ၊စက်မှုဖွံ့ဖြိုးရေးကော်မရှင်သို့တင်ပြလာသည့် အမှာစာများကိုလည်းကောင်း၊ စက်မှုဖွံ့ဖြိုးရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ထူထောင်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးဘိလပ်မြေ၊သံချောင်းလုံးနှင့် Steel Structure များ လိုအပ်မှု၊ပြည်တွင်းဘိလပ်မြေစက်ရုံများနှင့် သံမဏိစက်ရုံများ၏ ထုတ်လုပ်မှု၊ကုန်ကြမ်းလိုအပ်မှုနှင့် ဘိလပ်မြေနှင့် သံချောင်းလုံး တင်သွင်းရမည့် အခြေအနေတို့ကိုလည်းကောင်း၊ တက်ရောက်လာကြသည့် စက်မှုဖွံ့ဖြိုးရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက်ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအရေးပါသော အခြေခံအထောက်အပံ့ကောင်းဖြစ်ခြင်းကြောင့် အဖွဲ့ဝင်ဝန်ကြီးဌာနများအနေဖြင့် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများအတွက်ဖြစ်စေ၊ ပုဂ္ဂလိကစက်မှုကဏ္ဍအတွက်ဖြစ်စေ ခွင့်ပြုမိန့်များ တောင်းခံလာပါက ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးနည်းများနှင့်အညီ သက်ဆိုင်ရာဌာနများက မြန်ဆန်စွာဆောင်ရွက်ပေးရန်အဓိကမှာကြားလိုကြောင်း၊ နိုင်ငံတော်၏ စက်မှုကဏ္ဍတွင် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုဖြင့် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်အောင် ထိထိရောက်ရောက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်လိုကြောင်းဖြင့် ပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# UNFPA ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ ဆွေးနွေး

နေပြည်တော် မေ ၂၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund-UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ဖြစ်သူ Mr.Jaime NadalRoig အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNFPA ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ငလျင်ဒဏ်သင့်ဒေသများမှ အမျိုးသမီးများနှင့်မိန်းကလေးငယ်များအတွက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆေးဘက်ပစ္စည်းများထောက်ပံ့ပေးမည့် အခြေအနေတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(United Nations Population Fund-UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr.Jaime NadalRoig အား လက်ခံတွေ့ဆုံစဉ်။**

ကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ၁၆ ရက်မှ ၂၁ ရက်ခန့်၊ နေပြည်တော်၊မကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၁၀ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၁ ပေမှ ၁၅ ပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁၀ ပေမှ ၁၅ ပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ခုနစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် သုံးပေမှ ငါးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် လေးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ငါးပေမှ ရှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ခုနစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ခုနစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁၀ ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် လေး ပေခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် သုံးပေခန့်နှင့် ဘီးလင်း မြစ်ရေသည် ဘီးလင်းမြို့တွင် ငါးပေခန့် လက်ရှိရေမှတ်များထက်မြင့်တက်လာနိုင်သည်။ **(မိုး/ဇလ)**

# နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃၉ / ၂၀၂၅ )**
၁၃၈၇ ခုနှစ် နယုန်လဆန်း ၁ ရက်
(၂၀၂၅ ခုနှစ် မေလ ၂၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဇ) ရာထူးဝန်အဖွဲ့က ရာထူးအဆင့်အလိုက် သတ်မှတ်ထားသော သင်တန်းများအပြင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်းများကိုလည်း တက်ရောက်ခြင်း၊"

**ရှင်းလင်းချက်။** ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်းဆိုသည်မှာ ယင်းရာထူးတာဝန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က အသိအမှတ်ပြုသော သင်တန်းကိုဆိုသည်။

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"ပုဒ်မ ၂၉။ အထူးကိစ္စရပ်မှအပ ဝန်ထမ်းကိုရာထူးတိုးမြှင့်ခန့်ထားရာတွင်-

(က) ရာထူးဝန်အဖွဲ့က သက်ဆိုင်ရာ ရာထူးအဆင့်အလိုက် သတ်မှတ်ထားသောသင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။

( ခ ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူး တာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။"

**ရှင်းလင်းချက်။** အထူးကိစ္စရပ်ဆိုသည်မှာ ဝန်ထမ်း၏ လုပ်ငန်းစွမ်းဆောင်ရည်ပေါ် မူတည်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းက ရာထူးတိုးမြှင့်ပေးသင့်သည်ဟု သုံးသပ်ဆုံးဖြတ်သောကိစ္စရပ်ကို ဆိုသည်။

၄။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၃၅ ပါ "ဗဟိုဝန်ထမ်းတက္ကသိုလ်များ" ဆိုသည့်စကားရပ်ကို "နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာရီရီဦး<br>ပါမောက္ခချုပ်<br>ကျောက်ဆည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) ဒေါက်တာလဲ့လဲ့ဝေ<br>ပါမောက္ခချုပ်<br>ဖန်းမော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကျောက်ဆည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

**လျှပ်စစ်မီတာခ သက်သာဖို့**
**LED ပစ္စည်း သုံးကြစို့။**

# တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို ပထမအကြိမ် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ပေးအပ်




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းအခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် မေ ၂၇**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို မေ ၂၆ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများ အတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

အလားတူ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများ အတွက်ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ကြသည်။

ထို့ပြင် တိုင်းစစ်ဌာနချုပ်များ ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများကို ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မန္တလေးမြေငလျင်လှုပ်ခတ်မှုဖြစ်စဉ်ကြောင့် ငလျင်ဘေးသင့်ခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုရှိ အာမခံထားသူများကို သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းနှင့် အာမခံအလုပ်သမားများ၏ သားသမီးများအတွက် ပညာသင်စရိတ်ခွင့်ပြုထုတ်ပေးခြင်းကို Online Payment စနစ်များဖြင့်ပေးချေနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် မန္တလေး မြေငလျင်လှုပ်ခတ်မှုဖြစ်စဉ်ကြောင့် ငလျင်ဘေးသင့်ခဲ့သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုရှိ အာမခံထားသူများကို သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းနှင့် အာမခံလုပ်သားများ၏ သားသမီးများအတွက် ပညာသင်စရိတ်ခွင့်ပြုထုတ်ပေးခြင်းကို Online Payment စနစ်များဖြင့် အာမခံလုပ်သားမိသားစုများသို့ပေးအပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးဌာန ယာယီအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဖူလုံရေးအဖွဲ့မှ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် တာဝန်ခံများက Online မှ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံအလုပ်သမားများ၏ အကျိုးကိုရှေးရှုပြီး မန္တလေးမြေငလျင်လှုပ်ခတ်မှုဖြစ်စဉ်ကြောင့် ငလျင်ဘေးသင့်ခဲ့သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုရှိ အာမခံထားသူများကို "သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း" ပေးအပ်နိုင်ရေးနှင့် အာမခံအလုပ်သမားများ၏ "မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်၊ ကောလိပ်တို့၌ အချိန်ပြည့် ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်"များ ပေးအပ်နိုင်ရေးတို့အတွက် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်းနှင့် စံပြုလုပ်ငန်းစဉ် (SOP) များကို နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခြင်းတို့ကို ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပါကြောင်း။

သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ထောက်ပံ့ငွေနှင့် ပညာသင်စရိတ်ထောက်ပံ့ငွေများကို ထုတ်ပေးရာတွင် Online Payment စနစ်များဖြစ်သော KBZ Pay၊ AYA Pay၊ Wave Pay၊ UAB pay၊ Mytel Pay စသည်တို့ဖြင့် ပေးအပ်နိုင်ရေး ဆောင်ရွက်လိုပါကြောင်း၊ လူမှုဖူလုံရေးအဖွဲ့၏ ရန်ပုံငွေများအနက် လတ်တလောအသုံးပြုရန် မလိုအပ်သေးသည့် ပိုလျှံငွေများကို မြန်မာ့စီးပွားရေးဘဏ်များတွင် စာရင်းအပ်နှံစုဆောင်းထားရှိသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Online Payment စနစ်နှင့်အညီ မြန်မာ့စီးပွားရေးဘဏ်များမှတစ်ဆင့် ပုဂ္ဂလိကဘဏ်များသို့ လွှဲပြောင်းပေးအပ်ပြီး အာမခံလုပ်သားများလက်ဝယ်သို့ စနစ်တကျ လွယ်ကူမှန်ကန်မြန်ဆန်စွာ ရောက်ရှိစေရေး ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း၊ Online ဖြင့် တက်ရောက်လာသော လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ် တာဝန်ခံအရာရှိများကလည်း စာရင်းအချက်အလက်များ ကောက်ယူရာတွင် ကြုံတွေ့ရသည့်အခက်အခဲများကို တင်ပြပေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များက အစီအစဉ်အတိုင်း ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## "ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း" သုံးသပ်ဆွေးနွေးပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ ( MNTT)တို့ပူးပေါင်း၍ **"ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း"** သုံးသပ်ဆွေးနွေးပွဲကို ၂၀၂၅ ခုနှစ် မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနား ကျင်းပပုံများကို မေ ၃၀ ရက် နံနက် ၈ နာရီ မိနစ် ၂၀ မှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများဖြစ်သော MRTV-HD၊ MRTV News၊ MRTV Parliament၊ MRTV NRC၊ MRTV Sports၊ MRTV Farmers'၊ MITV နှင့် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD-HD Channel၊ MWD Variety-HD Channel တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် FM များဖြစ်ကြသော ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံ၊ မန္တလေး FM၊ ပဒ္မဝတီ FM နှင့် ရွှေ FM တို့အပြင် မိတ်ဖက် FM ဖြစ်သည့် Star FM နှင့် သဇင် FM တို့မှလည်းကောင်း၊ MOI Website, Myanmar Narrative Facebook Page နှင့် Telegram၊ MRTV Website, MRTV App နှင့် Social Media Platform တို့မှလည်းကောင်း တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် ဖွင့်ပွဲအခမ်းအနားပြီးနောက် ခေါင်းစဉ်များအလိုက် သုံးသပ်ဆွေးနွေးပွဲများ ကျင်းပမှုကို MRTV Parliament Channel မှ တိုက်ရိုက် (Live)ပြသမှုနှင့်အတူ MOI Website, Myanmar Narrative Facebook Page နှင့် Telegram ၊ MRTV App, MRTV Telegram, Myanma TV Youtube Channel နှင့် MRTV Facebook တို့မှလည်း Live Streaming ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## နောက် နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်**။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ကုလသမဂ္ဂနှင့်မြန်မာနိုင်ငံအကြား ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများဆွေးနွေး



**နေပြည်တော် မေ ၂၇**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့သည် တာဝန်များပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေ (UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Mr.Marcoluigi Corsi အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre)ဧည့်ခန်း၌ ယနေ့မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။


ယင်းသို့တွေ့ဆုံရာ၌ လျှော်ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာနှင့် ကုလသမဂ္ဂမှ အကူအညီပေးအပ်မှုများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အခြေအနေများ၊ ကုလသမဂ္ဂနှင့်မြန်မာနိုင်ငံအကြား ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် မေ ၂၇**

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန်)တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် မေ ၂၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၇၆၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## လျှော်ဘေးသင့်ပြည်သူများအတွက် အလှူငွေဆက်လက်လက်ခံမည့်အစီအစဉ် အသိပေးကြေညာခြင်း

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ပြည်သူများကို ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် မေ ၂၉ ရက် (ကြာသပတေးနေ့)တွင် ပြည်ထောင်စုနယ်မြေနေပြည်တော်၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် ဒုတိယအကြိမ်အဖြစ် ဆက်လက်လက်ခံသွားမည်ဖြစ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆောလျင်စွာ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(၁) ဒေါ်လွဲ့လွဲ့အေး၊ ညွှန်ကြားရေးမှူးချုပ်
ဖုန်းနံပါတ် ၀၉- ၂၀၂၃၄၉၁

(၂) ဦးညီညီနိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်
ဖုန်းနံပါတ် ၀၉-၅၀၅၂၃၅၂

(၃) ဒေါ်ဖြူဖြူဝင်း၊ ညွှန်ကြားရေးမှူး
ဖုန်းနံပါတ် ၀၉-၄၃၀၅၄၈၄၄
ရုံးဖုန်း ၀၆၇ -၄၀၄၇၀၂ ၊ ၀၆၇-၄၀၄၇၀၁၊ ၀၆၇-၄၀၄၇၁၀

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါနိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ၊ နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကိုဥက္ကဋ္ဌ **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ်(၂၇)၊ (၆) မိုင်ခွဲ ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့**သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်(ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှ တစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့်ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမဖြစ်မနေပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါအကြောင်းအရာများ မှန်ကန်ကြောင်းတိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်ပြီး ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးခြင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ ရှင်လွန်းမယ်ဘုရား၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုအားပေးစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ ကျင်းရှင်းနည်းပညာစစ်ကိုင်းကုမ္ပဏီစက်ရုံ၌ ဖုန်းအားသွင်းကြိုးထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် မေ ၂၇

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ စက်မှုဇုန်(၆)လမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများတက်ရောက်၍ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် ပတ္တမြားရပ်ကွက်ရှိ ကျင်းရှင်းနည်းပညာစစ်ကိုင်းကုမ္ပဏီစက်ရုံ တွင် ဖုန်းအားသွင်းကြိုးထုတ်လုပ်နေမှု



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ပြည်ကြီး တံခွန်မြို့နယ်ရှိဘိလပ်မြေအရောင်းဌာနများတွင် ငလျင်ဒဏ်သင့်ပြည်သူများ လက်ဝယ် သို့ ဘိလပ်မြေအိတ်များ ပြင်ပပေါက်ဈေးထက် သက်သာစွာ တိုက်ရိုက်ရောင်းချ ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

များကိုလှည့်လည်ကြည့်ရှုပြီး ယူကရိန်း သံရည်ကျိုစက်ရုံအတွင်း သံရည်ကျို လုပ်ငန်းများ၊ ဟင်းဂလိုင်းလုပ်ငန်းများနှင့် ပန်းလုံးလုပ်ငန်းလုပ်ကိုင်နေမှုအခြေအနေ များကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ တောင်ဖီလာတောင်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ပတ္တမြားစေတီအား ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ များကိုလည်းကောင်း၊ ဝါးချက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများအား လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနက စားသောက်ကုန်ပစ္စည်းများ နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးနေ မှုကိုကြည့်ရှုအားပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ကျောင်းဆောင် အဆောက်အအုံများနှင့် ယာယီကျောင်း ဆောင်သစ်ဆောက်လုပ်နေမှုအခြေအနေ များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်တို့သည် တာဝန် ရှိသူများလိုက်ပါလျက် မန္တလေးမြို့ နန်းမြို့ တွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီး ခဲ့သော နန်းမြို့ဆုတောင်းပြည့်စေတီတော် မြတ်ကြီး ဂန္ဓကုဋိတိုက် အာရုံခံတန်ဆောင်း နေရာများ၌ ရှေးမူမပျက်ပြန်လည်တည် ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ချမ်းအေးသာစံမြို့နယ်ရှိ ယခင်မင်္ဂလာဈေးနေရာတွင် ငလျင်ဘေး သင့်ပြည်သူများအတွက် ကုမ္ပဏီ အသီးသီးက အိမ်ဆောက်ပစ္စည်းများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြင်ပပေါက် ဈေးထက်သက်သာစွာ ရောင်းချပေးနေမှု အခြေအနေများကို လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် “ ဆ ” ရပ်ကွက်ရှိ CROWN ဘိလပ်မြေအရောင်းဌာနသို့ လည်းကောင်း၊ “ ဠ ” ရပ်ကွက်ရှိ ကြံ့နှစ် ကောင်ဘိလပ်မြေ အရောင်းဌာနများသို့ သွားရောက်၍ ငလျင်ဒဏ်သင့်ပြည်သူများ လက်ဝယ်သို့ ဘိလပ်မြေအိတ်များ ပြင်ပ ပေါက်ဈေးထက် သက်သာစွာတိုက်ရိုက် ရောင်းချပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖ များနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် အတွင်းရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီး ခဲ့သော ဖြိုချဖျက်ဆီးပြီး အန္တရာယ်ရှိ အဆောက်အအုံများအား အပျက်အစီး များ အပြီးသတ်ရှင်းလင်းနေမှုအခြေအနေ များကိုလည်းကောင်း၊ လိုက်လံကြည့်ရှု စစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက် များအပေါ် လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် နှင့် တာဝန်ရှိသူများသည် မန္တလေး အောင်မြေသာစံမြို့နယ် အောင်မြေသာစံ ရပ်ကွက် မဟာဒီပဲရင်းကျောင်းတိုက်များ သို့လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ ရှင်လွန်းမယ်ဘုရားသို့ လည်းကောင်း၊ အမရပူရမြို့နယ် မှန်တန်း ရပ်ရှိ မဟာဝိဇယရံသီ ပုထိုးတော်ကြီး မြတ်စွာဘုရားသို့လည်းကောင်း၊ ဆင်စွယ် ပွတ်ကျေးရွာရှိ သတ္တဌာနဘုရားနှင့် တောင်သမန်ကျေးရွာရှိ မဟာသကျရံသီ ကျောက်တော်ကြီးမြတ်စွာဘုရားများသို့ လည်းကောင်း သွားရောက်၍ ငလျင်ဒဏ် ကြောင့် ပြိုကျပျက်စီးသွားသော အပျက် အစီးများအား တပ်မတော်သားများက ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများ ကိုလည်းကောင်း၊ စက်ယန္တရားကြီးများ အသုံးပြု၍ ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ အပျက်အစီးများ ရှင်းလင်းဆောင်ရွက်ရာ တွင် ထပ်မံသိမ်းဆည်းရရှိသော ဌာပနာ ပစ္စည်းများအား စနစ်တကျသိမ်းဆည် ထားရန်တို့ကိုလည်းကောင်း၊ သွားရောက် ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် သည် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများကို ငလျင်ဒဏ်ခံနိုင် သည့်အဆောက်အအုံများ ဆောက်လုပ် နိုင်ရေး အသိပညာပေးဟောပြောပွဲသို့ တက်ရောက်ပြီး အဆောက်အအုံများ ပြန်လည်တည်ဆောက် နိုင်ရေးအတွက် ရဟန်းသံဃာများ၊ ဒေသခံပြည်သူများ ကို အဆောက်အအုံများ ပြန်လည်တည် ဆောက်ရာတွင် တည်ဆောက်ရမည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် အသုံးပြုရမည့်ပစ္စည်းများကို ကျွမ်းကျင် သူများနှင့်တိုင်ပင်၍ ပြုလုပ်ဆောင်ရွက် သွားရန် အသေးစိတ်ဆွေးနွေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ဒေသခံပြည်သူများက သိရှိလိုသည့်အချက်များကို တာဝန်ရှိသူ များက ရှင်းလင်းပြောကြားသည်။

၎င်းနောက် ကျောက်ဆည်မြို့ ခရိုင် တရားရုံးနှင့် ဆူးကုန်းရပ်ကွက်ရှိ ခရိုင် စုပေါင်းရုံးအတွင်း၌ Modular Container House များဖြင့် ယာယီရုံးဖွင့်လှစ်ပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေ အနေများနှင့် တပ်ဆင်ဆောက်လုပ်နေမှု အခြေအနေများကို လည်းကောင်း၊ ဖောင်ရွာရပ်ကွက်ရှိ ဖြပ္ပဝိဟာရဗိဗာန်၌ စာဖြေသံဃာတော်များအတွက် လေးထပ် ဆောင်အား ပြန်လည်ပြုပြင်ရန်အတွက် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် စာဖြေခုံများ နေရာရွှေ့ပြောင်းပို့ဆောင်နေ မှုများကိုလည်းကောင်း၊ ကျောက်ဆည် မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေ အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ရေးအတွက် လိုအပ်လျက် ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ် သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်း ဖြင့်ရောင်းချပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုပြီး ဒေသခံပြည်သူ များ၏ တင်ပြချက်များအပေါ် တာဝန်ရှိ သူများနှင့် လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ (၅၀၁)

“ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“နိုင်ငံတကာထောက်ခံမှုရရှိဖို့အတွက် သတင်းလိမ်လည်ဖို့ ကြိုးစားလာတဲ့ NUGၤ PDF”** ခေါင်းစဉ်ဖြင့် ၂၈-၅-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ပြည်သူ့ကျိန်စာတန်ပြန်ခံနေရတဲ့ PDF များ ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၆၇ ဦးကို ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၂၇**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ရာတွင် ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၆၆ ဦး၊ ချက်နိုင်ငံသား တစ်ဦး စုစုပေါင်း ၆၇ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



အွန်လိုင်းလိမ်လည်မှု (TelecomFraud) နှင့် ဒုစရိုက်မှု လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၆၇ ဦးကို ထပ်မံလွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများကို ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။


ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Saad Ahmat Moussa နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Ms. Nguyen Thi Kim Chung နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။


ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၇ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၀၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၈၆၉၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသားဦးရေ ၄၁၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူများကို ခြိမ်းခြောက်ထိခိုက်မှုများရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းစစ်ဆေး လွှဲပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (မဝ၁)

## ❑ မိုးထစ်ချုန်းရွာနိုင်မှု

ယနေ့ ညနေမှ ဇွန် ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့်ရှိနိုင်သည်။




သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)




**☆ ကျောဖုံးမှအဆက်**

နေ့၊ ညမပြတ်ဆောင်ရွက်ခဲ့ကြပြီး လမ်းပိုင်းအတွင်း စက်မှုအထူးရထားဖြင့် စမ်းသပ်ပြေးဆွဲ၍ ယနေ့ညနေ ၅ နာရီခွဲတွင် လမ်းပိုင်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရထားလမ်းပိုင်းပြန်လည်ဖွင့်လှစ်မှုကြောင့် ပဲခူး-မော်လမြိုင်လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ကုန်ရထားနှင့် ကျောက်ရထားများကို ယနေ့မှစ၍ ပြန်လည်ပြေးဆွဲပေးလျက်ရှိပြီး လူစီးရထားများဖြစ်သည့် အမှတ်(၈၁)အဆန်နှင့် အမှတ်(၈၂)အစုန် ရန်ကုန်-မော်လမြိုင်-ရန်ကုန် လူစီးအမြန်ရထားများကို မေ ၂၈ ရက်မှစတင်၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့ပြင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့်ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိကရထားလမ်းပိုင်းများ ဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား-မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါလမ်းပိုင်း စသည့်လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# တောင်သူဝင်ငွေတိုးစေဖို့ အရည်အသွေးကောင်းပေါ်ဆန်းစပါးမျိုး စိုက်ကြစို့

အေးအေး(စပါးသီးနှံဌာနခွဲ)

ဆန်စပါးသည် မြန်မာ့စီးပွားရေး၏ အသက်သွေးကြောဖြစ်သည်။ ဆန်သည် ကမ္ဘာပေါ်ရှိ သန်းပေါင်းများစွာသော လူများအတွက် အရေးကြီးသော အစားအစာတစ်ခုဖြစ်သည်။ အထူးသဖြင့် အာရှတိုက်တွင် နေ့စဉ်စားသုံးသော အဓိက အစားအစာတစ်ခုဖြစ်သည်။ ပြည်တွင်းဈေးကွက်အကြိုက် စပါးမျိုး ၅၀ ခန့်နှင့် ပြည်ပဈေးကွက်အကြိုက် စပါးမျိုး ၂၀ ခန့် အပါအဝင် မြန်မာနိုင်ငံတွင် စပါးမျိုး ၉၀ ကျော်ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ပေါ်ဆန်းစပါးမျိုးသည်လည်း တစ်မျိုးအပါအဝင်ဖြစ်သည်။

မြန်မာနိုင်ငံသည် စပါးဗီဇအရင်းအမြစ်ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အဆိုပါ စပါးမျိုး ဗီဇအရင်းအမြစ်များအနက် ပေါ်ဆန်းစပါးမျိုးသည် အရည်အသွေးကောင်းမွန်သဖြင့် အလွန်ကျော်ကြားသည့် စပါးမျိုးတစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် ရွှေဘိုပေါ်ဆန်း၊ ပေါ်ဆန်းဘေးကျား၊ ပေါ်ဆန်းကြီး၊ ပေါ်ဆန်းရင်နှင့် ပေါ်ဆန်းမွှေးအစရှိသည့် ပေါ်ဆန်းစပါးမျိုးများ ၁၉ မျိုးရှိကြောင်း လေ့လာမှတ်သားရသည်။ ပေါ်ဆန်းစပါးမျိုးများသည် ဆန်အရည်အသွေးကောင်းမွန်ခြင်း၊ စားသုံးရာတွင် နူးညံ့ပျော့ပျောင်းခြင်း၊ သင်းပျံ့သော မွှေးရနံ့ရှိခြင်းအစရှိသည့် အရည်အချင်းများ ပိုင်ဆိုင်ထားသည်။

မြန်မာနိုင်ငံတွင် ပေါ်ဆန်းစပါးကို နေပြည်တော်ကောင်စီ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် စိုက်ပျိုးကြပြီး ဧရာဝတီတိုင်းဒေသကြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း တွေ့ရှိရသည်။ ဧရာဝတီတိုင်းဒေသကြီးရှိ တောင်သူအများစုသည် မိုးစပါးရာသီတွင် ပေါ်ဆန်းရင်၊ ပေါ်ဆန်းဘေးကျား၊ ပေါ်ဆန်းကြီး၊ ပေါ်ဆန်းမွှေးတို့ကို စိုက်ပျိုးကြသည်။ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ မိုးရာသီတွင် ရွှေဘိုပေါ်ဆန်းစပါးမျိုးကို အဓိကထားစိုက်ပျိုးကြကြောင်း တွေ့ရသည်။ ပေါ်ဆန်းစပါးစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် စားသုံးမှုများသည် ဒေသပေါ်လိုက်၍ ကွဲပြားမှုရှိသည်။ ထို့သို့ ဆန်အရည်အသွေးကွာခြားရခြင်းမှာ မိုးရေချိန်ကွာခြားမှု၊ အပူချိန်ကွာခြားမှု၊ မြေဆီအဆင့်အတန်းကွာခြားမှုနှင့် ပတ်ဝန်းကျင်ကွာခြားမှုစသည့် အကြောင်းရင်းများကြောင့် ယေဘုယျဖြစ်နိုင်သော်လည်း မြေဆီလွှာအာဟာရဓာတ်ညီမျှမှုသည် အရေးကြီးသော အချက်များအနက်မှ တစ်ချက်ဖြစ်သည်။

ပေါ်ဆန်းစပါးစိုက်ပျိုးထုတ်လုပ်မှု နည်းစနစ်ကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည် -

**မျိုးရွေးချယ်ခြင်း**

တစ်ဧကမျိုးသန့်မျိုးစေ့ တစ်တင်းနှုန်းသုံးပါ။ မျိုးစေ့အလေအလွင့်နည်းစေရန်နှင့် ပျိုးပင်ကြီးထွားမှုအားကောင်းသန်မာစေရန် ပျိုးထောင်စိုက်ပျိုးခြင်းစနစ်ကို ကျင့်သုံးပါ။

**မြေပြင်ခြင်း**

သီးနှံစိုက်ပျိုးရန် အရေးကြီးသော အချက်တစ်ခုမှာ မြေပြုပြင်ခြင်းဖြစ်သည်။ မြေယာပြုပြင်ခြင်းသည် သီးနှံကာလတစ်လျှောက်လုံးတွင် အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်သည်။ မြေအမျိုးအစား စနယ်မြေစေး၊ ရွှံ့စေးမြေ၊ နုန်းမြေ၊ သဲနုန်းမြေမျိုးတို့ကို ရွေးချယ်စိုက်ပျိုးသင့်သည်။ pH 5.5 မှ 7 အတွင်းရှိသော မြေမျိုးကို ရွေးချယ်စိုက်ပျိုးသင့်သည်။ မြေဆီလွှာတွင် အော်ဂဲနစ်ပစ္စည်းများ ပါဝင်မှုများပါက ပိုမိုကောင်းမွန်သည်။ မြေပြုပြင်ရာတွင် စက်ဖြင့်လည်းကောင်း၊ ကျွဲ၊ နွားတို့ဖြင့်လည်းကောင်း တမန်းကောင်းပြီး မြေအနိမ့်အမြင့် ညီညာအောင်ပြုပြင်ရမည်။

**စိုက်ပျိုးချိန်**

မြန်မာ့ပေါ်ဆန်းသည် ရာသီစပါးမျိုးဖြစ်ပြီး ပုံမှန်အားဖြင့် ဇူလိုင်လ တတိယပတ်တွင် ပျိုးထောင်စိုက်ပျိုးပါက အောက်တိုဘာလ တတိယပတ် သန္ဓေကပ်ပြီး နိုဝင်ဘာလ တတိယပတ်တွင် ပန်းပွင့်၍ ဒီဇင်ဘာလ တတိယပတ်တွင် ရိတ်သိမ်းနိုင်သဖြင့် သက်တမ်းရက် ၁၅၀ ခန့်ရှိသည်။ အပင်မြင့်ပြီး အရွက်ပျော့၍ နွဲ့သဖြင့် အထွက်ကောင်းစပါးမျိုးများကဲ့သို့ စိပ်စိပ်စိုက်ပါက အပင်ဟုံပြီး ယိုင်လဲတတ်သည်။ ပုံမှန်ထက်စောစောစိုက်ပါက သက်တမ်းရှည်ပြီး အပင်မြင့်သဖြင့် သီးပွင့်ရင့်မှည့်ချိန်တွင် လေဒဏ်၊ မိုးဒဏ်၊ ဆီးနှင်းဒဏ်တို့ကြောင့် အပင်ယိုင်လဲ ထိခိုက်ပျက်စီးစေသည်။ ထို့ကြောင့် ပန်းပွင့်ချိန်နောက်ကျမှု မရှိစေရန်နှင့် ရာသီဥတုဖောက်ပြန်ခြင်းနှင့် ကြုံတွေ့မှုမရှိစေရန် ပျိုးထောင်စိုက်ပျိုးမည့် အချိန်များကို မှန်ကန်စွာရွေးချယ်စိုက်ပျိုးနိုင်မှသာ အထွက်နှုန်းတိုးတက်ပြီး အရည်အသွေးကောင်းမွန်မည်ဖြစ်သည်။



**စိုက်ပျိုးခြင်း**

ပျိုးခင်းပြုပြင်ခြင်း-ပျိုးခင်းကို မြေဆီသြဇာထက်သန်သောနေရာတွင် ပြုလုပ်ပါ။ သစ်ဆွေး၊ နွားချေးဆွေး၊ စက်ဖွဲပြာများကို တတ်နိုင်သမျှ ထည့်သွင်းပေးပါ။ အရွယ်အစားညီညာသော ပျိုးပင်များရရှိစေရေးအတွက် ပျိုးခင်းမျက်နှာပြင်ညီညာအောင် ဆောင်ရွက်ပါ။

ရွှေ့ပြောင်းစိုက်ပျိုးခြင်း- ပျိုးသက်ရက်၂၀၊၂၅ ရက်သားတွင် ရွှေ့ပြောင်းစိုက်ပျိုးပါ။ ချက်ချင်းနုတ် ချက်ချင်းစိုက်ပါ။ ပျိုးမနုတ်မီသုံးရက်ခန့်ကြိုတင်၍ ရေသွင်းပါ။ ပျိုးနုတ်ရာတွင် ပျိုးပင်၏အပင်ခြေမှ စနစ်တကျကိုင်တွယ်၍ ညင်သာစွာနုတ်ပါ။

ပျိုးပင်များကို တင်းကြပ်စွာ စည်းခြင်းမပြုရပါ။ ပျိုးနုတ်ပြီးပြီးချင်း ချက်ချင်းစိုက်ပျိုးပါ။ ကောက်ပင်လှန်မြန်ဆန်စေရန်အတွက် ကောက်စိုက်ရာတွင် ပျိုးပင်ကို ၁ လက်မမှ ၁ ဒသမ ၅ လက်မထက် မနက်စေပဲ။ ကောက်ကွက်တစ်ကွက်လျှင် လက်ဆ ၂ ပင်မှ ၃ ပင်ဝင်အောင် စိုက်ပျိုးပါ။ ကောက်ကွက် ၁သိန်းမှ ၁ ဒသမ ၃ သိန်းခန့်ဝင်ဆန့်အောင်၊ တန်းကြား ပင်ကြား အကွာအဝေးကို ၈" x ၈" စိုက်ပျိုးပါ။ လေဝင်လေထွက်ကောင်းမွန်စေရန် တန်းလုပ်စနစ်ဖြင့် စိုက်ပျိုးပါ။ ကောက်စိုက်ပြီး ကောက်ပင်ဖာခြင်းကို တစ်လအတွင်း ဆောင်ရွက်ပါ။

**ရေသွင်းခြင်း**

ရေသွင်းရေထုတ် မှန်ကန်အောင်ပြုလုပ်ပါ။ အပင်ပေါက်ပြီးနောက် နှစ်ပတ်အတွင်း အပင်ငယ်များ ရေမမြုပ်စေရန် သတိပြုပါ။ ရေသွင်းရေခမ်းစနစ်ကိုကျင့်သုံးပါ။ မှို့ကပ်ချိန်နှင့် ရင့်မှည့်ချိန်အကြားတွင် သွင်းရေလုံလောက်အောင်ပြုလုပ်ပါ။

**မြေသြဇာကျွေးခြင်း**

နွားချေးဆွေးနှင့် သဘာဝမြေသြဇာကို ရရှိပါက ထည့်သွင်း၍ နွားချေးတင်း ၄၀ ၊ ကွန်ပေါင်းတစ်အိတ်နှင့်ပိုတက် ၁ အိတ်မှ ၄ အိတ်ခန့်ကို မြေခံအဖြစ်ထည့်သွင်းပါ။

စိုက်ပြီး ငါးရက်အတွင်း ယူရီးယား ၁အိတ်မှ ၂ အိတ်နှုန်းဖြင့် ပထမအကြိမ်၊ စိုက်ပြီးရက် ၂၀ တွင် ယူရီးယားတစ်အိတ်နှုန်းဖြင့် ဒုတိယအကြိမ်၊ စိုက်ပြီးရက် ၅၀ တွင် ယူရီးယား ၁ အိတ်မှ၂ အိတ်နှင့် ပိုတက် ၁ အိတ်မှ ၄ အိတ်နှုန်းဖြင့် တတိယအကြိမ် အလံရွက်ထွက်ချိန်တွင် ပိုတက် ၁ အိတ်မှ ၂ အိတ်နှုန်းဖြင့် စတုတ္ထအကြိမ် စုစုပေါင်း လေးကြိမ်ထည့်သွင်းပါ။ မြေသြဇာထည့်သွင်းပြီးတိုင်း ရေစပ်ထားရှိ၍ တမန်းနှိုးကိရိယာဖြင့် တမန်းနှိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပါ။ မြေသည် မြေဆီလွှာဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်ထားသင့်သည်။

**ပိုးမွှားနှင့် ရောဂါကာကွယ်ခြင်း**

ပိုးမွှားရောဂါ ကျရောက်ဖျက်ဆီးမှုရှိမရှိကို အမြဲမပြတ် ကွင်းဆင်းကင်းထောက်စစ်ဆေးပြီး ပိုးသတ်ဆေးကို လိုအပ်မှသာအသုံးပြုပါ။ ပိုးမွှားရောဂါများ ရှင်သန်ခိုအောင်းရာ နေရာဖြစ်သော ပေါင်းပင်နှင့် ပင်ကြွင်းပင်ကျန်များကို သုတ်သင်ရှင်းလင်းပါ။ ကြွက်ကြောင့် သီးနှံလေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန်အတွက် စိုက်ခင်း၏ ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်များကို ရှင်းလင်းခြင်း၊ ကြွက်ထောင်ချောက်ထောင်ခြင်း၊ ကြွက်ကာပစ္စည်းများ အသုံးပြုခြင်းစသည့် နည်းလမ်းများကို ဆောင်ရွက်ပါ။ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းစနစ်ကို ကျင့်သုံးပါ။

**ပေါင်းမြက် ရှင်းလင်းပါ**

ပေါင်းမြက်ထူထပ်ပါက စပါးအထွက်နှုန်းကို ထိခိုက်စေသည့်အတွက် ထိထိရောက်ရောက်နှိမ်နင်းပါ။ မြေကိုကောင်းစွာ ပြုပြင်ခြင်းဖြင့် ပေါင်းမြက်များကို နှိမ်နင်းနိုင်သည်။ ပေါင်းနှိမ်နင်းခြင်းကို လက်ဖြင့်လည်းကောင်း၊ ပေါင်းသတ်ဆေးဖြန်းခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ပါ။ ပေါင်းပင်အမျိုးအစားပေါ်မူတည်၍ မှတ်ပုံတင်ထားသော ပေါင်းသတ်ဆေးကို အညွှန်းအတိုင်း တိကျစွာအသုံးပြုပါ။

**ရိတ်သိမ်းခြင်း**

စပါးနှံများ ရင့်မှည့်မှုညီညာစေရန်လူနှင့်ကောက်ရိတ်စက်များ လွယ်ကူစွာဝင်ထွက် နိုင်စေရန်၊ အောက်ခံမြေမာလာစေရန်အတွက် စပါးနှံများရင့်မှည့်စပြုချိန်တွင် ရေထုတ်ပေးပါ။ စပါးနှံ၏ ၈၀၊၈၅ ရာခိုင်နှုန်းရင့်မှည့်ချိန်တွင် အလေအလွင့်အနည်းဆုံးနည်းလမ်းဖြင့် ရိတ်သိမ်းပြီးခြွေလှေ့စက်များ အသုံးပြုပါ။

**နိုင်ငံတကာဈေးကွက်တွင် ပေါ်ဆန်း၏အရေးပါမှု**

ပေါ်ဆန်းဆန်၏ ပြည်တွင်း၊ ပြည်ပဈေးကွက် အလားအလာများကို သုံးသပ်ရမည်ဆိုပါက ပြည်တွင်း ဈေးကွက်အလားအလာတွင် ဧရာပေါ်ဆန်းစားသုံးမှုမှာ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင်လည်းကောင်း၊ ရွှေဘိုပေါ်ဆန်းစားသုံးမှုကို နေပြည်တော်ကောင်စီ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စားသုံးမှုအများဆုံးရှိသည်ကို တွေ့ရှိရသည်။ ပြည်ပဈေးကွက်တင်ပို့မှု အစောဆုံးကာလမှာ ၂၀၀၁-၂၀၀၂ ခုနှစ် ဖြစ်ကြောင်းလည်း တွေ့ရှိရသည်။ မြန်မာပေါ်ဆန်းသည် နိုင်ငံတကာပြည်ပတင်ပို့မှုများတွင် ကောင်းမွန်သော သမိုင်းကြောင်းများရှိခဲ့သည်။ ၂၀၀၉ ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ကမ္ဘာ့ဆန်စပါးညီလာခံ (၂၀၀၉)တွင် ဖျာပုံပေါ်ဆန်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တတိယဆုရရှိခဲ့သည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တွင် ကျင်းပပြုလုပ်သော အပြည်ပြည်ဆိုင်ရာ ဆန်စပါးညီလာခံတွင် ရွှေဘိုပေါ်ဆန်းသည် ကမ္ဘာ့အကောင်းဆုံးဆန် (World Best Rice) အဖြစ် ရွေးချယ်သတ်မှတ်ခံရသည်။ ကမ္ဘာတွင် မြန်မာပေါ်ဆန်းကို "မြန်မာ့ပုလဲစပါး" ဟု အသိအမှတ်ပြုထားသည်။ နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ဆန်သည် အရည်သွေးကောင်းမွန်သော်လည်း အမှတ်တံဆိပ်အားနည်းခြင်း၊ ထုတ်လုပ်မှုစနစ်မခိုင်မာခြင်းတို့ကြောင့် ဈေးကွက်ဝေစုနည်းပါးနေသေးသည်။ စိုက်ပျိုးထုတ်လုပ်မှုအပေါ်အခြေခံ၍ ရောင်းလိုအား၊ ဝယ်လိုအားညှိနှိုင်းဆောင်ရွက်နိုင်ပါက ပြည်ပဈေးကွက်တွင် အခွင့်အလမ်းကောင်းများစွာ ရရှိမည်ဖြစ်သည်။

မြန်မာ့ဆန်ကို အဓိကတင်သွင်းသော နိုင်ငံများမှာ တရုတ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဥရောပနိုင်ငံများ ဖြစ်ကြသည်။ ပြည်ပနိုင်ငံများရှိ မြန်မာ့ဆန်၏ ဈေးကွက်ဝေစုအချိုးမှာ တရုတ်နိုင်ငံတွင် ၂၁ ရာခိုင်နှုန်း၊ ဘယ်လ်ဂျီယမ်နိုင်ငံတွင် ၂၇ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၄ ရာခိုင်နှုန်းနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ၅ ရာခိုင်နှုန်းတို့ အသီးသီးရှိသည်ကို တွေ့ရသည်။ မြန်မာ့ဆန်ဝယ်လိုအား အများဆုံးနှင့် ဈေးကွက်အလားအလာအရှိဆုံး နိုင်ငံများမှာ တရုတ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံ တို့ဖြစ်သည်။

မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းစေရန်အတွက် လက်ရှိဒေသ ပေါ်ဆန်းစပါးမျိုးများကို အဆင့်မြင့်မျိုးမွေးမြူသည့် နည်းပညာများနှင့်ပေါင်းစပ်၍ မူလပေါ်ဆန်း အရည်အသွေးမပျက်ထုတ်လုပ်ခြင်း၊ မျိုးအသစ်များကို ကာကွယ်ခွင့်ရယူ၍ စားသုံးသူအကြိုက်နှင့်ဈေးကွက်အပေါ်မူတည်၍ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဥပဒေမူဘောင်လုပ်ထုံးလုပ်နည်းများနှင့်အညီ အစီအမံများချမှတ်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ခြင်းတို့ကို တစိုက်မတ်မတ် လုပ်ဆောင်ရမည်။ ထို့ပြင် ပြည်ပ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကောင်းစေရန် အဓိက လိုအပ်ချက်များဖြစ်သည့် Geographical Indication(GI) ဒေသဆိုင်ရာ အညွှန်းရရှိရန်လိုအပ်ခြင်း၊ ဝယ်လက်များ၏ ယုံကြည်မှုရရှိရန်လိုအပ်ခြင်း၊ ရောင်းသူဝယ်သူယုံကြည်မှု၊ ရိုးသားမှု၊ ဆန်အရည်အသွေးကောင်းများ ထိန်းသိမ်းနိုင်မှုစသည်တို့ကို လုပ်ဆောင်ခြင်းဖြင့် ပြည်တွင်းတွင်သာမက ပြည်ပဈေးကွက်တွင်ပါ မြန်မာပေါ်ဆန်း တစ်ခေတ်ဆန်းသစ်နိုင်စေရန်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်သင့်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

ဝတ္ထုတိုကဏ္ဍ

# လှိုင်းဇါမာယာ

## မင်းလပြည့်(ဟားခါး)



တိမ်မျှင်တိမ်စလေးပင်မရှိသော ကောင်းကင်က ကြည်လင်သာယာနေသည်။ အရှေ့ဘက်ရှိ မိုးကုပ်စက်ဝိုင်းဆီမှထွက်ပြူလာသော နံနက်စောစော ရောင်ခြည်သည် အပြောကျယ်လှသောရေပြင်ပေါ်သို့ ဖြာကျနေသည်။ နေရောင်ခြည်ကြောင့် တလက်လက် တောက်ပနေသောလှိုင်းကြက်ခွပ်များက ကြည်နူးဖွယ်ကောင်းလှသည်။ မျက်စိတစ်ဆုံးရေပြင်ကျယ်ကြီးတွင် လူစီးမော်တော်ဘုတ်တစ်စီးကား ရေပြင်ကို တဖွားဖွားခွဲ၍ ပြေးလွှားနေသည်။ ပေ ၂၀ ခန့်ရှည်ပြီး ခြောက်ပေခန့်မြင့်သော မော်တော်ဘုတ်လေးထဲတွင် ကျွန်တော်၊ မောင်ငါး၊ ရွှေတိုး၊ ဦးကျောက်ခဲတို့လိုက်ပါလာကြသည်။

ကျွန်တော်က ဗမာလူမျိုးဖြစ်ပြီး ကျန်သုံးဦးမှာ ပင်လယ်ပျော် ဆလုံတိုင်းရင်းသားများဖြစ်ကြသည်။ ကျွန်တော်တို့လေးယောက်တွင် မောင်ငါးက အဖွဲ့ခေါင်းဆောင်ဖြစ်ပြီး ကျွန်တော်က မော်တော်ဘုတ်မောင်းသမား၊ ရွှေတိုးနှင့် ဦးကျောက်ခဲတို့က ရေငုပ်သမားများဖြစ်ကြသည်။ စိတ်တူကိုယ်တူကာဝါသနာတူကြသည်။ ကျွန်တော်က အဏ္ဏဝါဇီဝဗေဒ တက္ကသိုလ်မှ ကျောင်းဆင်းထားသူဖြစ်ပြီး မြိတ်မြို့တွင် နေထိုင်ရာမှ မောင်ငါးတို့အဖွဲ့နှင့်ခင်မင်ကာ ခရီးထွက်ခဲ့ခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသူဖြစ်သည့်အပြင် ငါးများအကြောင်း စိတ်ဝင်စားကြသူများဖြစ်သည်။

ယခုလည်း ကျွန်တော်က မော်တော်ဘုတ်မောင်းကာ မြိတ်မြို့မှမြိတ်ကျွန်းစုများသို့ ထွက်ခွာလာခဲ့ခြင်းဖြစ်ပြီး ရာသီဥတုသာယာပါက ကမ်းလွန်ပင်လယ်ဘက်သို့ ခရီးထွက်ခွာရန် ရည်မှန်းထားကြသည်။ ဘယ်လောက်အချိန်ကြာကြာမောင်းလာခဲ့မှန်းမသိ။ ကမ်းစပ်ကိုပြန်လှည့်ကြည့်တော့ မြင့်မားသော အုန်းပင်အုပ်အုပ်များ၊ ပင်လယ်ကဗ္ဗီးပင်များကြားမှ ဆလုံရွာလေးများ၊ လှေများစုထားသည့် ရေပေါ်ရွာလေးများကိုလည်းဖြတ်ကျော်ကာ ဝေးသောနေရာသို့ ရောက်နေမှန်းသိရသည်။

ကျွန်တော်က မော်တော်ပေါ်ရှိ အချက်ပြဒိုင်ခွက်မှ လတ္တီတွဒ်၊ လောင်ဂျီတွဒ်နှင့် ရေပြင်အောက်က ငါးများသွားလာပုံကိုကြည့်ပြီး မောင်းနှင်နေသည်။ ရာသီဥတုက မာယာများသည်။ ယခုကောင်းနေပေမဲ့ ရာသီဥတုက ရေပြင်အပူချိန်၊ မုတ်သုံရာသီဝင်ချိန်များတွင် မိုးရွာရုံသာမက လေဖိအားနည်းရပ်ဝန်းဖြစ်ကာ လေများတိုက်ပြီး မုန်တိုင်းအစပျိုးတတ်သည်ကို ကျွန်တော်တို့သိနေကြသည်။

ဟိုတစ်စုဒီတစ်စုဖြစ်နေသော မြိတ်ကျွန်းစုများက ပင်လယ်နှင့်ဆက်စပ်တည်ရှိနေသည်။

"ဟာ ဟိုရှေ့က ဘာကြီးလဲ"

ကျွန်တော်၏ အလန့်တကြားအော်သံကြောင့် မောင်ငါးက မှန်ဘီလူးဖြင့်ကြည့်သည်။

"ဟာ ရေနံတင်ရေယာဉ်ကြီးကွ။ အဲဒါအရေးမကြီးဘူး။ ဟိုတစ်နေ့က ပစိဖိတ်သမုဒ္ဒရာကမ်းခြေမှာ ရေနံတင်ရေယာဉ်ကြီး ရေနံဖိတ်တယ်လို့ သတင်းကြေညာသွားတယ်။ ပင်လယ်ပြင်ရေညစ်ညမ်းရုံသာမက ငါးတွေတော့ သေကုန်ပါပြီကွာ"

မောင်ငါးက ငြူစူပြောသည်။ ပင်လယ်ပျော်စင်ရော်ငှက်ကလေးများက မော်တော်ဘုတ်နားခပ်နိမ့်နိမ့်ပျံဝဲရင်းလိုက်ပါသလို ရွှေတိုးက ပေါင်မုန့်အပိုင်းအစများ ပစ်ကျွေးနေသည်။ နေလုံးက ကောင်းကင်ပြာပြာသို့ မြင့်တက်လာသည်။ မိုးကုပ်စက်ဝိုင်းနှင့်ရေပြင်ကား တစ်ဆက်စပ်တည်းထင်ရသည်။ ရေငုပ်သမား ရွှေတိုးနှင့် ဦးကျောက်ခဲတို့က ရေနက်ပိုင်းရောက်လာ၍ ကြိုပြင်နေသည်။ အောက်ဆီဂျင်ဘူးနှင့် ရေငုပ်ဝတ်စုံကို စစ်ဆေးနေကြသည်။

"ဟေ့ ရွှေတိုး မင်းဦးလေးက သဘော်သားဆိုတော့ ငါးဖမ်းတဲ့အကြောင်းလေးပြောဖူးရင် ငါတို့ကိုလဲ ပြောပြစမ်းပါအုံးကွ"

မောင်ငါးက ဘယ်လိုစိတ်ကူးပေါက်သွားလဲမသိ။ ရွှေတိုးကိုလှမ်းပြောတော့ ရွှေတိုးကလည်း ပြောချင်သောပုံစံဖြင့် မျက်နှာစပ်ဖြဲဖြဲဖြစ်သွားသည်။

"ရွှေတိုးလုပ်လိုက်စမ်းကွာ။ ငါတို့လဲ ဗဟုသုတရတာပေါ့။ မြိတ်ရောက်ရင် မြိတ်က နာမည်ကြီးကပ်ကြေးကိုက်ကျွေးမယ်ကွာ"

ကျွန်တော်ကပါ ရော၍ မီးစထိုးမြှောက်ပြောလိုက်သည်။

"ငါ့ဦးလေးကလဲပြောတယ်။ ငါလဲ စာထဲဖတ်ဖူးတယ်။ ငါ့ဦးလေးက သမုဒ္ဒရာထဲထိ ငါးဖမ်းရတဲ့ကုမ္ပဏီမှာလုပ်တာ။ ဝေလငါးကလွဲပြီး မဖမ်းဖူးတဲ့ငါးမရှိဘူး။ ငါးက ရေချိုငါးနဲ့ ရေငန်ငါးဆိုပြီး နှစ်မျိုးရှိတယ်။ ရေနက်ပိုင်းမှာ ပင်လယ်တံငါဆိုတဲ့ငါးတွေက သူတို့ကိုယ်ကထွက်တဲ့ အလင်းရောင်ကိုသုံးပြီး ငါးတွေကို ဖမ်းစားကြတယ်။ ငါးတွေမှာ အစာစားချိန်ဆိုတာ ရှိတယ်။ အသံဆူညံတာမကြိုက်ကြဘူး။ သိပ်ကြီးတဲ့ငါးတွေဆို လူတွေကို ပြန်တိုက်ခိုက်ကြတယ်။ ငါးဖမ်းပိုက်တွေကိုလဲ ပြန်ပြီးကိုက်ဖြတ်တတ်ကြတယ်"

ရွှေတိုးကပြောပြီး စကားရပ်လိုက်သည်။ ကျွန်တော်တို့မော်တော်ဘုတ်လေးက ရေမိုင် ၅၀ ကျော်နေပြီဖြစ်ကြောင်း ဒိုင်ခွက်က ပြနေသည်။ ရေနက်ပိုင်းရောက်လာသည်နှင့် ပင်လယ်ဘက်မှ လေတိုက်နှုန်းကလည်း ပြင်းထန်လာသည်။ စိမ်းမြကြည်လင်သော ရေပြင်ကို မြင်တွေ့ရသည်။ ရေဒီယိုမှ ရာသီဥတုသတင်းထုတ်လွှင့်ချက်ကိုလည်း နားစွင့်ထားရသေးသည်။

"ငါးဖမ်းတာ အာရုံစိုက်ရတယ်။ သတိလက်လွတ်လို့မရဘူး။ ငါးအမျိုးပေါင်း ၁၃၀၀၀ လောက်ရှိတယ်ဆိုပဲ။ ကပ်ဘီလူးငါး၊ ခေါင်းချွန်ငါး၊ စလွယ်ငါးမျိုးတွေက ဖမ်းရခက်တယ်။ ကျွမ်းကျင်တဲ့တံငါသည်တွေမှ ဖမ်းလို့ရတာ"

ရွှေတိုးက ငါးအကြောင်းပြောနေစဉ် မောင်ငါးက ကြားဖြတ်ပြောသည်။

"တို့ဆီမှာတော့ ရေချိုငါးတွေ အဆိပ်စက်ချဖမ်း၊ လစ်ရင်လစ်သလို မိုင်းခွဲဖမ်းကြတော့ ငါးမျိုးသုဉ်းတော့မယ်ကွာ"

"ဟုတ်တယ်ကွာ"

ကျွန်တော်နှင့် ရွှေတိုးပါ ထောက်ခံမိကြသည်။

"ငါးကြီးတစ်ကောင်ဖြစ်ဖို့က လွယ်တာမဟုတ်ဘူးကွ"

ရွှေတိုးပြောနေစဉ် တဝေါဝေါနှင့် ကင်းထောက်လေယာဉ်တစ်စီးက ကျွန်တော်တို့ခေါင်းပေါ်မှ ခပ်နိမ့်နိမ့်အသံပြင်းပြင်းဖြတ်ကျော်သွား၍ စကားဝိုင်းပျက်သွားသည်။ မောင်ငါးက အလံစိမ်းလေး ချက်ချင်းဝှေ့ယမ်းပြသည်။ အမှန်တော့ ကင်းထောက်လေယာဉ်လေးက ကျွန်တော်တို့မော်တော်ဘုတ်ကို မူးယစ်ဆေးဝါးသယ်ဆောင်သူများထင်ပြီး ထောက်လှမ်းကြည့်ခြင်းလည်းဖြစ်နိုင်သည်။

နံနက် ၈ နာရီမှထွက်လာသော ကျွန်တော်တို့မော်တော်ဘုတ်လေးကား မွန်းလွဲ ၁ နာရီအချိန်တွင် ရေမိုင် ၁၀၀ ခန့် ရောက်ရှိကြသည်။ သည်နေရာက နိုင်ငံ၏ရေနက်ပိုင်းဖြစ်၍ ရေအနက်ကလည်း ဆယ်မိုင်လောက်ရှိသည်။

"ကိုင်း ကိုလပြည့်ရေ၊ ရည်မှန်းထားတဲ့နေရာတော့ရောက်ပြီ။ ကျောက်ချပြီး မနက်စာစားစို့"

ကျွန်တော်က စက်သတ်ပြီး ကျောက်ဆူးချလိုက်သည်။ နေ့လယ်စာထမင်းစားရင်း နားကြသည်။ ကျွန်းများနှင့်ဝေးကာ ပင်လယ်ဝသို့ရောက်နေသည်။ ကမ်းမမြင်လမ်းမမြင် အပြောကျယ်သော ရေပြင်က ငြိမ်သက်နေသည်။

"ကဲ ခင်ဗျားတို့နားကြအုံး။ ကျုပ်တို့တော့လုပ်ငန်းစကြမယ်။ ရေငုပ်ကြမယ်။ အောက်ဆီဂျင်က နှစ်နာရီစာရတယ်။ အခုချိန်ကနေ့လယ် ၂ နာရီဆိုတော့ ညနေလေးနာရီပြန်တက်လာမယ်။ ရေအောက်ငါးမျိုးစိတ်တွေ၊ ငါးတွေရဲ့ ဓလေ့စရိုက်တွေ၊ ရေအောက်အပူချိန်တွေ၊ ရေအောက်ကြမ်းပြင်တွေကို ရိုက်ကူးမှတ်တမ်းတင်ခဲ့မယ်"

ရွှေတိုးက ပြောပြောဆိုဆို ရေငုပ်ဝတ်စုံဝတ်နေပေမဲ့ ဦးကျောက်ခဲက အဆင်သင့်ဖြစ်နေပေပြီ။

"ခင်ဗျားတို့နှစ်ယောက်ပြန်ရောက်တာနဲ့ တစ်ခါတည်းပြန်ထွက်မယ်။ ရာသီဥတုက ခန့်မှန်းရခက်တယ်။ ရေပြင်မှာ ရေစီးနှုန်းမြန်လာရင်၊ ငါးအုပ်တွေသွားလာတာထူးခြားရင် ကုန်းပေါ်အမြန်တက်ခဲ့ကြလူမကွဲစေနဲ့"

မောင်ငါးက စိုးရိမ်တကြီးမှာကြားနေပေမဲ့ ငြိမ်သက်နေသောရေပြင်ကိုကြည့်၍ ကျွန်တော်ကတော့ ဝတ္ထုရေးရန်ပင် စိတ်ကူးရနေပေပြီ။ သည်လောက်လှပသည့်ပင်လယ်ကြီးကို ကံကောင်း၍ မြင်တွေ့ခွင့်ရသည်ဟု စိတ်ထဲတွင် ချီးမွမ်းနေမိသေးသည်။ မောင်ငါးကတော့ ပါလာသောကင်မရာဖြင့် ရှုခင်းများကို ရိုက်ကူးနေသည်။ ကျွန်တော် မေးခနဲအိပ်ပျော်ပြီး လန့်နိုးလာချိန်တွင် ရွှေတိုးနှင့် ဦးကျောက်ခဲတို့က ပါလာသောဗီဒီယိုကင်မရာများမှ ဓာတ်ပုံများကို ပြသကြသည်။

"ဒါတွေက ဘာတွေလဲဗျ"

မောင်ငါးက ရေအောက်ကြမ်းပြင်တွင် တလှုပ်လှုပ်နှင့်လွင့်မျောနေသောအရာကိုကြည့်ပြီး ပြောလိုက်သည်။ မောင်ငါးစိုးရိမ်မည်ဆိုက စိုးရိမ်လောက်သည်။ လူသားတွေက ကမ္ဘာမီးလောင်၊ သားကောင်ချနင်းကြမည့်စိတ်ဓာတ်တွေ အားကောင်းမောင်းသန်နေသည်။ စောစောက ကြည်နူးစိတ်လေးများက ကျွန်တော့်အပါးမှ ထွက်ခွာသွားကြပေပြီ။

"ကိုင်း ဘာလိုလိုနဲ့ ညနေ ၄ နာရီတောင်ခွဲသွားပြီ။ မြိတ်ကိုပြန်ဖို့ အချိန်နည်းသွားပြီ။ ခုနက ရေဒီယိုက ထုတ်လွှင့်သွားတယ်။ ပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်းဖြစ်နေတယ်တဲ့။ ပြောမရဘူး မိုးရွာပြီး လေတိုက်ရင် မလွယ်ဘူး။ ကိုလပြည့်ရေ ကျောက်ဆူးမြန်မြန်ဖြုတ် သွားကြစို့"

ကျွန်တော်က ကျောက်ဆူးကြိုးချက်ချင်းတင်ပြီး မော်တော်ဘုတ်ကို လာလမ်းအတိုင်း မောင်းထွက်လာခဲ့သည်။ မကြာမီ မိုးသားတိမ်လိပ်များက ကောင်းကင်တွင် မည်းမှောင်မှိုင်းညို့လာသည်။ မိုးရွာလာလျှင် လေပြင်းက တွဲပါလာတတ်သည်။ မော်တော်ဘုတ်ကို မိုင်နှုန်းတင်မောင်းလိုက်သည်။ ကောင်းကင်တစ်ခုလုံး မည်းမှောင်ကာ လေတိုက်ခတ်နှုန်းပြင်းလာသည်။ ရေပြင်တွင် လှိုင်းများကလည်း မြွေဟောက်ပါးပျဉ်းထောင်သလို တဟဲဟဲနှင့် ဒေါမာန်များဖွဲ့လာသည်။

"ဒါကြောင့် မြန်မာစကားမှာပြောတာပေါ့။ ပွဲသွားကြော့ကြော့၊ ပွဲပြန်မော့မော့ဆိုတာလေ"

ကျွန်တော်က ပြောလိုက်တော့ မောင်ငါးတို့သုံးယောက် အတွေးကိုယ်စီဖြင့် ပြုံးနေကြသည်။

ရေလှိုင်းများက ကျွန်တော်တို့လှေဦးကိုပြေးတိုက်လာသလို ကောင်းကင်တစ်ခုလုံးလည်း မှောင်ကျသွားပြီး ဝင်းခနဲလက်သွားသော လျှပ်ရောင်များ၊ မိုးကြိုးပစ်သံများ၊ မိုးသီးမိုးပေါက်များ၊ လေပြင်းတိုက်ခတ်မှုများက ကျွန်တော်တို့မော်တော်ဘုတ်လေးကို ပင်လယ်ရေနက်ထဲသို့ဆွဲနှစ်ရန် ကြိုးပမ်းနေကြပေပြီ။

ကျွန်တော်က ရှေ့ကို စိတ်တည်ငြိမ်စွာသတိထားမောင်းနှင်နေပေမဲ့ ခန္ဓာကိုယ်တွင် ချွေးများရွှဲနစ်နေသည်။ မော်တော်ဘုတ်၏ရှေ့ခရီးက ကျွန်တော့်ထံတွင် တည်မှီနေပေပြီ။

စာမျက်နှာ ၂၅ သို့ ➤

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၅၂ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

ရေဦး မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၅၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ၁၃၅၂ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် ဇွန်လ ပထမပတ်အတွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ တန့်ဆည်မြို့နယ်အတွင်း ဟင်းသီးဟင်းရွက် ဧက ၁၃၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးမယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝါးခယ်မမြို့နယ်တွင် တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေ

ဝါးခယ်မ မေ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ဒေသထွက် တီလားဗီးယားငါးများ ဝယ်ယူမှု အားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ဒေသထွက် တီလားဗီးယားငါးများထွက်ရှိပြီး ယခုနှစ် မေလဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် တီလားဗီးယားငါးများ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ ရောင်းချနေရကြောင်း သိရသည်။

"လက်ရှိမှာ တီလားဗီးယားငါးတွေ အဝယ်လိုက်နေပါတယ်။ တီလားဗီးယားငါးကို အခြားဒေသကုန်စိမ်းဈေးကွက်က အဝယ်များနေပါတယ်။ ဝါးခယ်မမြို့နယ်က နေ အခြားဒေသတွေကို ပိဿာချိန်များများတင်ပို့နေရလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒေသထွက် တီလားဗီးယားငါးတွေက ရောင်းပန်းလှပြီး အကင်ဆိုင်တွေ၊ ပင်လယ်စာဆိုင်တွေရဲ့ အကြိုက်ဖြစ်ပါတယ်။ လက်ရှိအရောင်းအဝယ် ကောင်းနေတာကြောင့် ရေလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အားလုံး အဆင်ပြေပါတယ်"ဟု ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် တီလားဗီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသထွက် တီလားဗီးယားငါးများအပါအဝင် အခြားကုန်စိမ်းများကိုလည်း ဝါးခယ်မဈေးကွက်အပြင် ပုသိမ်၊ မြောင်းမြ စသည့်ဒေသများသို့လည်း တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

"မနက်ကပဲ အကောင်းကြီး။ အခုတော့ဘယ်လိုဖြစ်ရတာလဲကွာ"

ဦးကျောက်ခဲပြောလည်း ပြောချင်စရာပင်။ ဆိုးတာက ကျွန်တော်တို့က ရေဆန်၊ လေဆန်မောင်းနေရခြင်းဖြစ်သည်။ လေပြင်းတိုက်ခတ်မှုကြောင့် တောင်ပူစာခန့်လှိုင်းများဖြစ်ကာ မော်တော်ဘုတ်လေးမှာ မြောက်ခနဲထိုးတက်သွားလိုက်၊ နိမ့်ခနဲထိုးဆင်းသွားလိုက်ဖြင့် ဝဲကတော့ထဲက သစ်ရွက်ငယ်လို ချာချာလည်နေသည်။ မော်တော်ဘုတ်မမှောက်အောင်ထိန်းနေပေမဲ့ ပြင်းထန်ကြီးမားသော လှိုင်းလုံးကြီးကြောင့် မော်တော်ထဲရေဝင်ကာ ဟန်ချက်ပျက်နေပေပြီ။

"မော်တော်ကို ထိန်းလို့မရတော့ဘူး။ အသက်ကယ်ဝတ်စုံအပြင် တာယာဘောကွင်းတွေစွပ်ထားကြဟေ့"

ကျွန်တော်က မိုးသံ၊ လှိုင်းသံကြားထဲ အသံကုန်အော်ဟစ်သတိပေးလိုက်သည်။ အဆက်မပြတ်ပြင်းထန်သော ရေလှိုင်းများကြောင့် တစ်ယောက်နှင့်တစ်ယောက်မမြင်ရအောင် မော်တော်ဝမ်းထဲ ရေများပြည့်နေပေပြီ။ ရေလှိုင်းများက တစ်လုံးပြီးတစ်လုံး၊ သဘာဝတရား၏ တုံ့ပြန်ချက်ကို ကျွန်တော်တို့လူသားများ လက်မြှောက်အရှုံးပေးရပေတော့မည်။

"ဝုန်း"

"မှောက်ပြီ၊ မှောက်ပြီ"

အော်သံကြားလိုက်ရသည်။

"အား"

ကျွန်တော်တို့အားလုံး ရေထဲပြုတ်ကျသွားပေမဲ့ တတ်နိုင်သမျှ လက်ချင်းချိတ်ကြပြီး မြုပ်ချည်ပေါ်ချည်နှင့် အသက်ကယ်ဝတ်စုံ၊ တာရာဘောကွင်းများကြောင့် အသက်မဆုံးရှုံးကြ။ လှိုင်းလုံးများကြား မြုပ်ချည်ပေါ်ချည်ဖြင့်မေ့မြောကာ အချိန်ကြာကြာမျောပါရင်း ကံကောင်းထောက်မစွာ ကျွန်းတစ်ခုပေါ် သွားတင်နေသည်။

တကယ်တော့ ကျွန်တော်တို့အသက်ကို ကယ်ပေးသောအရာကား ကျွန်းမျောတစ်ခုဖြစ်သည်။ လှိုင်းပုတ်ရာနောက်သို့ ကျွန်းမျောကြီးက တရွေ့ရွေ့မျောပါကာ မြိတ်ကျွန်းစုကမ်းခြေတစ်နေရာတွင် သွားတင်ခြင်းဖြစ်သည်။ ကျွန်တော်တို့က လှိုင်းပုတ်ဒဏ်ကြောင့် အားအင်ချည့်နဲ့ကာ ပင်ပန်းပြီးအိပ်ပျော်နေကြသည်။

စကားပြောသံများ၊ ကျယ်လောင်သောရယ်သံများ ကြားရသည်။ ကျွန်တော်တို့အားလုံး လန့်နိုးသွားကြသည်။ မျက်စိဖွင့်ကြည့်တော့ မိုးပြာရောင်ကောင်းကင်ကြီးက ကြည်လင်ပြာလဲ့နေသည်။ လူတချို့က အထူးအဆန်းသဖွယ် ပြုံးစိစိဖြင့်ကြည့်နေကြသည်။

"ဟာ ဘာကြီးလဲဟ"

ကျွန်တော်တို့ကျွန်းမျောကြီးကို ဆိတ်ကြည့်သည်။ ဆွဲကြည့်သည်။ ကိုင်ကြည့်သည်။ အဖြေရှာမရသလိုဖြစ်နေသည်။ ကျွန်တော်တို့အားလုံး အိပ်၍ပါလာသောအရာကား မြေကြီးလည်းမဟုတ်။ ဖော့မွေ့ရာလည်း မဟုတ်။ ပြီးတော့မှ အဖြေရှာတွေ့ကာ ငိုအားထက်ရယ်အားသန်ခဲ့ရပေပြီ။ ရှက်ရှက်နှင့်ပြုံးမိကြသည်။ တကယ်တော့ ထိုပစ္စည်းများသည်ကား လူသားများကိုသာမက ရေနေသတ္တဝါများကို သေကျေပျက်စီးစေသော ပစ္စည်းများဖြစ်ပြီး ကျွန်တော်တို့လေးဦးကို အသက်ကယ်တင်ခဲ့ပေသည်။ ကျွန်တော်တို့အားလုံးအတွက်မူ ဂုဏ်ယူနိုင်ခြင်းမရှိပါ။ လူသားများ၏ ကျန်းမာရေးကို ကောင်းကျိုးထက် ဆိုးကျိုးကိုပေးသော ဓာတုပစ္စည်းများဖြင့်လုပ်ထားသည့် ပစ္စည်းဖြစ်နေသောကြောင့်ဖြစ်သည်။

ကျွန်တော်တို့ကိုကယ်တင်လာသောအရာကား ကျွန်းမျောကြီးလည်း မဟုတ်၊ ရေညှိများလုံးထွေးမာကျောကာ အစိုင်အခဲဖြစ်နေသော ပလတ်စတစ်ကြွပ်ကြွပ်အိတ်များစုဝေးနေသည့် ဧရာမအမှိုက်ပုံကြီးဖြစ်နေမှန်း သိလိုက်ရခြင်းကြောင့်ဖြစ်ပါသည်။

## မေတ္တာတရား

– လူတိုင်းပေါ် စိတ်ကောင်းထား
မေတ္တာများ ဖြန့်ကြက်ပါ၊
တန်ပြန်ကာ အကျိုးရ
အေးမြစေရာ၊
နှလုံးသား ဖြူစင်စွာ
အပူပင်ကွာ ဘဝလမ်း၊
လူဖြစ်ချိန် အသိစိတ်ကို
ထိပ်တန်းတင်လှမ်း။

– ကရုဏာ ပက်ကာဖျန်း
မေတ္တာစမ်း ကြည်ကြည်လင်၊
ကောင်းဘက်ကို တည့်တည့်လျှောက်
လမ်းကောက်ရှောင်ကြဉ်၊
မကောင်းမှု မပြုအစဉ်
စိတ်ကောင်းပင် အမြဲထား၊
ဘဝဝယ် တန်ဖိုးရှိအောင်
သတိချင့်ပွား။

– မွန်မြတ်သည် စိတ်ကောင်းအား
ကောင်းကျိုးပွား ရရှိနေ၊
ဖေးမကူ လူလူချင်း
သန့်ရှင်းမြတ်ပေ၊
နှလုံးသားလေး လှပါစေ
မေတ္တာတွေ မညှိုးလန်း၊
လောကမှာ မေတ္တာဓာတ်သည်
မွန်မြတ်အေးချမ်း။ ။

ဖြိုးထက်(ရေစကြို)

# မိုင်းဖြတ်မြို့နယ် ဟိုခန့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနိုင်ရေး ကွင်းဆင်းစစ်ဆေး

မိုင်းဖြတ် မေ ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် မိုင်းဟဲကျေးရွာအုပ်စု ဟိုခန့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနိုင်ရေး ကွင်းဆင်းတိုင်းတာခြင်းကို မေ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဟိုခန့်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ကွန်ကရစ်လမ်းခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းဖြတ်မြို့နယ် ဟိုခန့်ကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။ **ဇင်မာ**

# ပစ္စည်းလက်မဲ့ဖြစ်နေလျှင် မြွက်ဖော်ချက်နှင့်အတူ လက်ရောက်ရလိုမှု ပူးတွဲစွဲဆိုရမည်

မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းတစ်ခုကို လက်မဲ့ဖြစ်နေသောပိုင်ရှင် (တရားလို) တစ်ဦးသည် မြွက်ဖော်ချက်နှင့် တားမြစ်အမိန့်ထုတ်ပေးရန် တရားမစွဲဆိုနိုင်ကြောင်းနှင့် စွဲဆိုမည်ဆိုပါက မြွက်ဖော်ချက်နှင့်အတူ လက်ရောက်ရလိုမှုကိုသာ စွဲဆိုရမည်ဖြစ်ကြောင်းနှင့်ပတ်သက်၍ ရေးသားတင်ပြပါမည်။ ဤဆောင်းပါးသည် ပြည်သူအများအတွက် ရည်ညွှန်းသော်လည်း အထူးသဖြင့် လုပ်ဖော်ကိုင်ဖက် ညီတော်နောင်တော် ရှေ့နေရှေ့ရပ်များအတွက် ရည်ညွှန်းပါကြောင်း သဘောရိုးဖြင့် တင်ပြလိုပါသည်။

**အမှုဖြစ်စဉ်အကျဉ်း**

ဦးပုဂံပါနှစ်ဦးတို့သည် ဦးလှမောင်ပါနှစ်ဦးတို့၏ ထံ၌ လယ်ဦးစီးဖြင့် အလုပ်လုပ်ကိုင်ခဲ့ဖူးသည်။ လယ်ပိုင်ရှင် ဦးလှမောင်ပါနှစ်ဦးတို့က ၎င်းတို့သည် သထုံမြို့နယ်၊ ကျိုက်ကော်မြောက်ပိုင်းအုပ်စု တောင်ကြားကွင်းအမှတ်(၅၈၇-ဘီ) ဦးပိုင်အမှတ် ၂၆ (၅၁-၅၂)ကေအကျယ်အဝန်းရှိသောမြေနှင့် ထိုမြေပေါ်ရှိအိမ်မှာ မိမိတို့ပိုင်ကြောင်း၊ ဦးပုဂံပါနှစ်ဦးတို့သည် မိမိတို့လယ်ဦးစီးများဖြစ်၍ ၁၉၅၉ ခုနှစ်တွင် ထိုမြေနှင့် အိမ်ပေါ်၌ အခမဲ့နေထိုင်ခွင့်ပြုခဲ့ကြောင်း၊ ထိုမြေပေါ်၌ မိမိတို့၏ထင်းနှင့် ကောက်ရိုးများထားခဲ့ကြောင်း၊ ၁၉၆၅ ခုနှစ်၊ မတ် ၁၃ ရက်တွင် မိမိတို့၏ ထင်းနှင့်ကောက်ရိုးများကို ပြန်လည်ယူငင်သောအခါ ဦးပုဂံပါနှစ်ဦးတို့က ခြံထဲသို့မဝင်ရန် တားမြစ်ခဲ့သည့်အပြင် မြေနှင့်အိမ်ကို ၎င်းတို့ပိုင်ဆိုင်သည်ဟု အဆိုပြုခဲ့ကြောင်း၊ ထို့ကြောင့် အချင်းဖြစ်မြေနှင့် အိမ်ကိုမိမိတို့ပိုင်ကြောင်း **မြွက်ဖော်ပေးရန်နှင့် မြေပေါ်ရှိအသီးအနှံများ ဆွတ်ခူးခြင်း၊ ကောက်ရိုး ထင်းလှည်းများ ဝင်ရောက်ထားခြင်း၊ သယ်ယူခြင်းများကို တားဆီးနှောက်ယှက်မှု မပြုလုပ်ရန် တားမြစ်သည့်အမိန့် ထုတ်ပေးစေလိုကြောင်း** သထုံမြို့နယ်ပိုင် တရားမရုံး၌ တရားစွဲဆိုခဲ့သည်။

ဦးပုဂံပါနှစ်ဦးတို့က မိမိတို့သည် လယ်ဦးစီးအဖြစ် လုပ်ခဲ့ရာ လုပ်ခငွေကျပ် ၅၀၀ ရရန်ရှိသဖြင့် ဦးလှမောင်ပါနှစ်ဦးတို့က ထိုငွေအတွက် အချင်းဖြစ်မြေကို မိမိတို့ကို လွှဲပြောင်းပေးခဲ့ကြောင်း၊ ၎င်းသို့ လွှဲပြောင်းပေးသဖြင့် မိမိတို့သည် ထိုမြေပေါ်၌ အိမ်ဆောက်လုပ် နေထိုင်ခဲ့ကြောင်း ထုချေကြသည်။

တရားရုံးက နှစ်ဖက်အမှုသည်နှင့် သက်သေတို့ကို စစ်ဆေးပြီးနောက် ဦးလှမောင်ပါနှစ်ဦးတို့သည် အချင်းဖြစ်မြေနှင့်အိမ်ကို ပိုင်ဆိုင်သူများဖြစ်ကြောင်း မြွက်ဖော်ချက်ပြုကာ မြေပေါ်ရှိသီးပင်များကို ဆွတ်ခူးရာ၌လည်းကောင်း၊ ခြံတွင်း၌ ကောက်ရိုး၊ ထင်း၊ နွားလှည်းစသည့် လယ်ကိရိယာများထားခြင်း၊ ဝယ်ယူခြင်းပြုရာ၌လည်းကောင်း၊ ဦးပုဂံတို့က ဦးလှမောင်တို့ကို တားဆီးခြင်းမပြုရန် တားမြစ်မိန့် ထုတ်ပေးသည့် ဒီကရီချမှတ်ပေးလိုက်လေသည်။ ထိုဒီကရီကို ဦးပုဂံတို့က မကျေနပ်၍ သထုံမြို့ ခရိုင်တရားမရုံးသို့ အယူခံဝင်သော်လည်း အောင်မြင်ခြင်း မရှိသဖြင့် တရားရုံးချုပ်သို့ ဒုတိယအယူခံမှုတင်သွင်းခဲ့ပါသည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အယူခံတရားလိုတို့၏ရှေ့နေကြီးက အောက်ရုံး အမှုတွဲရှိ သက်သေထွက်ချက်များအရ အချင်းဖြစ်ပစ္စည်းများကို အယူခံတရားလို ဦးပုဂံတို့ လက်ရှိဖြစ်ကြပြီး အယူခံတရားပြိုင် ဦးလှမောင်တို့မှာ လက်မဲ့ဖြစ်ကြသည်ဆိုခြင်းမှာ မငြင်းနိုင်ကြောင်း၊ ၎င်းသို့ လက်မဲ့ဖြစ်နေခြင်းကြောင့် အယူခံတရားပြိုင်တို့သည် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၄၂ အရ မြွက်ဖော်ချက်အပြင် လက်ရောက်ရလိုကြောင်းပါ ထည့်သွင်းစွဲဆိုရမည်ဖြစ်ကြောင်း၊ လက်ရောက်ရလိုကြောင်း တောင်းဆိုခဲ့ခြင်းမရှိ၍ ၎င်းတို့၏ အမှုစွဲဆိုပုံမှာ မှားယွင်းနေကြောင်း၊ ထိုကဲ့သို့ မှားယွင်းစွဲဆိုခြင်းကို ခွင့်ပြုခဲ့သည့် အောက်ရုံးဒီကရီများမှာ ဥပဒေနှင့် မညီ၍ပယ်ဖျက်ခြင်း၊ အယူခံတရားခံတို့ မူလ အဆိုလွှာကိုပြင်ဆင်၍ အသစ်ထပ်မံ စစ်ဆေးဆုံးဖြတ်စေသင့်ကြောင်း တင်ပြလာခြင်းကို တရားရုံးချုပ်က စိစစ်ခဲ့ပါသည်။

သီးခြားသက်သာခွင့် ဥပဒေပုဒ်မ-၄၂ အရ တရားလိုတစ်ဦးသည် မြွက်ဖော်ချက်အပြင် အခြားသက်သာခွင့်တောင်းဆိုနိုင်ပါမူ သာမန်မြွက်ဖော်ချက်ဒီကရီ ရလိုမှုစွဲဆိုခြင်းမပြုနိုင်ကြောင်း၊ အခြားသက်သာခွင့်ဆိုသည်မှာ တရားလိုတောင်းဆိုသည့် မြွက်ဖော်ချက်အပေါ် အကျိုးဆိုက်ရောက်သည့် သက်သာခွင့်ကိုဆိုလိုကြောင်း၊ **မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတစ်ခုကို လက်မဲ့ဖြစ်နေသော တရားလိုတစ်ဦးသည် ထိုပစ္စည်းကို ပိုင်ဆိုင်ကြောင်း မြွက်ဖော်ချက်တောင်းဆိုလျှင် ထိုတောင်းဆိုချက်အပေါ် အကျိုးဆိုက်ရောက်အောင် ပစ္စည်းကို လက်ရောက်ရလိုကြောင်းပါ စွဲဆိုရမည်ဖြစ်ကြောင်း** တရားရုံးချုပ်က စိစစ်ဝေဖန် သုံးသပ်ခဲ့ပါသည်။

၎င်းသို့လက်ရောက်ရလိုကြောင်းပါ မစွဲဆိုလျှင် တရားပြိုင်သည် ပစ္စည်းကို ဆက်လက်၍ လက်ရှိဖြစ်နေကာ ချမှတ်သော ဒီကရီမှာ အချည်းနှီးသာ ဖြစ်ရန်ရှိကြောင်း၊ တားမြစ်မိန့်သည် ပစ္စည်းကို ပိုင်ဆိုင်ကြောင်း မြွက်ဖော်ချက်နှင့်ပတ်သက်သည့် အကျိုးဆိုက်ရောက်စေသော သက်သာခွင့်ဖြစ်သည်ဟု မဆိုနိုင်ကြောင်း၊ လက်ရောက်ပေးရန် တောင်းဆိုခြင်းသည်သာလျှင် အကျိုးဆိုက်ရောက်သည့် သက်သာခွင့်ဖြစ်ကြောင်း၊ အကယ်၍ တရားလိုသာမက တရားပြိုင်ပါ ပစ္စည်းကိုလက်မဲ့ဖြစ်နေကာမူ လက်ရောက်ပေးအပ်ရန် လိုမည်မဟုတ်၍ တားမြစ်မိန့်နှင့်တွဲကာ စွဲဆိုနိုင်မည်ဖြစ်သော်လည်း **ပစ္စည်းကို လက်မဲ့ဖြစ်သည့် တရားလိုတစ်ဦးသည် မြွက်ဖော်ချက်နှင့် တားမြစ်မိန့်ထုတ်ပေးရန် တရားမစွဲဆိုနိုင်ကြောင်း မြွက်ဖော်ချက်နှင့် လက်ရောက်ရလိုမှုသာ စွဲဆိုရမည်ဖြစ်ကြောင်း** စီရင်ထုံးအမြောက်အမြားကို တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။ ၎င်းစီရင်ထုံးများမှာ အာ(ရ်)ပီလေးနှင့် အာ(ရ်) အိုင်းယား အတွဲ(၃၃) မဒရပ် ၄၅၂ (၄၅၆) ဖြစ်ပါသည်။

ထို့ပြင် မဂျက်ရှဟီဂန်ပလီနှင့် အက်(စ်)ဂျီပီ ကော်မတီ စီရင်ထုံး၊ အေအိုင်အာ ၁၉၃၈ လာဟို ၃၆၉ (၃၈၆) စုံညီခုံရုံးနှင့် အနီလာဘာလားနှင့် မာဒါထင်ဒူး အေအိုင်အာ ၁၉၄၂ ကလကတ္တား ၂၄၅ စီရင်ထုံးများကိုလည်း ဆက်လက်ဖော်ညွှန်းခဲ့ပါသည်။

ယခုအမှုတွင် အယူခံတရားပြိုင်(ပိုင်ရှင်)တို့သည် အချင်းဖြစ်ပစ္စည်းကို လက်မဲ့ဖြစ်နေပြီး အယူခံတရားလို (လယ်ဦးစီး)တို့မှာ လက်ရှိဖြစ်နေကြသည်။ သို့ဖြစ်ရာ အယူခံတရားရုံးများအနေဖြင့် မြွက်ဖော်ချက်အပြင် ပစ္စည်းကို လက်ရောက်ပေးအပ်ရန် တရားစွဲရမည်ဖြစ်သည်။ လက်ရောက်ပေးအပ်ရန် မစွဲဆိုဘဲ တားမြစ်တောင်းဆိုရုံနှင့် မပြီးကြောင်း တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

ထို့ကြောင့် အယူခံတရားပြိုင် ( ပိုင်ရှင်)တို့သည် မူလအမှုစွဲဆိုပုံမှားယွင်းနေသည်ဟု ဆိုရမည်ဖြစ်သည်။ ထိုဥပဒေအချက်နှင့်ပတ်သက်၍ အောက်ရုံး အသီးသီး၌ လျှောက်လဲတင်ပြခဲ့ခြင်းမရှိဘဲ ဤဒုတိယအယူခံရုံးသို့ရောက်မှ ပေါ်ပေါက်လာရခြင်းဖြစ်သည့်အတွက် အယူခံတရားပြိုင်(မူလစွဲဆိုသူ)တို့ကို ၎င်းတို့၏ အဆိုလွှာကို တရားဥပဒေနှင့်အညီ ပြန်လည် ပြင်ဆင်ခွင့်ပြုရန် အခွင့်ပြုရပေမည်ဖြစ်ကြောင်း စိစစ်သုံးသပ်၍ **ချစ်တီးနတ်ဘဏ်နှင့် ဦးတော် ၁၉၅၇ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး ၅၆ (တရားလွှတ်တော်ချုပ်)** စီရင်ထုံးကို ရည်ညွှန်းကိုးကားခဲ့ပါသည်။

အထက်ပါအကြောင်းရပ်များကြောင့် အောက်ရုံး နှစ်ရုံးစလုံး၏ စီရင်ချက်နှင့်ဒီကရီတို့ကို ပယ်ဖျက်လိုက်ပြီး အမှုကို မူလရုံးသို့ပြန်လည်ပေးပို့လိုက်သည်။ မူလရုံးသည် အယူခံတရားပြိုင် (မူလရုံးတရားလို) တို့ကို မူလအမှုတွဲ၌ပင် ၎င်းတို့၏ အဆိုလွှာကို ဥပဒေနှင့်အညီ ပြင်ဆင်ခွင့်ပြုပြီး အယူခံတရားလို (မူလတရားပြိုင်)များက ပြင်ဆင်ချက် ထုချေလွှာတင်လိုလျှင် တင်ခွင့်ပြုကာ အမှုကိုဥပဒေအရ ဆက်လက်စီရင်ဆုံးဖြတ်ရမည်ဖြစ်ကြောင်း တရားရုံးချုပ်က စီရင်ဆုံးဖြတ်ခဲ့ပါသည်။



အမှုသည်များက မိမိတို့တတ်သိနားလည်ခြင်း မရှိသော ဥပဒေပြဿနာများကိုဖြေရှင်းရန် ရှေ့နေငှားကြသည်ဖြစ်ရာ ရှေ့နေကြီးများအနေဖြင့် အောက်ပါစီရင်ထုံးပါ စီရင်ဆုံးဖြတ်ချက်နှင့်အညီ ကနဦးကပင် အမှုစွဲဆိုရာ၌ မမှားယွင်းမိကြစေရန် ဦးပုဂံပါ ၂ နှင့် ဦးလှမောင်ပါ ၂ စီရင်ထုံးကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

**စိန်လှိုင်ဖိုလ်**

# မိုင်းပန်မြို့နယ် ပုံးချယ်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းပန် မေ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး ခရိုင် မိုင်းပန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ ရရှိစေရန် ရည်ရွယ်၍ ပုံးချယ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ပုံးချယ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့်အတူ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ် လုပ်ငန်းဆောင်ရွက်မှုရှိ၊ မရှိ၊ စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိ စသည့် လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုင်းပန်မြို့နယ် ပုံးချယ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး



အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၂၁ ဦးကို VRFP စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ ထုတ်ချေးပေးထားပြီး လုပ်ငန်းများလည်းပတ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ကေ ၁၆၄၈၀ စိုက်ပျိုးမည်


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

မုံရွာ မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ကေ ၁၆၄၈၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ကေ ၁၆၄၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုလက်ရှိ မြေပဲသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ မြေပဲကေ ၁၆၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ မြေပဲစိုက်ပျိုးမှုကို ဒီလထဲမှာစိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ကေလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျကြောင်း၊ မြေပဲတစ်ကေ စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် ကြီးပင်ကန်(ရှေ့)ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

မင်းဘူး မေ ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးပင်ကန်(ရှေ့) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျုံးဝင်သောစီမံကိန်း လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့်တာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို အများသဘော ဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ကြီးပင်ကန်(ရှေ့) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

ဇင်မာ

# ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ဧပြီလအတွင်း ခရီးသွားဧည့်သည် ၃၇၅၆၆ ဦးထိ လာရောက်လည်ပတ်ခဲ့

ပုသိမ် မေ ၂၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ဟိုင်းကြီးကျွန်းမြို့ တင်းချောင်းကျေးရွာ အနီးမှ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့် ဧပြီလအတွင်း ခရီးသွားဧည့်သည် ၃၇၅၆၆ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်းတာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

ပုသိမ်မြို့နယ် ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေကို မတ်လက ခရီးသွားဧည့်သည် ၁၆၁၅၅ ဦးသာ လာရောက်လည်ပတ်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ခရီးသွားဧည့်သည် ၃၇၅၆၆ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။



"ငွေတောင်ကမ်းခြေက မြတ်မော်တင်စွန်းစေတီအနီးမှာ တည်ရှိတာပါ။ စေတီကို လာရောက်ဖူးမြော်ကြရင်း အပန်းဖြေတဲ့ဧည့်သည်တွေ များခဲ့တာပါ။ ပြီးခဲ့တဲ့ တစ်လအတွင်း ငွေတောင်ကမ်းခြေကို ခရီးသွားဧည့်သည် ၃၇၅၆၆ ယောက်ထိ လာရောက် လည်ပတ်ခဲ့ပါတယ်။ အခါကြန်ပိတ်ရက်မို့ ခရီးသည်တွေ အများအပြားဝင်ရောက်ခဲ့တာပါ။ တစ်လအတွင်း ရန်ကုန်နဲ့ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးအတွင်းက ခရီးသွားတွေ အလာများခဲ့တာပါ။ လက်ရှိလဲ လာရောက်လည်ပတ်တဲ့သူတွေများနေပါတယ်။ ခရီးသွားတွေကို စနစ်တကျဝန်ဆောင်မှုပေးနေပါတယ်"ဟု ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်းတာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

ငွေတောင်ကမ်းခြေကို ပြီးခဲ့သည့်တစ်လအတွင်း လာရောက်လည်ပတ် အပန်းဖြေသည့်ခရီးသွားဧည့်သည်များသည် ရန်ကုန်တိုင်းဒေသကြီးက အများဆုံးဖြစ်ကြောင်း၊ အဆိုပါကမ်းခြေသို့ လာရောက်အပန်းဖြေသည့် ခရီးသွားဧည့်သည်များ ခရီးစဉ်အဆင်ပြေစေရန်၊ သန့်ရှင်းမှုရှိစေရန်၊ စနစ်တကျအနားယူနိုင်ရန် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး စသည့် လုပ်ငန်းများကို ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံများက ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

# သထုံမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

သထုံ မေ ၂၇

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းစုကျေးရွာနှင့် အင်းကွဲကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အင်းကွဲကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးနှင့် ဝန်ထမ်းများက ရှမ်းစုကျေးရွာနှင့် အင်းကွဲကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြား မိသားစုငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရှမ်းစုကျေးရွာနှင့် အင်းကွဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၄ ဦးကို ငွေကျပ် ၅၀ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၁၈ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၂၂ ဒသမ ၁ သန်း၊ အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကိုငွေကျပ် ၃ ဒသမ ၃ သန်းနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၉၈ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးက ပြောပြ၍ သိရသည်။

သုတ

# ကျေးသီးမြို့နယ် ဝမ်ဖွီးကျေးရွာ၌ VRFP စီမံကိန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

ကျေးသီး မေ ၂၇

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဖွီးကျေးရွာအုပ်စု ဝမ်ဖွီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဝမ်ဖွီးကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝမ်ဖွီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဝမ်ဖွီးကျေးရွာရှိ အသင်းသား၊ အသင်းသူ ၂၁ ဦးကို ပဉ္စမအကြိမ်အဖြစ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကျပ် ၄၁၇ သိန်းကို ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်နိုင်

# နယူးဇီလန်နိုင်ငံက ဩစတြေးလျနိုင်ငံရှိ ရေဘေးသင့်ဒေသခံများကိုကူညီရန် ကယ်ဆယ်ရေးဝန်ထမ်းများ စေလွှတ်ပေးထား



**ဝယ်လင်တန် မေ ၂၇**

နယူးဇီလန်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံဖြစ်သော ဩစတြေးလျနိုင်ငံရှိ နယူးဆောက်ဝေးပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ရေဘေးဒဏ်သင့် ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေသော နယူးဆောက်ဝေးပြည်နယ်ကယ်ဆယ်ရေးအဖွဲ့အစည်းကို ကူညီပေးရန်အတွက် ကယ်ဆယ်ရေးဝန်ထမ်းအင်အားတချို့ကို စေလွှတ်ပေးခဲ့ကြောင်း နယူးဇီလန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု မေ ၂၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

နယူးဆောက်ဝေးပြည်နယ်အစိုးရကလည်း နယူးဇီလန်နိုင်ငံထံမှ ကယ်ဆယ်ရေးဝန်ထမ်းများ စေလွှတ်ပေးရန် တရားဝင်အကူအညီတောင်းခံခဲ့ခြင်းဖြစ်ပြီး နယူးဇီလန်အစိုးရက နယူးဇီလန်မီးသတ်နှင့်အရေးပေါ်ဦးစီးဌာနမှ ဝန်ထမ်းများကိုစေလွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဩစတြေးလျနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ငါးဦးထိရှိခဲ့ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၃၂၀၀၀ ကျော်ရှိကြောင်း သိရသည်။

"ဩစတြေးလျ နိုင်ငံအနေနဲ့ ကျွန်တော်တို့ နယူးဇီလန်နိုင်ငံမှာ ဂါဘရီရယ်လီ ဆိုင်ကလုန်းမုန်တိုင်းနဲ့ရင်ဆိုင်ခဲ့ရတဲ့ ၂၀၂၂ ခုနှစ်ကလဲ ကယ်ဆယ်ရေးဝန်ထမ်းတွေစေလွှတ်ပြီးကူညီပေးခဲ့ပါတယ်"ဟု နယူးဇီလန်နိုင်ငံမှ စေလွှတ်လိုက်သော ကယ်ဆယ်ရေးအဖွဲ့အစည်း၏ ခေါင်းဆောင် နစ်ခ်ပျက်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ပါကစ္စတန်နိုင်ငံတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ဒေသခံ ၁၄ ဦးထက်မနည်း သေဆုံး

**အစ္စလာမ်မာဘတ် မေ ၂၇**

ပါကစ္စတန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းခဲ့ပြီးနောက် မေ ၂၅ ရက်တွင် အားကောင်းသည့် မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး သစ်ပင်ကြီးတချို့ လဲကျကာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားကာ ဒေသခံ ၁၄ ဦးထက်မနည်း သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူ ဦးရေ ၁၀၀ ခန့်ရှိကြောင်း ပါကစ္စတန်အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု မေ ၂၆ ရက် သတင်းများတွင်ဖော်ပြထားသည်။

မုန်တိုင်းသည် ပန်ဂျပ်ပြည်နယ် အရှေ့ဘက်ပိုင်းနှင့် ကိုင်ဘာပက်ထွန်ခွာပြည်နယ် အနောက်မြောက်ဘက်ပိုင်းတို့တွင် ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းနှင့်အတူ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း၊ မုန်တိုင်းကြောင့် သစ်ပင်ကြီးများ လဲကျခဲ့ပြီး လဲကျသည့်သစ်ပင်ကြီးများကြောင့် လမ်းပိတ်ဆို့မှုများလည်း ဖြစ်ပေါ်နေကြောင်း၊ သေဆုံးသူများအနက် တစ်ဦးမှာ မိုးကြိုးပစ်ခြင်းကြောင့် သေဆုံးခဲ့ခြင်းဖြစ်ပြီး ၎င်းနှင့်အတူ ထိခိုက်ဒဏ်ရာရရှိသူ သုံးဦးရှိခဲ့ကြောင်း သိရသည်။

"ပန်ဂျပ်ပြည်နယ်မှာ သုံးရက်ကြာ အပူချိန်မြင့်တက်တဲ့ပြဿနာနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အပူချိန်ပမာဏဟာ ၄၅ ဒီဂရီစင်တီဂရိတ်ထိရောက်ရှိခဲ့ပြီးတော့ အပူချိန်မြင့်တက်ခဲ့ပြီး မုန်တိုင်းချက်ချင်းဝင်ရောက်ခဲ့ပါတယ်။ မုန်တိုင်းနဲ့အတူ လျှပ်စီးလက်တာတွေ၊ မိုးကြိုးပစ်တာတွေလဲ ဖြစ်ပေါ်ခဲ့ပြီးတော့ လေတိုက်နှုန်း မြင့်မားတဲ့အတွက် သစ်ပင်ကြီးတွေ အမြစ်ကနေ လန်ကျခဲ့ပါတယ်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေကိုလဲ လူအင်အားတွေသုံးပြီး ဆောင်ရွက်ပေးနေပါတယ်"ဟု ပန်ဂျပ်ပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မာဇာဟူစိန်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ကင်ညာနိုင်ငံတွင် မျိုးသုဉ်းလုနီးပါး ရှားပါးကြံ့နက်များကို နေရာပြောင်းရွှေ့ကာ ထိန်းသိမ်းစောင့်ရှောက်

**နိုင်ရိုဘီ မေ ၂၇**

ကင်ညာနိုင်ငံ နိုင်ရိုဘီနှင့် နာကူရူ အမျိုးသားဥယျာဉ်များတွင် နေထိုင်ခဲ့ကြသည့် မျိုးသုဉ်းလုနီးပါး ရှားပါးကြံ့နက်များကို ဆီဂါရာတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဥယျာဉ်သို့ နေရာပြောင်းရွှေ့ကာ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း ကင်ညာတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့ (KWS)မှ ယာယီညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အာစတက် ကန်ဂါက မေ ၂၆ ရက်တွင် ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အာဖရိကတိုက်၏ ဆာဟာရတစ်ခွင်တွင် ကျက်စားသော ရှားပါးကြံ့နက်များကို အလွန်အကျွံ အမဲလိုက်ခြင်း၊ နေထိုင်ရာနေရာများရှားပါးမှု၊ အစာရေစာရှားပါးမှု၊ ပူပြင်းခြောက်သွေ့မှုများကြောင့် ကောင်ရေများ ကျဆင်းလာသည့်အတွက် နိုင်ရိုဘီနှင့် နာကူရူအမျိုးသားဥယျာဉ်သို့ ပြောင်းရွှေ့ထိန်းသိမ်း စောင့်ရှောက်ခဲ့သော်လည်း ၎င်းတို့၏ ဂေဟာစနစ်နှင့်မကိုက်ညီသောကြောင့် ယခုအခါ ကင်ညာ အလယ်ပိုင်း လိုင်ခီပီးယားကောင်တီရှိ ဧက ၅၀၀၀၀ ကျယ်ဝန်းသော ဆီဂါရာတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးဥယျာဉ်သို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။



ကြံ့နက်များကို ပြောင်းရွှေ့ထိန်းသိမ်းစောင့်ရှောက်သည့် အစီအစဉ်ကို ယခုသီတင်းပတ်အစောပိုင်းကစတင်ခဲ့ပြီး မေ ၂၅ ရက်ကမှ အလုံးစုံပြောင်းရွှေ့နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်တွင် တိရစ္ဆာန်ဆေးကု ဆရာဝန်များ၊ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးကျွမ်းကျင်ပညာရှင်များနှင့် လုံခြုံရေးဝန်ထမ်းများ ပါဝင်ခဲ့ကြောင်း၊ လက်ရှိတွင် ကြံ့နက် ၂၁ ကောင်ကို ပတ်ဝန်းကျင်အသစ်နှင့် လိုက်လျောညီထွေဖြစ်အောင် စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# တွန်ဂါနိုင်ငံတွင် ပြင်းအား ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**နူကူအာလိုဖာ မေ ၂၇**

တွန်ဂါနိုင်ငံတွင် မေ ၂၆ ရက် ည ၁၁ နာရီ ၄၉ မိနစ်က ပြင်းအား ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း နိုင်ငံပိုင်ဘူမိဗေဒတိုင်းတာရေးဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ငလျင်ဗဟိုချက်သည် နိုင်ငံမြို့တော်၏ အနက် ၁၁ ဒသမ ၆ ကီလိုမီတာ၊ တောင်လတ္တီတွဒ် ၂၂ ဒသမ ၇၈၈ ဒီဂရီနှင့် အနောက်လောင်ဂျီတွဒ် ၁၇၅ ဒသမ ၇၂၅ ဒီဂရီကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြင်းအားများသဖြင့် နေအိမ်၊ အခြေခံအဆောက်အအုံများနှင့်လမ်းများ ပျက်စီးခဲ့ကြောင်း၊ ငလျင်ကြောင့် ဒေသခံများ အသေအပျောက်၊ ထိခိုက်ဒဏ်ရာရမှုနှင့် ပျက်စီးမှုအတိအကျကိုမူ စစ်တမ်းများ ကောက်ယူဆဲဖြစ်ကြောင်း သိရသည်။

ငလျင်ပြင်းအား များသော်လည်း ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း နိုင်ငံအာဏာပိုင်များက ပြောကြားခဲ့သည်။

ပစိဖိတ်ကျွန်းနိုင်ငံများဖြစ်သော ဖီဂျီ၊ တွန်ဂါနှင့် ဗာနေအာတူ နိုင်ငံများသည် ငလျင်မကြာခဏလှုပ်ခတ်ရာ ပစိဖိတ်မီးကွင်းဇုန်ပေါ်တွင် တည်ရှိသည့်အတွက် ငလျင်လှုပ်ခတ်မှုကို မကြာခဏခံရလေ့ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# မေလအတွင်း အိုင်ယာလန်ကမ်းခြေများတွင် ရေအောက်အပူချိန်မြင့်တက်မှုဖြစ်ပေါ်

**ဒပ်ဘလင် မေ ၂၇**

အိုင်ယာလန်နိုင်ငံရှိ ကမ်းခြေများတွင် မေလအတွင်းရေအောက်အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေပြီး မေလကုန်ပိုင်းထိ ကြာမြင့်သွားနိုင်ကြောင်း Met Éireann က ထုတ်ပြန်ခဲ့သည်ဟု မေ ၂၆ ရက် သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ရေအောက်တွင် အပူလှိုင်းဖြတ်သန်းမှုဖြစ်ပွားခဲ့ခြင်းကြောင့် အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ အပူလှိုင်းဖြတ်သန်းမှုမျိုးသည် ၂၀၂၃ ခုနှစ်ဇွန်လကလည်း ဖြစ်ပေါ်ခဲ့ဖူးပြီး ယခုတစ်ကြိမ်တွင် ဖြတ်သန်းသည့် အပူလှိုင်းမှာလည်း အလားတူဖြစ်စဉ်မျိုးဖြစ်ကြောင်း၊ လက်ရှိအိုင်ယာလန်နိုင်ငံရှိ ကမ်းခြေများ၏ ရေအောက်အပူချိန်ပမာဏမှာ သုည ဒသမ ၆ ဒီဂရီစင်တီဂရိတ်မှ ၂ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး ပုံမှန်မဟုတ်သည့် အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်နေရကြောင်း၊ ရေအောက်တွင် အပူလှိုင်းဖြတ်သန်းပါက ရေအောက်အပူချိန်မြင့်တက်သလို အောက်ဆီဂျင်လည်း လျော့ကျသည့်အတွက် ရေအောက်သတ္တဝါများအတွက် အန္တရာယ်ရှိသည့် အခြေအနေမျိုးဖြစ်ကြောင်း Met Éireann က ထုတ်ပြန်ခဲ့သည်။

"ဒီနွေရာသီကာလမှာ ပူပြင်းခြောက်သွေ့မှုနှုန်းက ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အခြေအနေထက်ကို ဆိုးရွားခဲ့တယ်။ ကမ်းခြေတွေမှာလဲ အပူလှိုင်းဖြတ်သန်းခဲ့ပြီးတော့ ရေအောက်အပူချိန်တွေလဲ မြင့်တက်နေတယ်။ ရေအောက်အပူချိန်မြင့်တက်မှုက သုည ဒသမ ၆ ဒီဂရီစင်တီဂရိတ်ကနေ ၂ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ထိရှိခဲ့ပြီးတော့ ပုံမှန်မဟုတ်တဲ့ အပူချိန်မြင့်တက်မှုပါ။ ရေအောက်မှာ အပူချိန်မြင့်တက်လာရင် အောက်ဆီဂျင်တွေ လျော့ကျပြီးတော့ ရေအောက်သတ္တဝါတွေအတွက် စိုးရိမ်ဖွယ်ရာဖြစ်ပါတယ်။ ရေအောက်အပူချိန်မြင့်တက်မှုဟာ ကာလဘယ်လောက်ထိ ကြာမြင့်နိုင်လဲဆိုတာတော့ မသိနိုင်သေးပါဘူး"ဟု Met Éireann မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat



# ဂျပန်နိုင်ငံ၏ နှစ်စဉ် အင်ဒို-ပစိဖိတ်တပ်ဖြန့်မှုနှင့် မဟာဗျူဟာရည်ရွယ်ချက်များ

ဂျပန်နိုင်ငံသည် မကြာသေးသည့်နှစ်များမှစ၍ ဒေသတွင်း တပ်အင်အားထုတ်လွှတ်မှုကို တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။ Quad အဖွဲ့ဝင် နိုင်ငံများနှင့် ရေတပ်ပူးတွဲ စစ်ရေးလေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ဖိလစ်ပိုင်ကဲ့သို့သော ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်ခန်းလုပ်ဆောင်ခြင်းများသည် အဆိုပါ တပ်အင်အားထုတ်လွှတ်မှုများအတွက် အထင်ကရပြယုဂ်များဖြစ်သည်။ ထိုသို့ ဖြန့်ကြက်မှုများက ဂျပန်နိုင်ငံ၏ ဒေသတွင်းနိုင်ငံများနှင့် စစ်ဘက်ဆက်ဆံရေးကို ခိုင်မာအားကောင်းစေသကဲ့သို့ တစ်ဖက်၌လည်း မဟာဗျူဟာမြောက် ရည်မှန်းချက်များကိုလည်း ပုံဖော်ရာရောက်စေကြောင်း တွေ့ရှိရသည်။

**အင်ဒို-ပစိဖိတ်ဖြန့်ကြက်မှု (Indo-Pacific Deployment -IPD)**

ဂျပန်သည် IPD ကို ၂၀၁၇ ခုနှစ်တွင် အကောင်အထည်ဖော်ခဲ့သည်။ အဆိုပါ တပ်ဖြန့်မှုသည် ဂျပန်၏ လွတ်လပ်ပွင့်လင်းသောအင်ဒို-ပစိဖိတ်(Free and Open Indo-Pacific-FOIP) မဟာဗျူဟာအသစ်ကို ရေတပ်ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို မြှင့်တင်ခြင်းဖြင့် ပံ့ပိုးပေးခဲ့သည်။ သံတမန်ရေးအရအရေးပါမှုများကြောင့် လေ့ကျင့်ရေးနှင့် လည်ပတ်မှုများကို နိုင်ငံခြားရေးမူဝါဒ လိုအပ်ချက်များအပေါ် အခြေခံ၍ ရွေးချယ်ခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနသည် ယခင် ကြိုးပမ်းမှုများအပေါ် လုံးလုံးလျားလျား နီးပါးဆုံးဖြတ်ထားသောကြောင့် ရေတပ်သံခင်းတမန်ခင်းတွင် အစိုးရ၏ ချဉ်းကပ်မှုအပြောင်းအလဲကိုလည်းကိုယ်စားပြုသည်။

၂၀၁၉ ခုနှစ်တွင် IDP သည် တောင်တရုတ်ပင်လယ်တွင် လေ့ကျင့်မှုများစွာပါဝင်ခဲ့သည်။ ဤလေ့ကျင့်ခန်းများသည် တစ်ဖက်သတ်စိန်ခေါ်မှုများကိုရင်ဆိုင်ရာတွင် လက်ရှိအနေအထားကို ဆက်လက်ထိန်းထားရန် ဂျပန်၏ဆန္ဒရှိကြောင်းအချက်ပြခဲ့သည်။ ဤမဟာဗျူဟာမြောက်သတင်းစကားပေးပို့မှုက အာဆီယံအပေါ် ဂျပန်၏ အလေးထားမှုကို ဖြည့်ဆည်းပေးခဲ့သည်။ ၂၀၂၄ခုနှစ်နှောင်းပိုင်းတွင် အဆင့်မြှင့်တင်ထားသော ဂျပန်-အာဆီယံလုံခြုံရေးဆိုင်ရာပဏာမခြေလှမ်းသည် FOIP အတွက် ပိုမိုနီးကပ်သော ပူးပေါင်းဆောင်ရွက်မှုနှင့် ပံ့ပိုးကူညီမှုများအတွက် အခွင့်အလမ်းများကို ဖော်ပြခဲ့သည်။ ဂျပန်၏ ကြိုးပမ်းမှုများသည် အရှေ့တောင်အာရှအတွက် ၎င်း၏ ကြီးထွားလာသောအရေးပါမှုကို အလေးပေးဖော်ပြခဲ့သည်။

၂၀၂၄ ခုနှစ်တွက် IDP ဖြန့်ကြက်မှုသည် ၂၀၂၄ ခုနှစ် မေ ၃ ရက်မှ ဒီဇင်ဘာ ၁၅ ရက်ထိ ဖြန့်ကြက်ခဲ့ပြီး အဆိုပါ ဖြန့်ကြက်မှုသည် ၎င်းအချိန်ထိ အရှည်ကြာဆုံး IDP ဖြစ်သည်။ တန်ချိန် ၂၆,၀၀၀ အလေးချိန်ရှိသော ပထမဆုံးသောရဟတ်ယာဉ်တင် JS Kazae စစ်ရေယာဉ်အပါအဝင် စစ်သင်္ဘောခြောက်စီးနှင့် P-1 ရေကြောင်းကင်းလှည့် လေယာဉ်နှစ်စင်းတို့ပါဝင်ခဲ့သည်။ အဆိုပါတပ်ဖွဲ့သည် မိတ်ဖက်ရေတပ်များနှင့် မဟာမိတ်ရေတပ်များ အကြား အပြန်အလှန်နားလည်မှု တိုးမြှင့်ခြင်းဖြင့် ဒေသတွင်း တည်ငြိမ်ရေးကို အထောက်အကူပြုစေပြီး MSDF ၏ နည်းဗျူဟာကျွမ်းကျင်မှုနှင့် မဟာမိတ်များနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မှုကိုမြှင့်တင်ရန် ရည်ရွယ်သည်ဟု ဆိုထားသည်။ ၎င်း ဖြန့်ကြက်သည့် တပ်ဖွဲ့များသည် လေ့ကျင့်ခန်း ရှစ်ခုတွင် ပါဝင်ကာ အနည်းဆုံး နိုင်ငံပေါင်း ၁၃ နိုင်ငံသို့ သွားရောက်ခဲ့ကာ စီစဉ်ထားသောလည်ပတ်မှု ၁၃ မှုအနက် ကိုးခုသည် ပစိဖိတ်သမုဒ္ဒရာအနောက်ခြမ်း နိုင်ငံများသို့ သွားရောက်ခဲ့သည်။ ၂၀၂၄ ခုနှစ်သည် ဂျပန်သည် ဖြန့်ကြက်စဉ်အတွင်း သမုဒ္ဒရာအနောက်ခြမ်းနိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုကို ဦးစားပေးလုပ်ဆောင်ခဲ့သည့် တတိယနှစ် ဖြစ်သည်။ IPD 22 နှင့် 23 တို့သည် Pacific Partnership 2023 အပါအဝင် ဒေသတွင်းစစ်ရေးလေ့ကျင့်မှု အများအပြားတွင် ၎င်း နိုင်ငံရှစ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

IPD ၏ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများသည် အင်ဒို-ပစိဖိတ်ဒေသနှင့်ပတ်သက်၍ ဂျပန်၏ တန်ဖိုးအပေါ် အပြုသဘောဆောင်သောသဘောထားအမြင်များကို မြှင့်တင်ပေးရုံသာဖြစ်သည်။ ထို့ကြောင့် ဤတပ်ဖြန့်မှုများသည် ဂျပန်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒလိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်မည့် အနာဂတ်အတွက် ဆက်လက်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

**၂၀၂၅ ခုနှစ် ဖြန့်ကြက်မှုနှင့်နောက်ကွယ်မှ မဟာဗျူဟာ**

၂၀၂၅ ခုနှစ် ဧပြီလနှောင်းပိုင်းတွင် ဂျပန်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့သည် ၎င်း၏နှစ်ပတ်လည် အင်ဒို-ပစိဖိတ်ဖြန့်ကြက်မှု (IPD) ကို စတင်ခဲ့ပြီး ခုနစ်လကြာမြင့်မည့် အဆိုပါဖြန့်ကြက်မှုစစ်ဆင်ရေးကို နိုဝင်ဘာ ၂၁ ရက်ထိ ဆက်လက်လုပ်ဆောင်ရန် စီစဉ်ထားကြောင်း တွေ့ရှိရသည်။ ယခင်နှစ်များကဲ့သို့ပင် ဂျပန်နိုင်ငံသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုပံ့ပိုးကူညီမှုအဖြစ် အသိအမှတ်ပြုခဲ့သည်။ သို့ရာတွင် ထိုသို့ပြောကြားမှု၏ နောက်ကွယ်တွင် မဟာဗျူဟာမြောက် ရှုပ်ထွေးသော ကိစ္စရပ်ရှိနေသည်ဟု တရုတ်စစ်ဘက်အွန်လိုင်းသတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

မြင်ကွင်းနောက်ကွယ်တွင်ရှိသော မဟာဗျူဟာမြောက် တွက်ချက်မှုများအနက် ပထမအချက်မှာ ဂျပန်သည် ပူးတွဲစစ်ဆင်ရေးစနစ်များဖွဲ့စည်းရေးကို အရှိန်မြှင့် လုပ်ဆောင်နေပြီး အမေရိကန်အပေါ် မှီခိုအားထားမှုကို အားကောင်းစေသည်။ လက်ရှိတပ်ဖြန့်မှုတွင် ရေယာဉ်ငါးစင်းဖြင့် ထောက်ပံ့ထားသည့် Hyuga အတန်းအစားထိပ်တန်းရဟတ်ယာဉ်တင်ဖျက်သင်္ဘော JS Ise (DDH-182) ကို ဦးဆောင်ရေယာဉ်အဖြစ်ထားရှိသည်။ ရဟတ်ယာဉ်ဖျက်သင်္ဘော၏ကွပ်ကဲမှုအောက်တွင် Osumi အတန်းအစား ကုန်းရေနှစ်သွယ် ကမ်းတက်သင်္ဘော အပါအဝင် ဂျပန်၏ ကုန်းရေနှစ်သွယ်နှင့် မိုင်းစစ်ဆင်ရေးတပ်ဖွဲ့များသည် မစ်ရှင်လိုအပ်ချက်များပေါ် မူတည်၍ ရဟတ်ယာဉ်တင်သင်္ဘောအဖွဲ့ တစ်ဖွဲ့ဖွဲ့စည်းကာ အဆင့်မြှင့်တင်နိုင်သည်။ အဆိုပါ ရေယာဉ်များသည် ပင်လယ်ပြင်ကျယ်တွင် အမေရိကန်၏ စစ်ဆင်ရေးများကို ပံ့ပိုးပေးနိုင်ပြီး အာရှ-ပစိဖိတ် ဒေသရှိ အမေရိကန်လေယာဉ်တင်သင်္ဘော တိုက်ခိုက်ရေးအဖွဲ့များ၏ စွမ်းဆောင်ရည် ကွာဟချက်ကိုပင် ဖြည့်ဆည်းပေးနိုင်သည်။

ဒုတိယအချက်မှာ တပ်ဖြန့်မှု၏ နောက်ကွယ်တွင် ဂျပန်တပ်မတော်၏ရည်ရွယ်ချက်မှာ ပိုမိုကျယ်ပြန့်လာသည်။ ယခင်နှစ်များကဲ့သို့ပင် ဂျပန်နိုင်ငံသည် မလေးရှားနှင့် စင်ကာပူတို့တွင် ကာကွယ်ရေးဆိုင်ရာ ပြပွဲများကို တက်ရောက်နေစဉ်အတွင်း နိုင်ငံစုံ အဓိကစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ရန် စီစဉ်ထားသည်။ ထို့ပြင် ဤစစ်ဆင်ရေးနှင့် အတူ ပူးတွဲပါရှိသည့် အထူး အစောင့်တပ်ဖွဲ့ကို ၂၀၂၄ ခုနှစ် မေလတွင် ဂျပန်နိုင်ငံမှ ပထမဆုံးအကြိမ် နိုင်ငံရပ်ခြားသို့ စေလွှတ်ခဲ့သည်။ ဤလုပ်ဆောင်ချက်ကို ပစိဖိတ်ကျွန်းနိုင်ငံများနှင့် ဆက်ဆံရေးခိုင်မာစေရန် ဂျပန်နိုင်ငံ၏ ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအဖြစ် ရှုမြင်ထားသည်။ ဤလှုပ်ရှားမှုများသည် ဂျပန်အစိုးရ၏ စစ်ရေးဆိုင်ရာ သံတမန်ရေးနှင့် ပုံမှန် နိုင်ငံရပ်ခြားသို့ ရောက်ရှိခြင်း ဟူသည့် မဟာဗျူဟာမြောက် ဦးတည်မှုကို ထင်ဟပ်စေသည်။

တတိယအချက်မှာ ဂျပန်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာ စက်မှုလမ်းကြောင်းသည် ပိုမိုရှင်းလင်းလာပြီး ပို့ကုန်မြှင့်တင်ရန် စစ်လက်နက်ပစ္စည်းများကို ပြသထားသည်။ ၎င်းသည် ပိုမိုမြင့်မားသော Mogami



ဂျပန်နိုင်ငံက IDP 2024 တွင် တပ်ဖြန့်မှု

အတန်းအစား ဖရီးဂိတ်စစ်သင်္ဘောများတွင် ဖော်ပြချက်ကို တွေ့ရှိရသည်။ ၂၀၂၂ ခုနှစ်တွင် တာဝန်စတင်ထမ်းဆောင်ချိန်မှစ၍ ဤကဲ့သို့သော စစ်သင်္ဘောများသည် ယနေ့ထိ IPD တိုင်းတွင် ထင်ရှားစွာပြသခဲ့သည်။ ဩစတြေးလျအစိုးရက ၎င်း၏ အထွေထွေသုံး ဖရီးဂိတ် အစီအစဉ်အတွက် Mogami အတန်းအစား အဆင့်မြှင့်တင်ထားသောဗားရှင်းနှင့် ဂျာမနီနိုင်ငံထုတ် Meko A-200 တို့ကို ရွေးချယ်သွားမည်ဟု ကြေညာခဲ့သည်။ ဤနောက်ခံအခြေအနေကို ဆန့်ကျင်၍ Mogami အတန်းအစား ဖရီးဂိတ်စစ်သင်္ဘော Yahagi သည် တာဝေးသွားမစ်ရှင်ကို စတင်ခဲ့ပြီး ကာကွယ်ရေးဆိုင်ရာ ပြပွဲများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများတွင် ထင်ရှားသော ဂျပန်စစ်ဘက်ဆိုင်ရာ ပို့ကုန်များကိုမြှင့်တင်ရန် ရည်ရွယ်သည်ဟုဆိုသည်။

ဖြန့်ကြက်မှုအတွက် ရှုပ်ထွေးပြီး ကြီးမားကျယ်ပြန့်သော ဆိုးကျိုးသက်ရောက်မှုများလည်းရှိသည်ဟု ဆိုသည်။ ဤ IPD ဖြန့်ကြက်မှုသည် ဂျပန်၏ တိုးတက်ပြောင်းလဲနေသော ကာကွယ်ရေးမူဝါဒနှင့် လုံခြုံရေးမဟာဗျူဟာကို ရောင်ပြန်ဟပ်မှုတစ်ခုအဖြစ် လုပ်ဆောင်ပြီး ဒေသတွင်းလုံခြုံရေးဒိုင်းနမစ်များနှင့် နိုင်ငံတကာ အခင်းအကျင်းများအပေါ် အပျက်သဘောဆောင်သော လွှမ်းမိုးမှုတစ်ခုအဖြစ် ဆောင်ရွက်ရန်လည်း ရှိနေသည်။ လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သူများသည် ပိုမို မတူ ကွဲပြားလာသည်။ စစ်ဆင်ရေးအတွင်း ဂျပန်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့သည် အများစုကို အမေရိကန်ဦးဆောင်သည့် သို့မဟုတ် မတူကွဲပြားသော အမေရိကန်၊ ဂျပန် မူဘောင်များပါဝင်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ရန် စီစဉ်ထားသည်။

ထင်ရှားသော ဥပမာများတွင် နှစ်စဉ် အမေရိကန်-ဖိလစ်ပိုင် ပူးတွဲစစ်ရေးလေ့ကျင့်မှု ဖြစ်သော Balikatan၊ အမေရိကန်နှင့် ဩစတြေးလျတို့ ပူးတွဲကျင်းပသည့် Talisman Saber အကြီးစား စစ်ရေးလေ့ကျင့်မှုနှင့် အမေရိကန်နှင့် အင်ဒိုနီးရှားတို့က ဦးဆောင်သည့် Super Garuda Shield တို့ ပါဝင်ပါသည်။ အမေရိကန်-ဂျပန် မဟာမိတ်အဖွဲ့ကို ၎င်း၏ အမျိုးသားလုံခြုံရေး အုတ်မြစ်အဖြစ် ဆက်လက်ရှုမြင်နေချိန်တွင် ဂျပန်နိုင်ငံသည် အမေရိကန်နှင့် လိုက်လျောညီထွေဖြစ်စေရန်၊ အိန္ဒိယနှင့် ဆက်ဆံရန်နှင့် ဩစတြေးလျကိုမှီခိုရန် ကြိုးပမ်းမှုများကို အရှိန်မြှင့်လုပ်ဆောင် လျက်ရှိသည်။ ပြင်ပ အင်အားစုများကို စုစည်းမှုစနစ်ဖြင့် ဒေသတွင်းလုံခြုံရေးကို ပုံသွင်းရန် ကြိုးပမ်းမှုတွင် ၎င်း၏ အာရှ-ပစိဖိတ်မဟာဗျူဟာကို မြှင့်တင်ရန် နိုင်ငံအများအပြား တတ်နိုင်သမျှစုဝေးရန်လည်း တိုးမြှင့်ကြိုးပမ်းလျက်ရှိသည်။

ဂျပန်၏ နိုင်ငံရပ်ခြားလုပ်ငန်းများသည် လုံခြုံရေးအသိုက်အဝန်းပုံဖော်မှု၏ လမ်းကြောင်းတစ်ခုဖြင့် အသွင်အပြင်များတိုးလာနေသည်။ ဂျပန်နိုင်ငံသည် ၎င်း၏ စစ်ရေးစွမ်းရည်နှင့် အမေရိကန်-ဂျပန် မဟာမိတ်အဖွဲ့အားပြည်ပတွင် တပ်ဖြန့်မှုမှတစ်ဆင့် အားကောင်းလာစေရန် ကြိုးပမ်းလျက်ရှိသည်။ တစ်ချိန်တည်းတွင် ၎င်းသည် ဒေသဆိုင်ရာလုံခြုံရေးအတွက် ပံ့ပိုးကူညီမှုများဟုခေါ်သည့် လုပ်ဆောင်ချက်များကို ပုံဖော်ထားသည်။ လက်တွေ့တွင် ၎င်းသည် ၎င်း၏သီးသန့် ခုခံကာကွယ်ရေး ဦးတည်သည့် မူဝါဒ၏ နယ်နိမိတ်များကို လျှို့ဝှက်တွန်းပို့ရန်နှင့် ပိုမိုခိုင်မာသော စစ်ဘက်ဆိုင်ရာရပ်တည်မှု ဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းခင်းရန် နည်းလမ်းတစ်ခုဖြစ်သည်။ အမေရိကန်၏ တိတ်တဆိတ်သဘောတူမှု၊ ပေါ့ပေါ့ပါးပါးနှင့် အားပေးမှုတို့နှင့်အတူ ဂျပန်၏ အာရှ-ပစိဖိတ်မဟာဗျူဟာအောက်ရှိ ဩစတြေးလျနှင့် အိန္ဒိယတို့ကဲ့သို့ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် စကားလုံးအသုံးအနှုန်းမှ လက်တွေ့အကောင်အထည်ဖော်မှုနှင့် အဖွဲ့အစည်းအဖြစ်သို့ ပြောင်းလဲလျက်ရှိသည်။

ခြုံ၍ဆိုရလျှင် ဂျပန်နိုင်ငံသည် ဟာ့ဒ်ဝဲပံ့ပိုးမှု၊ ထောက်လှမ်းရေး မျှဝေမှုနှင့်တပ်ဖွဲ့များ အလည်အပတ်ပြုလုပ်ခြင်းအပါအဝင် အာရှ-ပစိဖိတ် နိုင်ငံအများအပြားနှင့် ပိုမိုကျယ်ပြန့်သော လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ၎င်းသည် အာရှ-ပစိဖိတ် မဟာဗျူဟာကို မြှင့်တင်ရန်နှင့် ဒေသတွင်း၌ စစ်ရေးအရ စစ်ဆင်ရေးများဆောင်ရွက်ရာတွင် ဒေသတွင်း ပြင်ပအမေရိကန်မဟာမိတ်များ၏ မိတ်ဖက်ဖြစ်သော ဒေသတွင်း အဓိက ကင်းစခန်းတစ်ခု ဖြစ်လာခဲ့သည်။ ဤသက်ရောက်မှုများသည် အလွန်ကြီးမားလာပြီး ၎င်းတို့သည် ဒေသတွင်းနိုင်ငံများကြား အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထိခိုက်စေပြီး ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုပင် သက်ရောက်လာမည် ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

(1) **Indo-Pacific Deployment 2024 Highlights Japan's Naval Diplomacy, The Diplomat.com, April 2024**

(2) **Strategic intents behind Japan's annual overseas deployment, China Military Online, May 2025**

**နေရှား(သုတေသန)**

# မုံရွာခရိုင်တွင် မိုးကြိုကာလ၌ ပဲတီစိမ်း ၉၉၃၁ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် မိုးကြိုကာလ၌ ပဲတီစိမ်း ၉၉၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် မိုးကြိုကာလ၌ ပဲတီစိမ်း ၁၆၃၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဧပြီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၉၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မုံရွာခရိုင်မှာ ပဲတီစိမ်း ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့နဲ့ အထွက်နှုန်း ကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် မိုးကြိုကာလ ပဲတီစိမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၅၈၆ ဧက၊ ဘုတလင်မြို့နယ်တွင် ၈၇ ဧက၊ အရာတော်မြို့နယ်တွင် ၄၃၅ ဧက၊ ချောင်းဦးမြို့နယ်တွင် ၈၈၂၃ ဧက စုစုပေါင်း ၉၉၃၁ ဧက ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးကြိုကာလ မုံရွာခရိုင်တွင် မြို့နယ်အလိုက်ပဲတီစိမ်း စိုက်ပျိုးရန် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၉၇၅ ဧက၊ ဘုတလင်မြို့နယ်တွင် ဧက ၅၀၊ အရာတော်မြို့နယ်တွင် ဧက ၃၅၀၀၊ ချောင်းဦးမြို့နယ်တွင် ဧက ၁၁၈၀၀ စုစုပေါင်း ၁၆၃၂၅ ဧက ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍သိရသည်။ (၂၀၆)

# ကော့မှူးမြို့နယ် လက်ခိုက်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ကော့မှူး မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲရန်အတွက် လက်ခိုက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံ ဝန်ထမ်းက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရန် အချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျုံးဝင်သော စီမံကိန်းလုပ်ငန်းခွဲများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်း ဖြေကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ထို့နောက် ဦးစီးအရာရှိ (နည်းပညာ) ဦးကျော်ညီညီထွန်း ဦးဆောင်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် အတူပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က ပြောပြ၍ သိရသည်။ **အထွေး**






# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်



We Protect The Family

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇





*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။

## အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ စလေပရဟိတ ဘုန်းတော်ကြီးသင်ပညာရေး(တွဲဘက်) အထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော (ဘ)ဦးနိုင်ဝင်း၏သား မောင်ဖြိုးသန့်ဇင်၏အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ မောင်ဖြိုးဝေအောင်ဖြစ်ပါကြောင်း။

မောင်ဖြိုးဝေအောင်(၉/ခမစ(နိုင်)၀၉၁၁၆၁)

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အ.လ.က-ပလိပ်စက်ရုံမြေမှ Grade-6 အောင်မြင်ထားသော မောင်လွင်လင်းလက်အောင်၏ဖခင် ဦးထက်အောင်၏အမည်မှန်မှာ ဦးရှိန်းကိုကိုနှင့် မိခင် ဒေါ်ဖြိုးသော်တာ၏အမည်မှန်မှာ ဒေါ်ဖြူဖြူလှိုင်တို့ဖြစ်ပါကြောင်း။ ဦးရှိန်းကိုကို(၉/စကတ(နိုင်)၀၈၄၂၁၅)

ဒေါ်ဖြူဖြူလှိုင်(၉/သစန(နိုင်)၁၃၂၀၀၂)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက(ခွဲ)ရဲဘော်လေးကျောင်း Grade-6 တန်းတွင် ပညာသင်ကြားနေသော မသိမ့်သိမ့်တုံ၏ဖခင် အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမင်းလွင်ဦးဖြစ်ပါကြောင်း။ ဦးမင်းလွင်ဦး(၉/မခန(နိုင်)၂၈၇၈၆၀)

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိ ချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အ.ထ.က(၃၄)၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ပြည့်ဖြိုးမောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကိုကိုမောင်ဖြစ်ပါကြောင်း။

ဦးကိုကိုမောင်(၉/ခမစ(နိုင်)၁၀၃၀၄၅)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက(၃)ကျောင်း Grade-11 တွင် ပညာသင်ကြားနေသော မလင်းလင်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်မြဖြစ်ပါကြောင်း။

ဦးအောင်မြ(၉/တတဥ(နိုင်)၀၅၀၅၅၅)

## အမည်ပြောင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-7 တွင် ပညာသင်ကြားမည့် (ဘ) ဦးအောင်ဆန်းဦး၏သမီး မမေမြတ်သူအား မပိုးဟေသာထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မပိုးဟေသာထက်

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-မြို့မကျောင်း Grade-12 တန်းတွင် ပညာသင်ကြားနေသော မခင်စိုးလွင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးထွန်းထွန်းခိုင်ဖြစ်ပါကြောင်း။ ဦးထွန်းထွန်းခိုင်(၉/ကဆန(နိုင်)၁၈၀၈၉၈)






## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်ထာဝရ နိုးကြားရှင်သန်နေစေရန် အနုပညာစွမ်းပကားဖြင့် ပူးပေါင်းပါဝင်ပေးကြရန်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် ပြုလုပ်သော (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း**

စာမျက်နှာ- ၁၈


**လျှော်ဘေးသင့်ပြည်သူများအတွက် အလှူငွေဆက်လက်လက်ခံမည့်အစီအစဉ် အသိပေးကြေညာခြင်း**

စာမျက်နှာ- ၂၀

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၂၇

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန်)တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့်လည်းကောင်း၊ မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း စာမျက်နှာ ၂၂ ကော်လံ ၁ ❑




## အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာကြား ရထားလမ်းချော်ကျပြီး လမ်းပိုင်းပျက်စီးခဲ့မှု ပြုပြင်ပြီးစီး၍ ရန်ကုန်-မော်လမြိုင်-ရန်ကုန် ရထားများပြန်လည်ပြေးဆွဲ




နေပြည်တော် မေ ၂၇

ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းအတွင်းရှိ မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာကြား အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် အမှတ်(ဖ၈၇)အစုန် ကျောက်ရထား လမ်းချော်ကျမှုဖြစ်ပွားခဲ့ပြီး သိမ်ဆိပ်နှင့် ဒုံဝန်းရထားလမ်းပိုင်းကို မေ ၂၅ ရက်မှစ၍ ယာယီပိတ်ထားခဲ့ရသဖြင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန်ပြေးဆွဲနေသော အမှတ်(၈၁) အဆန်၊(၈၂)အစုန်လူစီးရထားများ ယာယီရပ်နားခဲ့ရသည်။

မြန်မာ့မီးရထားအနေဖြင့် ယာယီပိတ်ထားရသည့် ရထားလမ်းပိုင်းအတွင်း ရထားစီးခရီးသွားပြည်သူများအဆင်ပြေစွာခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များအဆင်ပြေစွာသယ်ယူပို့ဆောင်ပေးနိုင်ရေးအတွက် မြန်မာ့မီးရထားတာဝန်ရှိသူများနှင့် လုပ်သားများက လမ်းချော်ကျခဲ့သည့် ကျောက်ရထားကို ပြန်လည်မတင်ခြင်း၊ ရထားလမ်းပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို မေ ၂၅ ရက်မှ ယနေ့ထိ

စာမျက်နှာ ၂၂ ကော်လံ ၄☆

SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၃၄၀
E-Mail : scfg.kyaukse@gmail.com

